# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၄၆)ရက်မြောက်နေ့ အစီအစဉ်

# [ ၆–၁၀–၂၀၁၆ ] ( ကြာသပတေးနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၏ **လက်ရှိအခြေအနေတွင် ဒေသတွင်း အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက် တိုက်ခိုက်မှုများ ကြုံတွေ့နေရပါသဖြင့် မြန်မာနိုင်ငံပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၏ **၁၉၇၂ ခုနှစ်က လူထုလုပ်အားဖြင့် ဖော်ထုတ်ခဲ့သော ငါးမွေးကန်နှင့် လယ်ကွက်ကို ဒေသခံအာဏာပိုင် အဆက်ဆက်တို့က သိမ်းယူခဲ့ပြီး သီးစားချထားပိုင်ခွင့် ရှိပါသလား၊ မူရင်းမူလပိုင်ရှင်များထံ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **စံချိန်စံညွှန်းမပြည့်မီသော အရက်များ ထုတ်လုပ်ရောင်းချခြင်းနှင့် တရားမဝင် အရက်ဆိုင်၊ ထန်းရည်ဆိုင်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်၏ **ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများအနေဖြင့် မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များ၊ နိုင်ငံတော်အထိမ်းအမှတ် အခမ်းအနားပွဲများနှင့် ဒေသတွင်းအားကစားပြိုင်ပွဲတို့အတွက် သီးသန့်ရန်ပုံငွေတစ်ရပ် ထူထောင်ပြီး ကျင်းပဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာစိုင်းမောက်ခမ်း၊ လားရှိုး မဲဆန္ဒနယ်၏ **လားရှိုးမြို့မှ စွန့်ပစ်အမှိုက်ပုံကို ကျန်းမာရေးနှင့်ညီညွတ်သည့် နည်းစနစ်ဖြင့် စွန့်ပစ်ရှင်းလင်းပေးမည့် အစီအစဉ်အား သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်ကျော်ဇံ၊ ပေါက်တော မဲဆန္ဒနယ်၏ **ပေါက်တောမြို့နယ်အတွင်း စီးပွားရေးလုပ်ငန်းရှင်များ တရားမဝင်ရယူထားသော ကျွဲ၊ နွား၊ စားကျက်မြေများနှင့် ရွာပုံချောင်း(ရွာသားကမ်းပိုင်) များကို မူလပိုင်ရှင် ကျေးရွာအုပ်စုများ၊ ကျေးရွာများသို့ လွှဲအပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစိုင်းဘသိန်း၊ လင်းခေး မဲဆန္ဒနယ်၏ **လင်းခေးမြို့ပေါ်ရှိ ဒေသစရိတ်ခံစားခွင့် ရုပ်သိမ်းခြင်းခံရသော မြို့နယ်အဆင့် ဌာနဆိုင်ရာ (၁၈) ဌာနမှ ဝန်ထမ်း ၂၇၈ ဦးတို့ကို ပြန်လည်စိစစ်၍ ခံစားခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါ်နီရွှေလျန်း၊ ထန်တလန် မဲဆန္ဒနယ်၏ **ထန်တလန်မြို့နယ်ရှိ နာရိန်းကျေးရွာအား မြို့အဖြစ်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည် ပေးပို့သော **"မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၄၆)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်
## (၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၁၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၆.၄၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးခင်မောင်သီ၊ လှိုင်လင်မဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၁၁ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၂ ရက်၊

(၂) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၂ ရက်၊

(၃) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၄) လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် ခွင့် ၁ ရက်နှင့်

(၅) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ် ခွင့် ၂ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၀ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၁၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လက်ရှိအခြေအနေတွင် ဒေသတွင်း အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက် တိုက်ခိုက်မှုများ ကြုံတွေ့နေရပါသဖြင့် မြန်မာနိုင်ငံပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီးမှ ... 

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မျက်မှောက်ခေတ်နိုင်ငံတကာ စာမျက်နှာမှာကြည့်မယ်ဆိုရင် နိုင်ငံအသီးသီးမှာ အစွန်းရောက်အကြမ်းဖက်အဖွဲ့တွေက အကြမ်းဖက် တိုက်ခိုက်မှုတွေ၊ ဖောက်ခွဲမှုတွေကို နေ့စဉ်ကြုံတွေ့ရလျက်ရှိတာကို တွေ့ရပါတယ်။ ဒီအစွန်းရောက် တိုက်ခိုက်မှုတွေဟာ သမားရိုးကျနည်းလမ်းကို အသုံးပြုသလို ခေတ်မီနည်းပညာများကိုလည်း အသုံးပြု ပြီး ဆောင်ရွက်လာကြတဲ့အတွက် ကမ္ဘာကြီးရဲ့ငြိမ်းချမ်းရေး၊ လုံခြုံရေးကို ထိခိုက်လာမှာ ဖြစ်ပါတယ်။ ဒီအခြေအနေနှင့်စပ်လျဉ်းပြီးတော့ မြန်မာနိုင်ငံအပေါ်မှာလည်း အကြမ်းဖက်လုပ်ရပ်များအတွက် အခြိမ်းခြောက်ခံရခြင်း၊ အကြေညာခံရခြင်းများ ပြုလုပ်ခံထားရတဲ့အတွက် မြန်မာနိုင်ငံအတွင်းနေထိုင် ကြတဲ့ပြည်သူများ ဘေးကင်းလုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကို များစွာထိခိုက်လာနိုင်တဲ့အတွက် ကြိုတင် ကာကွယ်ခြင်း၊ စီမံမှုများဆောင်ရွက်ခြင်း၊ ထိရောက်စွာကိုင်တွယ်ဖြေရှင်းခြင်းတို့ကို ဆောင်ရွက်ထား နိုင်ဖို့အတွက် ရည်ရွယ်ပြီးတော့ တင်ပြပါမေးခွန်းကို ကျွန်တော် မေးခြင်းဖြစ်ပါတယ်။ ကမ္ဘာတစ်ဝှမ်း လတ်တလောဆောင်ရွက်ခဲ့တဲ့ အကြမ်းဖက်မှုများကို ဆက်လက်တင်ပြသွားပါမယ်။ Power point အသုံးပြုခွင့်ပြုပါခင်ဗျား။ တင်ပြပါ Figure ကြည့်မယ်ဆိုရင်တော့ ကျွန်တော်ဒီနေ့မေးတဲ့မေးခွန်းသည် ၂ ရက် ၈ လက အရေးကြီးအဆိုအနေနဲ့တင်သွင်းပါတယ်။ ခွင့်မပြုတဲ့အတွက် ၄ ရက် ၈ လမှာ အဆို အနေနဲ့ပြန်လည်ပြင်ဆင်တင်သွင်းပါတယ်။ ခွင့်မပြုတဲ့အတွက် ၁၁ ရက် ၈ လမှာ ကျွန်တော် မေးခွန်း ပြင်ဆင်ပြီးတော့ တင်သွင်းပါတယ်။ ဒါကြောင့်မို့ ကျွန်တော်ရဲ့ Figure သည် End of July ထိပဲ ပါဝင်ပါတယ်။ ဒီ့နောက်ပိုင်းမှာဖြစ်တဲ့ ဖြစ်စဉ်တွေသည်လည်း အများကြီးပဲရှိကြောင်း တင်ပြအပ်ပါ တယ်။ တင်ပြပါမှာဆိုရင် နိုင်ငံ ၁၁ နိုင်ငံဖြစ်ခဲ့တဲ့ဖြစ်စဉ်များနဲ့ သေဆုံးဒဏ်ရာရရှိစာရင်းပဲဖြစ်ပါတယ်။ လစ်ဗျားမှာ အကြမ်းဖက်ခဲ့တဲ့ မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ ဆီးရီးယားနိုင်ငံမှာအကြမ်းဖက်ခဲ့တဲ့ မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ ဘယ်လ်ဂျီယံနိုင်ငံမှာဖြစ်ပွားခဲ့တဲ့ မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ ယီမင်နိုင်ငံမှာ အကြမ်းဖက်ခဲ့တဲ့မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ အီရတ်နိုင်ငံမှာ အကြမ်းဖက်ခဲ့တဲ့

မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံမှာ အကြမ်းဖက်ခဲ့တဲ့မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ တူရကီနိုင်ငံမှာ အကြမ်းဖက်ခဲ့တဲ့မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ အာဖဂန်နစ္စတန်မှာ ဖြစ်ခဲ့တဲ့မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်မှာဖြစ်ခဲ့တဲ့ မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ ဂျာမနီဖြစ်ခဲ့တဲ့ မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံမှာ အကြမ်းဖက်ခဲ့တဲ့ မှတ်တမ်းဓာတ်ပုံများဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒီ အယ်လ်ခိုင်းဒါးခေါင်းဆောင် အာမန်အယ်ဇဝါဟာရီဟာဆိုရင် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့မှာ ကျင်းပတဲ့ ညီလာခံတစ်ခုမှာ အိန္ဒိယ၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများကို အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ဖို့အတွက် အယ်လ်ခိုင်းဒါး(အိန္ဒိယအဖွဲ့ခွဲ)အား အသင့်ဖွဲ့စည်းထားပြီးဖြစ်ကြောင်းနှင့် အကြမ်းဖက်တိုက်ခိုက်မည်ဖြစ်ကြောင်း Online Media မှာ ၅၂ မိနစ်ကြာ ပြောကြားခဲ့တာကို တွေ့ရှိရပါတယ်။ ဒီအိန္ဒိယနယ်စပ်မှာရှိတဲ့ အဖွဲ့များဟာဆိုရင် သီးခြားရပ်တည် နေတဲ့အဖွဲ့တစ်ဖွဲ့အနေနဲ့ ဖွဲ့စည်းနိုင်ခြင်းမရှိသော်လည်း နောင်နှစ်နှစ်ခန့်မှာ တစ်ဖွဲ့တည်းဖြင့် ရပ်တည်သွားမည်ဖြစ်ကြောင်းစသည်ကို လည်းပြောကြားခဲ့ပါတယ်။ ၂၀၁၄ ကဖြစ်တဲ့အတွက်၂၀၁၆ သူတို့ပြောတဲ့ နှစ်နှစ် စက်တင်ဘာလမှာ ပြည့်ပါပြီခင်ဗျား။ ၃၁-၇-၂၀၁၆ ရက်နေ့မှာဆိုရင် စင်ကာပူနိုင်ငံထုတ် The Straight Time သတင်းစာမှာဆိုရင် မြန်မာနိုင်ငံ၌ အကြမ်းဖက်စစ်ပွဲဆင်နွှဲသင့်ကြောင်းတိုက်တွန်းမှုအပါအဝင် အစွန်းရောက်ဝါဒများ၊ အွန်လိုင်းမှာဖြန့်ဝေရေးသားနေသူ စင်ကာပူနိုင်ငံသား မိုဟာမက်ရှရစ်ကဆိုရင် စင်ကာပူပြည်တွင်း လုံခြုံရေးအက်ဥပဒေနှင့် အရေးယူဖမ်းဆီးခဲ့ကြောင်းလည်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှာ အကြမ်းဖက်အဖွဲ့အစည်းများ၊ အဖျက်အမှောက်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာမှာ ပြစ်မှတ်အနေနဲ့ လူစည်ကားတဲ့ လေဆိပ်၊ ဘူတာရုံ၊ ကုန်တိုက်စသည်ဖြင့် နောက်ဆုံး Day/Night Club တွေမှာတောင် ပါပါတယ်။ နည်းလမ်းတွေဟာဆိုရင်လည်း နည်းလမ်းပေါင်းစုံ နောက်ဆုံးသမားရိုးကျနည်းလမ်း မော်တော်ယာဉ်နဲ့တိုက်သတ်တဲ့နည်းလမ်းတွေလည်း ပါပါတယ်။ ဒါကြောင့်မို့လို့ ဘယ်အချိန်မှာဖြစ်နိုင်သလဲ။ အချိန်တိုင်းမှာဖြစ်နိုင်ပါတယ်။ ဘယ်နေရာမှာဖြစ်နိုင်သလဲ။ နေရာတိုင်းမှာဖြစ်နိုင်ပါတယ်။ ဘယ်နည်းလမ်းတွေသုံးမလဲ။ နည်းလမ်းတကာပေါင်းစုံကို အသုံးပြုနိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ လက်ရှိအခြေအနေမှာ ဒေသတွင်းအိမ်နီးချင်းနိုင်ငံအပါအဝင် အစွန်းရောက်အကြမ်းဖက်တိုက်ခိုက်မှု တွေဖောက်ခဲ့ဖို့အတွက် စိုးရိမ်ရတဲ့ Security Point of View ကကြည့်မယ်ဆိုရင် စိုးရိမ်ရတဲ့အနေအထားရှိတဲ့အတွက် ကျွန်တော်အောက်ပါမေးခွန်းကို တင်ပြခြင်းဖြစ်ပါတယ်။ လက်ရှိအခြေအနေတွင် ဒေသတွင်း အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများ ကြုံတွေ့နေရပါသဖြင့် မြန်မာနိုင်ငံပြည်သူများဘေးကင်းလုံခြုံရေးအတွက် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော် များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မက်မန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး မေးမြန်းခဲ့တဲ့မေးခွန်းအပေါ် ပြန်လည် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ အကြမ်းဖက်တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းတွေကို ထိရောက်စွာဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၃)နဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ကုလသမဂ္ဂရဲ့ ကွန်ဗင်းရှင်း ၁၂၄၀၊ ၁၃၇၃၊ ၁၄၃၈ တို့အပေါ်မှာ အခြေခံပြီး ရေးဆွဲပြဋ္ဌာန်းထားရှိခဲ့ပြီးဖြစ်ပါတယ်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅ အရ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ်(၁၁၉/၂၀၁၅)နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ အဖွဲ့ဝင် ၃၄ ဦးပါသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကိုလည်း ဖွဲ့စည်းထားရှိခဲ့ပါတယ်။ လက်ရှိအစိုးရသစ်လက်ထက်မှာလည်း ဝန်ကြီးဌာနများ ပြင်ဆင်ပြောင်းလဲမှုအရ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့ ရက်စွဲ၊ အမိန့်ကြော်ငြာစာအမှတ်(၅၉/၂၀၁၆)နဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့်

အဖွဲ့ဝင် ၃၂ ဦးနဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းထားရှိကြောင်း တင်ပြအပ်ပါတယ်။

အကြမ်းဖက်မှုဖြစ်စဉ်များဖြစ်ပွားလာပါက အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက် သတင်းရဲတပ်ဖွဲ့မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာန(Counter Terrorism Department)ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှာ ဖွဲ့စည်းပြီးတော့ ကယ်ဆယ်ရေး၊ ချေမှုန်းရေး စတဲ့လုပ်ငန်းစဉ်တွေ ဆောင်ရွက်နိုင်ဖို့အတွက် စုဖွဲ့ပြင်ဆင်လေ့ကျင့်မှုများ ဆောင်ရွက်စေလျက်ရှိပါတယ်။ ၎င်းအဖွဲ့အနေနဲ့ မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုပုံစံမျိုးစုံဖြစ်ပေါ်လာပါက လျင်မြန်ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ရည်မှန်းချက်လေးရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးအန္တရာယ်ကို ထိရောက်စွာ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အနေနဲ့ အောက်ပါလုပ်ငန်းစဉ်များကို ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း တင်ပြအပ်ပါတယ်။ (၁)အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားလာပါက အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် သတင်းရဲတပ်ဖွဲ့တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာန(Counter Terrorism Department) အဖြစ်ဖွဲ့စည်းပြီး ကယ်ဆယ်ရေး၊ ချေမှုန်းရေး ဆောင်ရွက်နိုင်ရန်အတွက် စုဖွဲ့ပြင်ဆင်လေ့ကျင့်စေပြီး တာဝန်များထမ်းဆောင်စေလျက်ရှိပါတယ်။ (၂) နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့တွင် အရေးကြီးနေရာများအဖြစ် သတ်မှတ်ပြီး အထူးလေ့ကျင့်ပေးထားသော အကြမ်းဖက်မှုနှိမ်နင်းရေး တပ်ဖွဲ့စုများကို ဖွဲ့စည်းတာဝန်ချထားရှိပါတယ်။ (၃) အရေးကြီးအဆောက်အအုံ၊ ဘာသာရေးအဆောက်အအုံ၊ စက်ရုံ/အလုပ်ရုံ၊ တံတားများ အရေးကြီးပုဂ္ဂိုလ်များ၏ လုံခြုံရေးဆိုင်ရာစီမံချက်များကိုလည်း အသေးစိတ်ရေးဆွဲပြီး လုံခြုံရေးတာဝန်များကို ပုံမှန်ထမ်းဆောင်စေလျက်ရှိပါတယ်။ (၄) နိုင်ငံတကာအကြမ်းဖက်မှုသတင်းများ အချိန်နှင့်တစ်ပြေးညီရရှိစေရေး Interpol၊ Aseanapol အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဘက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်သတင်းဖလှယ်ခြင်းများကို အဓိကထားဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအကြမ်းဖက်မှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် သတင်းဖလှယ်မှု အပါအဝင် အင်တာနက်သတင်းများ၊ သတင်းဌာနများ၏ အသံလွှင့်ချက်များမှတစ်ဆင့် သတင်းများ စုဆောင်းတည်ဆောက်ခြင်း၊ Open Sources Media များမှ အကြမ်းဖက်မှုဖြစ်စဉ်နှင့် ပတ်သက်တဲ့ သတင်းစုဆောင်းတည်ဆောက်ခြင်းများကိုပြုလုပ်ပြီး သတင်းအပေါ်စိစစ်သုံးသပ်လျက် ကြိုတင်

ကာကွယ်ရေးအစီအမံများကိုလည်း အခြေအနေနှင့်လိုက်လျောညီထွေစွာ ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ (၅) အကြမ်းဖက်မှုများကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်ဖို့အတွက် ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များမှာ Online စနစ်နဲ့ချိတ်ဆက်ထားတဲ့ အမျိုးသားအဆင့်အရေးပေါ် စီမံခန့်ခွဲရေးဗဟိုဌာနကို ၂၀၁၄ ခုနှစ်မှာ နေပြည်တော်မှာထူထောင်ထားရှိပြီး ယူရိုငွေ ၁၀ သန်းတန်ဖိုးရှိတဲ့ သတင်းနည်းပညာသုံး အဆင့်မြင့်စက်ကိရိယာအထောက်အကူပစ္စည်းများကို တပ်ဆင်အသုံးပြုဆောင်ရွက်လျက်ရှိပါတယ်။ (၆) အရေးပေါ်အခြေအနေများဖြစ်ပေါ်လာပါက စီမံခန့်ခွဲနိုင်ဖို့အတွက် အမျိုးသားဆင့် အရေးပေါ်စီမံခန့်ခွဲမှုဗဟိုကော်မတီကို ဒုတိယသမ္မတမှ ဥက္ကဋ္ဌအဖြစ် ပါဝင်ဖွဲ့စည်းပြီး လုပ်ငန်းကော်မတီကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ကော်မတီအသီးသီးကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ (၇) နိုင်ငံတော်အနေနှင့် အကြမ်းဖက်မှုအခြေအနေများနှင့် ကြုံတွေ့လာပါက အမြန်ဆုံးတုံ့ပြန်နိုင်ရေးအတွက် တွေ့ကြုံရနိုင်တဲ့အခြေအနေများကို မျှော်မှန်းပြီး ဗုံးပေါက်ကွဲမှုဖြစ်ပွားလာပါက ဆောင်ရွက်မည့်စီမံချက်၊ ဓာတုဗေဒလက်နက်ဖြင့် တိုက်ခိုက်မှုဖြစ်ပွားပါက ဆောင်ရွက်မည့်စီမံချက်၊ လက်နက်ကိုင်စွဲ ပစ်ခတ်မှုဖြစ်ပွားပါက ဆောင်ရွက်မည့်စီမံချက်၊ ဓားစာခံဖမ်းဆီးရမိမှုဖြစ်ပွားပါက ဆောင်ရွက်မည့်စီမံချက်နှင့် လူထုအမြောက်အမြား ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပွားပါက ဆောင်ရွက်မည့်စီမံချက်များကို ရေးဆွဲဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

(၈) အကြမ်းဖက်မှုလုပ်ရပ်များရဲ့ အရင်းအမြစ်ဖြစ်သော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ဖို့အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းခြင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ အကြမ်းဖက်မှုအုပ်စုများ၊ ယင်းအုပ်စုတို့နှင့် ဆက်သွယ်သူများရဲ့ ငွေကြေးနဲ့ ရန်ပုံငွေများကို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ထိန်းချုပ်နိုင်ဖို့အတွက် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ တားမြစ်မိန့်ထုတ်ပြန်၍ ရန်ပုံငွေများအား စိစစ်ထိန်းချုပ်ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်လည်း ငွေကြေးခဝါချမှုနှင့်

အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ သတင်းအချက်အလက်ဖလှယ်ရေး လုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

(၉) Interpol၊ Aseanapol နှင့် မိတ်ဘက်အဖွဲ့အစည်းများမှ ပေးပို့ထားတဲ့ နိုင်ငံတကာ အကြမ်းဖက်အဖွဲ့အစည်းများနဲ့ အဖွဲ့ဝင်များစာရင်းကို မှတ်တမ်းထားရှိခြင်း၊ နိုင်ငံခြားတိုက်ခိုက်ရေး သမားများ FDF နှင့် အကြမ်းဖက်အဖွဲ့ဝင်များရဲ့အမည်စာရင်း(Black List) စာရင်းရေးသွင်းခြင်း၊ အကြမ်းဖက်သမားများအဖြစ် သံသရဖြစ်ဖွယ်ရှိသူများကို စောင့်ကြည့်စာရင်း(Watch List)များ ရေးသွင်းပြီး စောင့်ကြည့်ခြင်းများ ပြုလုပ်လျက်ရှိပါတယ်။

(၁၀) အပြည်ပြည်ဆိုင်ရာနယ်စပ်ဝင်/ထွက်ပေါက်များမှာ လုံခြုံမှုရှိစေရေးအတွက် Mine Device, Find Device များတပ်ဆင်ပြီး ခရီးသွားများကို အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့(Interpol)နဲ့ ချိတ်ဆက်ပြီး စောင့်ကြည့်စစ်ဆေးလျက်ရှိပါတယ်။ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ လာအိုနိုင်ငံ များနဲ့ ထိစပ်လျက်ရှိတဲ့နယ်စပ်ဒေသတွေမှာ နိုင်ငံအလိုက်နယ်စပ်ဆက်ဆံရေးရုံး BLO(Border Liaison Office)များကို ထားရှိပြီး နယ်စပ်ဝင်/ထွက်မှုများကို သက်ဆိုင်ရာနိုင်ငံများနဲ့ ပူးပေါင်းစစ်ဆေး စောင့်ကြည့်ခြင်း၊ သတင်းဖလှယ်ခြင်း၊ နယ်စပ်ဒေသလုံခြုံရေးပူးပေါင်းဆောင်ရွက်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်လည်း မောင်တော-တက္ကနာ့ဖ် နယ်စပ် ဆက်ဆံရေးရုံး BLO ဖွင့်လှစ်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

(၁၁) အကြမ်းဖက်သမားများကို စောင့်ကြည့်နိုင်ဖို့အတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်များမှာ ရှိတဲ့ အရေးကြီးနေရာတွေမှာ CCTV ကင်မရာများတပ်ဆင်၍ Police Command Centre များမှ စောင့်ကြည့်ကြပ်မတ်စစ်ဆေးလျက်ရှိပါတယ်။ ဒါ့အပြင် ရန်ကုန်မြို့အတွင်းမှာလည်း CCTV ကင်မရာ များကို တပ်ဆင်ပြီး Command Centre များဖွင့်လှစ်ပြီး လုံခြုံရေးဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှုများ ပြုလုပ်နိုင်ရေးလည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။ လေကြောင်းရဲတပ်ဖွဲ့မှလည်း လေဆိပ်များမှာ ခေတ်မီနည်းပညာသုံးလုံခြုံရေးဆိုင်ရာအထောက်အကူပစ္စည်းများတပ်ဆင်ပြီး ၂၄ နာရီတာဝန်ချထား စစ်ဆေးကြပ်မတ်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

(၁၂) အကြမ်းဖက်သမားများ မိမိနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည်ဟူသောသတင်း ရရှိပါက သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ပြီး နောက်ယောင်ခံခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းများအပြင် သက်ဆိုင်ရာနယ်မြေအလိုက် သတင်းအဆက်မပြတ်ရရှိစေရေး အလေးထားစီမံဆောင်ရွက်လျက်ရှိပါ

တယ်။ (၁၃) ယင်းသို့စောင့်ကြည့်စစ်ဆေးနေရာမှရရှိသည့် သတင်းအချက်အလက်များပေါ် မူတည်၍ ပြည်တွင်းပြည်ပအကြမ်းဖက်သမားများရဲ့ ခြိမ်းခြောက်မှု၊ တိုက်ခိုက်မှုအန္တရာယ်နှင့်ပတ်သက်သော နိုင်ငံတကာသတ်မှတ်ချက်စံနှုန်းများနှင့်အညီ သာမန်အခြေအနေအဆင့်(၅) အစိမ်းရောင်အဆင့်မှာ အဆိုးဆုံးအခြေအနေအဆင့်(၁) အနီရောင်အဆင့်ထိ အဆင့်ငါးဆင့်ကိုလည်း သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ (၁၄) အကြမ်းဖက်သမားများရဲ့ အဆင့်အတန်းအခြေအနေကိုလည်း အဆင့်(၁)အလိုရှိသော အနီရောင်အဆင့်မှ အဆင့်(၅)မှုခင်းမှတ်တမ်းရှိသူ အစိမ်းရောင်များအဖြစ်လည်း သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှုများ ဖြစ်ပွားလာပါက ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ပြည်ပနိုင်ငံများရဲ့အစီအစဉ်ဖြင့် ဖွင့်လှစ်တဲ့ အကြမ်းဖက်တိုက်ခိုက်ရေးဆိုင်ရာသင်တန်းပေါင်း ၂၉ ခုမှာ သင်တန်းသား ၃၉၂ ဦး တက်ရောက်လေ့ကျင့်သင်ကြားစေလျက်ရှိပါတယ်။ လက်ရှိမှာလည်း ပြည်ပသင်တန်းများသို့ ဆက်လက်စေလွှတ်တက်ရောက်စေလျက်ရှိပါတယ်။ မြန်မာ့တပ်မတော်မှဖွင့်လှစ်လျက်ရှိတဲ့ အထူးတပ်ဖွဲ့ဝင်သင်တန်းများသို့လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ တက်ရောက်လေ့ကျင့်လျက်ရှိပြီး လိုအပ်လာပါက အကြမ်းဖက်တိုက်ခိုက်မှုများအပေါ် တပ်မတော်နှင့်ပူးပေါင်းချေမှုန်းနိုင်ရေးလည်း ပူးပေါင်းလေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိပါတယ်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းများမှ၊ ကိုယ်စားလှယ်များမှ လာရောက်တွေ့ဆုံဆွေးနွေးမှုများလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ အကြမ်းဖက်မှုတိုက်ခိုက်ရေးနှင့်ဆက်စပ်တဲ့ကိစ္စရပ်များမှာ ဒေသတွင်းနိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ (Counter Terrorism Committee) ရဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အပြည်ပြည်ဆိုင်ရာအကြမ်းဖက်မှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းများမှာလည်း ပါဝင်လက်မှတ်ရေးထိုးထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် Interpol, Aseanapol နဲ့ မိတ်ဖက်အဖွဲ့အစည်းများမှပေးပို့သော နိုင်ငံတကာအကြမ်းဖက်အဖွဲ့အစည်းများနှင့် အဖွဲ့ဝင်စာရင်းများကိုပြုစု၍ မှတ်တမ်းထားရှိခြင်း၊ နိုင်ငံခြားသားတိုက်ခိုက်ရေးသမားများနှင့် အကြမ်းဖက်ဝင်များရဲ့အမည်မဲစာရင်းများ ရေးသွင်းထားရှိခြင်း၊ အကြမ်းဖက်သမားများအဖြစ် သံသယဖြစ်ဖွယ်ရှိသူများကို စောင့်ကြည့်စာရင်းရေးသွင်းစောင့်ကြည့်ခြင်းများ ပြုလုပ်လျက်ရှိပြီး နိုင်ငံတကာ၌ဖြစ်ပွားလျက်ရှိသည့် အကြမ်းဖက်ဖြစ်စဉ်များအပေါ်မှာလည်း မျက်ခြေမပြတ်စောင့်ကြည့်လေ့လာသုံးသပ်ကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ

သတင်းကြိုတင်လက်ဦးမှုရရှိရေး၊ လုံခြုံရေးဆိုင်ရာ ကြိုတင်ဟန့်တားမှုတန်ဖိုး(Deterrent Value) ရရှိစေရေးနဲ့ အချိန်တိုအတွင်း လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရေးတို့အတွက် အစီအမံများ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**၁၉၇၂ ခုနှစ်က လူထုလုပ်အားဖြင့် ဖော်ထုတ်ခဲ့သော ငါးမွေးကန်နှင့် လယ်ကွက်ကို ဒေသခံအာဏာပိုင်အဆက်ဆက်တို့က သိမ်းယူခဲ့ပြီး သီးစားချထားပိုင်ခွင့်ရှိပါသလား၊ မူရင်းမူလပိုင်ရှင်များထံ ပြန်လည်စွန့်လွှတ်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ယခင် ၁၉၇၂ ခုနှစ် လူထုလုပ်အားနဲ့ ဖော်ထုတ်ခဲ့တဲ့လယ်ကွက်နဲ့ ငါးမွေးကန်ကို ဒေသခံအာဏာပိုင်အဆက်ဆက်တို့က သိမ်းယူခဲ့ပြီး ယခုလက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်အမည်ပေါက်နဲ့ လယ်ကွက်ကို သီးစားချခွင့်ရှိပါသလား။ ပြန်လည်စွန့်လွှတ်ရန်ရှိ/မရှိနှင့် ပတ်သက်တဲ့မေးခွန်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သိန္နီမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကြာကန်ကြီးရဲ့ဘေး ယခင် မြေလွတ်၊ မြေရိုင်းနေရာကို လွန်ခဲ့တဲ့ ၁၉၇၂ ခုနှစ်က ကိုယ်ထူကိုယ်ထ လူထုလုပ်အားနဲ့ ရပ်ကွက်ပိုင် လယ်မြေအဖြစ် စတင်ဖော်ထုတ်ခဲ့ပါတယ်။ လယ်မှရရှိလာသော စပါးကို ရပ်ကွက်ဘုန်းတော်ကြီးကျောင်း ကျောင်းဆိုင်ကျောင်းဆရာတော်ထံကို လှူဒါန်းပါတယ်။ လယ်ကို ကျောင်းဝေယျာဝစ္စပြုလုပ်နေတဲ့ ပန်းဒါယိကာ ဦးကံဦးဆိုသူက လုပ်ကိုင်ပါတယ်။ ဦးကံဦးကွယ်လွန်သွားတဲ့အခါ လယ်ကို ကျောင်းအတွက် ထောက်ပံ့ခြင်းမဟုတ်၊ လက်နက်ကိုင်တော်လှန်ရေးကို ထောက်ပံ့တယ်လို့ အကြောင်းပြပြီးတော့မှ ပြည်သူ့ကောင်စီခေတ်၊ ကောင်စီဥက္ကဋ္ဌ ဦးစိုင်းထွန်းလှမှ ၁၉၈၀ ခုနှစ်မှာ လယ်ကို သိမ်းယူခဲ့ပါတယ်။ ဦးစိုင်းထွန်းလှမှ မြို့နယ်စိုက်ပျိုးရေးဌာနက ဦးဇာမောင်ကို ပြန်လည်လွှဲပြီးတော့ လုပ်ကိုင်စေခဲ့ပါတယ်။ လယ်ကနေ ထွက်လာတဲ့ စပါးကို ဘုန်းတော်ကြီးကျောင်းအတွက် လှူဒါန်းခြင်းမရှိတော့ပါ။ အဲဒီနောက်ပိုင်း မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဦးလှအောင်ထွေးကို လွှဲပြောင်းပေးပြီးတော့ လေးနှစ်

ကြာအောင် လုပ်ကိုင်စေခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့အစိုးရလက်ထက်မှာ မြို့နယ်ရုံးမှ ၎င်းအများပိုင်လယ်မြေဧက ၁.၅၀ ဧကကို အပြီးအပိုင် သိမ်းယူပြီးတော့ လယ်မြေဂရန် ဦးပိုင်အမှတ်(၆/၁၃)၊ ကွင်းအမှတ်၊ မြို့အကွက်၊ ကျူးပါ လုပ်ထားပြီး ဖြစ်ပါတယ်။ ၎င်းလယ်ကွက်ကို သိန္နီမြို့၊ (၂)ရပ်ကွက်နေထိုင်သူ ဦးအေးထွမ်း၊ ၁၃/သနန(နိုင်) ၀၀၃၄၁၆ အား သီးစားတစ်နှစ်လျှင် စပါးတင်း ၄၀ ဖြင့် ငှားရမ်းလုပ်ကိုင်စေပါတယ်။ လက်ရှိ လယ်ကွက်ဟာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် အမည်ပေါက်ဖြစ်နေပါတယ်။ အမှတ်(၂) ရပ်ကွက်လူထုရဲ့ပြန်လည်တောင်းဆိုမှုကြောင့် ၂၀၁၄ ခုနှစ်မှစပြီးတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး မှူး ဦးဝင်းလှိုင်မှ မိမိတို့ရရှိတဲ့ တစ်နှစ်သီးစားခစပါးတင်း ၄၀ ရဲ့ထက်ဝက်ဖြစ်တဲ့ တင်း ၂၀ ကို ရပ်ကွက်ပြည်သူလူထုထံ ပြန်လည်ခွဲဝေပေးခဲ့ပါတယ်။ အခု ၂၀၁၆ ခုနှစ်အထိဆိုရင် ရပ်ကွက်လူထုက နေ စပါးတင်း ၆၀ ကို ပြန်လည်ရရှိခဲ့ပါတယ်။ ရပ်ကွက်(၂)လူထုက ပိုင်ဆိုင်ခဲ့တဲ့ လယ်မြေ၊ ငါးကန် အပါအဝင် ၁.၅၀ ဧကကို ပြန်လည်ရရှိရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ထံသို့ ၎င်းတို့ တင်ပြထားတဲ့စာနဲ့အတူ လူထု ၂၀၉ ဦးက လက်မှတ်ရေးထိုးပြီးတော့ တောင်းဆိုထားတဲ့မှတ်တမ်းကိုပါ ကျွန်တော်တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ ၁၉၇၂ ခုနှစ်ကတည်းက လူထုအားနဲ့ ဖော်ထုတ်ခဲ့တဲ့လယ်ကွက်ကို ဒေသခံအာဏာပိုင်အဆက်ဆက်တို့က သိမ်းယူခဲ့ပြီး သီးစားချထားပိုင် ခွင့်ရှိပါသလား။ ၎င်းမြေကို မူလပိုင်ရှင်ထံသို့ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိပါသလား၊ စွန့်လွှတ်ရန်မရှိပါက အဘယ်ကြောင့်နည်း၊ ပြန်လည်စွန့်လွှတ်ပေးပါက မည်သည့်အချိန်ကာလတွင် စွန့်လွှတ်ပေးမည်ကို ပြည်သူလူထုများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း အပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း မေးမြန်းခဲ့တဲ့မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်း ဖြေကြားသွားပါမယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၅) ဈေးတန်း၊ ဦးပိုင်အမှတ်(၁၃) ဧရိယာ ၁.၅၀ ဧက၊ ပေ ၁၂၀ ပတ်လည်ရှိတဲ့ ငါးမွေးမြူရေးကန်တစ်ကန်

ဟာ ယခင်က မြေလွတ်မြေရိုင်းမြေအမျိုးအစားဖြစ်ခဲ့ပြီးတော့ ၁၉၈၄ ခုနှစ်မှာ အမှတ်(၂)ရပ်ကွက် ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးကျော့ဝူးမှ အဆိုပါမြေလွတ်မြေရိုင်းများကို ရပ်ကွက်လူထုလုပ်အားနှင့် လယ်မြေနှင့် ငါးကန်အဖြစ်ဖော်ထုတ်ပြီး မိုးစပါးစိုက်ပျိုးခဲ့ပါတယ်။ ထွက်ရှိသည့်စပါးများကို ကျောင်းဆိုင် ၏ကျောင်းတိုက်သို့ လှူဒါန်းခဲ့ကြောင်းသိရှိရပါတယ်။ သို့သော် ၁၉၈၆ ခုနှစ်မှာတော့ မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးစိုင်းထွန်းလှ(ယခု ကွန်လွန်)မှ အဆိုပါမြေကို မြို့နယ်စစ်မှုထမ်း ဟောင်းအဖွဲ့သို့ လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်းသိရှိရပါတယ်။ ၁၉၉၅ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှာတော့ အဆိုပါ မြေနှင့်ငါးကန်ကို မြို့နယ်စစ်မှုဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထင်ထံမှ မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလူဖေဝင်းက ဝန်ထမ်းသက်သာရန်ပုံငွေမှ ငွေကျပ် ၉၀၀၀ ဖြင့် စာချုပ်ချုပ်ဆို လွှဲပြောင်းရယူခဲ့ကြောင်းသိရှိရပါတယ်။ ဒီနောက် ဝန်ထမ်းသက်သာရန်ပုံငွေဖြင့် ဝယ်ယူထားတဲ့ မြေကွက်ပျောက်ပျက်သွားခြင်းမရှိစေရေးအတွက် သိန္နီမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဆောင်ရွက်ခဲ့တဲ့အခါမှာ ၁၉၉၄-၁၉၉၅ ခုနှစ်မှစပြီး မြေစာရင်းဦးစီးဌာနရဲ့ဦးပိုင် မှတ်ပုံတင်စာရင်းမှာ သိန္နီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ လယ်ယာမြေအဖြစ် စာရင်း ပေါက်ခဲ့ကြောင်းလည်း သိရှိရပါတယ်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၁၉၉၆ ခုနှစ်အထိ အဆိုပါလယ်ယာမြေကို မိုးစပါးစိုက်ပျိုးခဲ့ပြီးတဲ့နောက်ပိုင်းမှာတော့ အမှတ်(၂)ရပ်ကွက်နေ ဦးစိုင်းအေးထွမ်းနှင့် အကျိုးတူလုပ်ကိုင်ခဲ့စေသည်မှာ ယနေ့တိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရ ပါတယ်။ ထွက်ရှိလာတဲ့စပါးများကိုကြိတ်ခွဲပြီး ဝန်ထမ်းသက်သာအဖြစ်ထောက်ပံ့ပေးခဲ့ပြီး အခု နောက်ပိုင်းမှာတော့ ကျောင်းဆိုင်ဘုန်းကြီးကျောင်းသို့ ၂၀၀၁ ခုနှစ်ကနေ ၂၀၀၆ ခုနှစ်အထိ နှစ်စဉ် တစ်နှစ်လျှင် ဆန်နှစ်အိတ်နှုန်းဖြင့်လည်းကောင်း၊ ၂၀၁၃ ခုနှစ်မှ ယနေ့အချိန်ထိ နှစ်စဉ်ရရှိသော စပါးတင်း ၄၀ မှ တင်း ၂၀ အားလည်းကောင်း လှူဒါန်းလျက်ရှိကြောင်း သိရှိရပါတယ်။

ကျောင်းဆိုင်ဘုန်းကြီးကျောင်းဂေါပကအဖွဲ့ဥက္ကဋ္ဌအနေဖြင့် အဆိုပါမြေနှင့်ပတ်သက်ပြီး ၇-၁-၂၀၁၄ ရက်နေ့မှာ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေ ရေး စုံစမ်းစစ်ဆေးရေးကော်မရှင်သို့တင်ပြခဲ့တဲ့အပေါ်မှာ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှ စိစစ်ပြီး မြေယာအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီသို့ အဆင့်ဆင့်တင်ပြခဲ့တဲ့အခါမှာ အဆိုပါ လယ်မြေနှင့်ပတ်သက်ပြီး မြို့နယ်လယ်မြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနရုံး၏ မှတ်ပုံတင်စာရင်း မှတ်တမ်းအရ ၁၉၉၄-၁၉၉၅ ခုနှစ်မှစ၍ သိန္နီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လယ်ယာမြေအဖြစ်စာရင်းပေါက်နေပြီး မြေခွန်များလည်း ပေးဆောင်လျက်ရှိကြောင်း၊ မြို့နယ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မတရားသိမ်းယူခဲ့ခြင်းမရှိခြင်း၊ ဌာနအမည်ပေါက်ခြင်း၊ လက်ရှိဌာနမှ စိုက်ပျိုးလျက်ရှိခြင်းတို့ကြောင့် အကြောင်းအရင်းခိုင်မာမှုရှိပါသဖြင့် စွန့်လွှတ်ပေးရန်မရှိပါကြောင်း တင်ပြခဲ့ကြောင်းလည်းသိရှိရပါတယ်။ ၎င်းအခြေအနေနှင့်ပတ်သက်လို့ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှာ ကျောင်းဆိုင်ဘုန်းကြီးကျောင်းရဲ့ ဂေါပကအဖွဲ့ကိုလည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးမှ ခေါ်ယူအသိပေးရှင်းလင်းပြောကြားခဲ့ကြောင်းလည်း သိရှိရပါတယ်။ အဆိုပါလယ်မြေနှင့်ပတ်သက်၍ ၁၉၈၆ ခုနှစ်တွင် မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌရဲ့ခွင့်ပြုချက်နဲ့ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့သို့ လုပ်ကိုင်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး သိမ်းယူခဲ့ခြင်းမဟုတ်ကြောင်း ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးနည်းဥပဒေအပိုဒ် ၁၁ အရ ကျေးရွာအုပ်ချုပ်ရေးမြေယာချထားရေးကော်မတီနှင့် မြို့နယ်မြေယာချထားရေးကော်မတီတို့သည် သီးစားချထားပေးပိုင်ခွင့်ရှိသည့်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအချိန်က မြို့နယ်ပြည်သူ့ကောင်စီသည် မြေယာချထားရေးကော်မတီ၏ တာဝန်များကို တာဝန်ယူဆောင်ရွက်လျက်ရှိသဖြင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့သို့ လုပ်ပိုင်ခွင့်ချထားပေးခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် မြို့နယ်အုပ်ချုပ်ရေးရုံးအနေဖြင့်လည်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် ဆောင်ရွက်ခဲ့ခြင်း မဟုတ်ဘဲ မူလရည်ရွယ်ချက်အတိုင်း ကျောင်းဆိုင်ဘုန်းကြီးကျောင်းသို့ ဆွမ်းအခက်အခဲမရှိစေရန် ဆက်လက်လှူဒါန်းမှုများဆောင်ရွက်လျက်ရှိသည့်အပြင် ဝန်ထမ်းသက်သာချောင်ချိရေးအတွက်လည်း တစ်စိတ်တစ်ပိုင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်းသိရှိရပါတယ်။ သို့ပါ၍ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အနေဖြင့် ၁၉၉၅ ခုနှစ်တွင် ဌာနသက်သာရန်ပုံငွေမှ ကာလပေါက်ဈေးတန်ဖိုးနှင့်အညီ စာချုပ်ချုပ်ဆို၍ ပြန်လည်လွှဲပြောင်းရယူခဲ့ပြီး နှစ်စဉ်မြေခွန်ပေးဆောင်ထားသည့် ဌာနအမည်ပေါက်မြေဖြစ်ခြင်း၊ ဌာနပိုင်လယ်မြေဖြစ်သော်လည်း မူလရည်ရွယ်ချက်ဖြစ်သော ကျောင်းဆိုင်ဘုန်းကြီးကျောင်းဆွမ်းအခက်အခဲမရှိစေရန်နှင့် နှစ်စဉ်ရရှိသောစပါးများ၏ ထက်ဝက်ကို ဆက်လက်လှူဒါန်းလျက်ရှိခြင်းတို့ကြောင့် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စံချိန်စံညွှန်းမပြည့်မီသော အရက်များ ထုတ်လုပ်ရောင်းချခြင်းနှင့် တရားမဝင်အရက်ဆိုင်၊ ထန်းရည်ဆိုင်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စံချိန်စံညွှန်းနှင့်မပြည့်မီသော အရက်များကို ထုတ်လုပ်ရောင်းချခြင်း၊ သောက်သုံးခြင်းများကို နိုင်ငံအနှံ့အပြားတွင် စိတ်မကောင်းစွာ တွေ့ရှိနေရပါတယ်။ အချို့သောအရက်ချက်စက်ရုံများသည် လူနေထူထပ်သောနေရာများ၊ ရက်ကွက်များ၊ မြို့နယ်များတွင် တည်ဆောက်ထုတ်လုပ်နေကြပါတယ်။ ထုတ်လုပ်တဲ့နေရာမှာလည်း မသမာသော နည်းလမ်းများဖြင့် ဓာတုပစ္စည်းများထည့်၍ပေါင်းခြင်း၊ ချက်ခြင်းများ ပြုလုပ်နေကြပါတယ်။ ဈေးကွက်အတွင်းအမြန်ရောက်အောင် နည်းမျိုးစုံအသုံးပြုပြီးတော့ ထုတ်လုပ်နေကြတာကိုလည်း ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြားတိုင်းပြည်များမှာ အရက်ကို အလွယ်တကူဝယ်ယူလို့မရအောင် နည်းမျိုးစုံနှင့် ပိတ်ပင်တားဆီးခြင်း၊ ဈေးနှုန်းမြင့်အောင် အခွန်အကောက်များမြှင့်ခြင်းများ ပြုလုပ်နေပါတယ်။ ဥပမာ- နော်ဝေလို တိုင်းပြည်မှာဆိုလို့ရှိရင် အရက်ဝယ်ယူရန် အင်မတန်မှ ခဲယဉ်းအောင် ပြုလုပ်ထားပါတယ်။ သို့သော်လည်း ကျွန်တော်တို့ တိုင်းပြည်မှာ အရက်ဆိုင်၊ ဘီယာဆိုင်၊ ထန်းရည်ဆိုင်များသည် လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်ထက်ပင် များပြားနေတာကို တွေ့ရှိရပါတယ်။ အရေးကြီးတာက ၁၈ နှစ်မပြည့်သေးသောလူငယ်များကို ရောင်းချခြင်းဖြစ်ပါတယ်။ အချို့ဆိုင်များတွင် ၁၈ နှစ်အောက်လူငယ်များကို တရားဝင်ထိုင်ပြီးသောက်သုံးနေတာတောင် တွေ့ရှိနေရပါတယ်။ ဒါတွေဟာ ဥပဒေနှင့်အညီ ဆောင်ရွက်သင့်ပါတယ်။ ဒီ့ထက်ပိုဆိုးတာက BE လို အဆီတွေကို ဈေးကွက်အတွင်းမှာ လက်လီလက်ကားရောင်းချနေပြီး အချို့သောလိုင်စင်ရအရက်ဆိုင်များတွင် အဆီလိုက်ရောင်းချခြင်းပင် ဖြစ်ပါတယ်။ တချို့က BE ကို BE လို့တောင် မခေါ်တော့ပါဘူး။ မအိုဆေးလို့လည်း ခေါ်ပါတယ်။ ဖော့ရှောလို့တောင် ခေါ်နေကြပါပြီ။ BE လို အရက်ဆီမျိုးကို ဈေးနှုန်းချိုသာစွာ အလွယ်တကူဝယ်ယူရရှိပြီး မိမိအိမ်မှာဖြစ်သလို ရေနဲ့ချက်ချင်းစပ် ချက်ချင်းသောက်သဖြင့် သက်တမ်းစေ့မနေရတော့ပါ။ အမှန်က ရေးချက်အေးနှင့်စပ်ပြီး ၇၂ နာရီအကြာထားပြီးမှ သောက်ရမယ့်အစား ချက်ချင်းသောက်သဖြင့် BE သောက်သုံးသူအများစု သေဆုံးနေရခြင်းဖြစ်ပါတယ်။ အခုလို သောက်သုံးသူအများစုဟာ ဆင်းရဲသားလူတန်းစားအများစုဖြစ်ပါတယ်။ ဒါတွေရဲ့ အဓိကပြဿနာကဘာလဲဆိုတော့ ပညာဗဟုသုတနည်းပါးခြင်း၊ စီးပွားရေးအဆင်မပြေခြင်းတို့အပြင် အလွယ်တကူ

ရရှိပြီး ဈေးနှုန်းချိုသာသောအရက်များကို ချဉ်ချဉ်တူးတူး မူးရင်ပြီးရောဆိုပြီးတော့ သောက်သုံးခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အရက်သောက်သုံးခြင်းကြောင့် ကျန်းမာရေးကို ထိခိုက်တယ်ဆိုတာ အထူးပြောစရာမလိုပါဘူး။ မြန်မာနိုင်ငံဟာ အသည်းကင်ဆာဖြစ်ခြင်းမှာ ကမ္ဘာမှာ ဒုတိယနေရာမှာ ရောက်နေပါပြီ။ တချို့ကပြောနေပါတယ်။ မြစ်တွေချောင်းတွေမှာ နစ်သေတဲ့သူထက် ခွက်ထဲနစ်သေတဲ့သူက ပိုများနေတယ်လို့ ပြောနေပါတယ်။ ရာဇဝတ်မှုတွေလည်း ပိုမိုများပြားနေပါတယ်။ ဒါတွေဟာလည်း အရက်ကြောင့်ပါပဲ။ မောင်နဲ့အစ်မ၊ သားနဲ့အမိ မဖြစ်သင့်တာတွေဖြစ်နေတာ ဒီအရက်ပါပဲ။ ခိုး၊ ဆိုး၊ လုယက်မှု၊ သက်ဖြတ်မှုတွေ၊ များပြားတာလည်း ဒီအရက်ကြောင့်ပါ။ အိန္ဒိယနိုင်ငံမှာ အရက်သေစာကို ဖွဲ့စည်းပုံ Policy ဖြစ်ပြီး အခြေခံဥပဒေမှာထည့်ပြီးတော့ ရေးထားပါတယ်။ အပိုဒ် ၄၇ မှာ လူနေမှုအဆင့်အတန်းနှင့် အာဟာရမြှင့်တင်ပေးရန်မှာ နိုင်ငံတော်၏ မူလတာဝန်ဖြစ်သည့် ဆေးဝါးအလို့ငှာသုံးသူကလွဲ၍ ကျန်းမာရေးကိုထိခိုက်စေနိုင်သော မူးယစ်စေသည့် ဆေးဝါးနှင့်အရက်များအား နိုင်ငံတော်က တားမြစ်ရမည်ဟု ရေးသားထားတာကို တွေ့ရှိရပါတယ်။ မိမိနိုင်ငံ၏ ၂၀၀၈ ခုနှစ်၊ အခြေခံ အခန်း(၁) ပုဒ်မ ၂၈ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးကို တိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်ဟု ပါရှိပါတယ်။ သို့သော်လည်း ယနေ့ ဒီအချိန်မှာ အခြားအခြားသောတိုင်းပြည်များတွင် အရက်နှင့်ပတ်သက်ပြီး စနစ်တကျဥပဒေတွေရေးဆွဲကန့်သတ်ခြင်း၊ အခွန်ကောက်ခြင်း၊ မြှင့်တင်ပြီးတော့ ဝယ်ယူသုံးစွဲရန်မလွယ်ကူအောင် ပြုလုပ်နေပေမယ့် မိမိတို့တိုင်းပြည်မှာတော့ ပေါခြင်း၊ အောခြင်း ကြိုက်သလိုက်ဝယ် ကြိုက်သလောက်သောက် ပီပါလိုက်ဝယ်မလား၊ ဖာလိုက်ကတ်လိုက်ဝယ်မလား၊ ဒါဇင်လိုက်ဝယ်မလား၊ ဂါလန်လိုက်ဝယ်မလား ကြိုက်သလိုဝယ်ယူလို့ရနေပါတယ်။ ယနေ့ အစိုးရသစ်လက်ထက်မှာ ဒါတွေဟာ မဖြစ်သင့်တော့ပါဘူး။ သို့ဖြစ်ပါ၍ စံချိန်စံညွှန်းနှင့်မပြည့်မီသောအရက်များ ထုတ်လုပ်ရောင်းချခြင်းနှင့် တရားမဝင်အရက်ဆိုင်များ၊ ထန်းရည်ဆိုင်များကို စနစ်တကျဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိကို ပြည်သူလူထုကိုယ်စား သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ပွင့်ဖြူမဲနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း မေးမြန်းခဲ့တဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ စံချိန်စံညွှန်းနှင့် မပြည့်မီတဲ့အရက်များ ထုတ်လုပ်ရောင်းချခြင်းနှင့် တရားမဝင်အရက်ဆိုင်၊ ထန်းရည်ဆိုင်များကို အရေးယူဆောင်ရွက်နိုင်ဖို့အတွက် ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ၊ ၁၉၂၈ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးနည်းဥပဒေများ၊ ၁၉၂၉ ခုနှစ် ယစ်မျိုးညွှန်ကြားချက်များ၊ ၁၉၁၇ ခုနှစ် ယစ်မျိုးအက်ဥပဒေအရ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာများနှင့် ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့ကို ပြဋ္ဌာန်းကျင့်သုံးဆောင်ရွက်လျက်ပါတယ်။ ဒါ့အပြင် ယစ်မျိုးဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများဖြစ်တဲ့ ယစ်မျိုးလိုင်စင်ချထားပေးခြင်း၊ ယစ်မျိုးလေလံလိုင်စင်များရောင်းချခြင်း၊ ယစ်မျိုးခွန်များ ပြေကျေစွာကောက်ခံရရှိရေးဆောင်ရွက်ခြင်း၊ ယစ်မျိုးလိုင်စင်များစနစ်တကျရှိစေရေးအတွက် ယစ်မျိုးလုပ်ငန်းများ စစ်ဆေးခြင်း၊ စည်းကမ်းပျက် ယစ်မျိုးလိုင်စင်များပိတ်သိမ်းအရေးယူခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ထုတ်လုပ်ဖြန့်ဖြူးတဲ့ အရက်၊ ဘီယာ၊ ဝိုင်တွေကို အရည်အသွေးမီ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက်ကို အများပြည်သူများ သောက်သုံးရန်မသင့်သော ဓာတုဗေဒပစ္စည်းများပါဝင်ခြင်းရှိ/မရှိ စစ်ဆေးမှုကို လိုင်စင်အမျိုးအစားအလိုက် ဓာတုဗေဒပစ္စည်းပါရှိမှုကို ပြည်ထဲရေးဝန်ကြီးဌာန ဓာတုဗေဒဝန်ရုံးမှလည်းကောင်း၊ အရက်ချက်စက်ရုံးများရဲ့ ထုတ်လုပ်မှုနည်းစနစ်ကို စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှလည်းကောင်း၊ လိုင်စင်ဖြင့်ထုတ်လုပ်တဲ့အရက်၊ ဘီယာ၊ ဝိုင်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှလည်းကောင်း စစ်ဆေးကြပ်မတ်လျက်ရှိပါတယ်။ အရက်ချက်လုပ်သူ၊ ထုတ်လုပ်သူ၊ ယစ်မျိုးလိုင်စင်စီများကို စစ်ဆေးမှုခံယူရန်အတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားရန် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့လည်း ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှာ ထပ်မံညွှန်ကြားထားရှိခဲ့ပြီး တရားမဝင်လိုင်စင်မဲ့ အရက်ဆိုင်နှင့် ထန်းရည်ဆိုင်များကို ဥပဒေနှင့်အညီ စစ်ဆေးဖမ်းဆီး အရေးယူဆောင်ရွက်စေလျက်ရှိပါတယ်။

ယစ်မျိုးဆိုင်ရာစီမံခန့်ခွဲမှုများဆောင်ရွက်ရာမှာ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့အခွန်အခများ အပြည့်အဝရရှိစေရန် လိုင်စင်မဲ့ဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ စနစ်တကျအရေးယူဆောင်ရွက်စေရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် ယစ်မျိုးလိုင်စင်ခွန်များ တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေးအဖွဲ့များကို ဖွဲ့စည်းပြီး စိစစ်အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့အရေးယူဆောင်ရွက်ခဲ့မှုကြောင့် ၂၀၁၄ ခုနှစ်မှာ ယစ်မျိုးအမှုပေါင်း ၁၇၆၈၇ မှု၊ ၂၀၁၅ ခုနှစ်မှာ ၁၉၃၈၉ မှု၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ၆၈၆၄ မှု ဖမ်းဆီးအရေးယူခဲ့ပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးများအနေနဲ့လည်း ယစ်မျိုးခွန်များ အပြည့်အဝကောက်ခံရရှိစေရေး၊ ယစ်မျိုးလိုင်စင်စည်းကမ်းများနှင့်အညီ ရောင်းချရေး၊ လိုင်စင်မဲ့ရောင်းချမှုများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရေးတို့ကိုလည်း ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ယစ်မျိုးဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတရားရုံးအဆင့်ဆင့်မှ ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အရက်၊ ဘီယာ၊ ဝိုင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာမှာ စံချိန်စံညွှန်းမပြည့်မီသော၊ အန္တရာယ်ဖြစ်စေနိုင်သော အရက်၊ ဘီယာ၊ ဝိုင်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းမရှိစေရေးအတွက် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အဆင့်ဆင့်စစ်ဆေးထောက်ခံချက်များရရှိမှသာ အရက်ချက်စက်ရုံများအား နှစ်စဉ်သက်တမ်းတိုးခွင့်ပြုထားကြောင့် သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများအနေဖြင့်လည်း ဓာတုဗေဒဝန်ရုံးနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့တွင် စစ်ဆေးမှုခံယူစေပြီး ထောက်ခံချက်ရရှိမှသာ သက်ဆိုင်ရာယစ်မျိုးလိုင်စင်များကို သက်တမ်းတိုး ခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် တရားမဝင်ယစ်မျိုးသက်ဝင်ပစ္စည်းရောင်းချမှုများကို ဖမ်းဆီးဆောင်ရွက်ခြင်းကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်အစိုးရအဖွဲ့များရဲ့ ကြီးကြပ်မှုနဲ့ ယစ်မျိုးလိုင်စင်ခွန် တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေးအဖွဲ့ (Task Force)များ ဖွဲ့စည်းစစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးမြန်းခွင့်ပြုပါ။ ယခုလို ဝန်ကြီးကနေပြီးတော့ ပြည့်ပြည့်စုံစုံလာဖြေတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ ယခု ကျွန်တော် တစ်ဆက်တစ်စပ်တည်း မေးချင်တာကတော့ အသက် ၁၈ နှစ်အောက်မပြည့်တဲ့ ကလေးသူငယ်တွေကို ရောင်းချတာတွေ။ နောက်တစ်ခုက ဈေးကွက်ထဲမှာ BE

ကို အဆီလိုက်ရောင်းချနေတာကို မည်သို့မည်ပုံ ဆက်လက်အရေးယူဆောင်ရွက်မယ်ဆိုတာကို သိရှိလို သောကြောင့် မေးမြန်းလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ယစ်မျိုးပြင်ဆင်သည့် ဥပဒေမှာလည်း အထက်ပါအချက်များ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အသက် ၁၈ နှစ်မပြည့်သေးတဲ့ သူများလည်း အရက်ရောင်းချခွင့် လုပ်ငန်းလုပ်ဆောင်မှုတွေနဲ့ တရားမဝင်ဆိုင်ဖွင့်လှစ်ရောင်းချမှုတွေ ကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေက အဆင့်ဆင့်ဖွဲ့စည်းထားတဲ့ မြို့နယ်အဆင့်၊ ခရိုင်အဆင့်အထိ ဖွဲ့စည်းထားတဲ့ စိစစ်ကြပ်မတ်ရေးအဖွဲ့ (Task Force)တွေအနေနဲ့ ဒီကိစ္စတွေကိုလည်း အလေးအနက်ထား စစ်ဆေးကြပ်မတ်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက် ထားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမဦးဆုံး မေးခွန်းဖြစ်တဲ့ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေးရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် အနည်းငယ်ပြန်လည်ရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ ဩဂုတ်လ ၂ ရက်နေ့က အရေးကြီးအဆိုတင်ခဲ့တယ်။ ခွင့်ပြုချက်မရခဲ့ဘူး။ ဆိုပြီးတော့ ကိုယ်စားလှယ်ကြီးကလည်း ရှင်းသွားပါတယ်။ အရေးကြီးအဆိုဟာ ကျွန်တော်တို့ဆီမှာ လောလောဆယ်ပေါ်ပေါက်နေတဲ့ကိစ္စဖြစ်ရမယ်။ အရေးကြီးအဆိုအင်္ဂါရပ်က။ ပြီးလို့ရှိရင် အဲဒီ လောလောဆယ်ပေါ်ပေါက်နေတဲ့ကိစ္စသည် သာမန်နည်းလမ်းနဲ့ သာမန်အဆိုနဲ့ တင်လို့မရတဲ့ကိစ္စမျိုး ဖြစ်ရမယ် အရေးကြီးအဆိုရဲ့ တင်သွင်းခွင့်ရှိတဲ့အင်္ဂါရပ်တွေရှိပါတယ်။ ဒါကြောင့်မို့လို့ အခုနက ဒီမေးခွန်းနဲ့ပတ်သက်တဲ့ အရေးကြီးအဆိုက ဒေသတွင်းအိမ်နီးချင်းနိုင်ငံတွေမှာ ဖြစ်နေတာ။ ကျွန်တော်တို့ဆီမှာ ဖြစ်နေတာလည်းမဟုတ်ဘူး။ လောလောဆယ် တစ်ခါမှလည်း မဖြစ်ဘူး။ နောက်တစ်ခုက ဒီဟာကို သာမန်နည်းလမ်းနဲ့ တင်ခွင့်မရှိတဲ့အဆိုမျိုးလည်းမဟုတ်ဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင် အရေးကြီးအဆိုရဲ့အင်္ဂါရပ်နဲ့ ညီညွတ်ခြင်းမရှိပါဘူးဆိုပြီးတော့ ကျွန်တော် ဒီလိုမှတ်ချက်ပြုထားခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီအရေးကြီးအဆိုတင်သွင်းခွင့်မရခဲ့ခြင်း ဖြစ်ပါတယ်။ သို့သော်လည်း ကိုယ်စားလှယ်ကြီးကနေပြီးတော့ ဩဂုတ်လ ၃ ရက်နေ့ကျတော့ သာမန်အဆိုတင်လာပါတယ်။ သာမန်အဆိုတင်လာတဲ့အခါကျတော့ ရည်ရွယ်ချက်ကဘာလဲဆိုလို့ရှိရင် ဒီမှာပါပါတယ်။ ဒေသတွင်း အိမ်နီးချင်းနိုင်ငံတွေမှာ အစွန်းရောက်အကြမ်းဖက်သမားတွေရဲ့

အကြမ်းဖက်တိုက်ခိုက်မှုတွေနဲ့ပတ်သက်ပြီး အခြေခံပြီးတင်ပါတယ်။ ဆိုတော့ ဒီဟာက ဒေသတွင်း နိုင်ငံတွေမှာ ဖြစ်နေတဲ့ကိစ္စ မှန်တယ်။ ကျွန်တော်တို့ဆီမှာ ဘာမှ အစွန်းရောက်အကြမ်းဖက်တွေ မရှိသေးတဲ့အခါကျတော့ ဒါကို ကျွန်တော်တို့က အဆိုအနေနဲ့ လွှတ်တော်မှာ ဆုံးဖြတ်ဖို့ဆိုတာက နည်းဥပဒေ ၁၆၃ နည်းဥပဒေခွဲ(က) နည်းဥပဒေခွဲငယ်(၅) မှာရှိပါတယ်။ လွှတ်တော်တွင် တင်သွင်း ဆွေးနွေးခြင်းကို ခွင့်မပြုနိုင်သောကိစ္စမဖြစ်စေရဆိုတဲ့ သတ်မှတ်ချက်လည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒါကို ကိုယ်စားလှယ်တော်ရဲ့အခွင့်အရေးလည်း မဆုံးရှုံးရအောင် မေးခွန်းအဖြစ် ပြောင်းလဲပေးပါ။ မေးခွန်းဆိုရင်တော့ ကျွန်တော်တို့ ဒါ ကိုယ်လိုချင်တဲ့အဖြေရမယ်။ ကိုယ်လိုချင်တဲ့ အဖြေမရလည်း ကိုယ်သိချင်တာရမယ်။ ကိုယ်လည်း လွတ်လွတ်လပ်လပ်မေးခွန်းရှိပါတယ်။ ဆိုပြီးတော့ ကျွန်တော်တို့က ဒါနဲ့ မေးခွန်းကို ပြောင်းပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါကို ကာယကံရှင် ကိုယ်စားလှယ်ကြီးနှင့် ကိုယ်စားလှယ်များအားလုံးကို ရှင်းရှင်းလင်းလင်းသိစေချင်ပါတယ်။ ကျွန်တော် တို့က မည်သည့်ကိုယ်စားလှယ်ကိုမဆို လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနဲ့အညီပဲ ကျွန်တော်တို့ ဆောင်ရွက်ပေးပါတယ်။ ဒါ ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းပြောထားတာဖြစ်ပါတယ်။

**ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများအနေဖြင့် မြန်မာ့ရိုးရာဆယ့်နှစ်လရာသီပွဲတော်များ၊ နိုင်ငံတော်အထိမ်းအမှတ် အခမ်းအနားပွဲများနှင့် ဒေသတွင်းအားကစားပြိုင်ပွဲတို့အတွက် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး ကျင်းပဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအေဇင်လတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာအေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရွှေဘိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်အေဇင်လတ်ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ အခုမေးမယ့်မေးခွန်းဟာ ကျွန်မတို့ရဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂-၈-၂၀၁၆ ရက်နေ့မှာ ကျွန်မတို့ ဆွေးနွေးအတည်ပြုနိုင်ခဲ့တဲ့ နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါး ရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းဆိုတဲ့အဆိုကို အကောင်အထည်ဖော်နေတဲ့နေရာမှာ အထောက်အပံ့ကောင်း ကောင်း ရစေရန်ရည်ရွယ်ချက်နဲ့ ကျွန်မအနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အဲဒါက

တော့ ကျွန်မတို့ဒီနေ့ ခရိုင်နဲ့မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများဟာ မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်တွေဖြစ်တဲ့ အတာသင်္ကြန်ပွဲတော်၊ ဝါဆိုပွဲတော်၊ တန်ဆောင်တိုင်ပွဲတော် စတဲ့ပွဲတော်တွေကျင်းပပြုလုပ်ရာမှာဖြစ်စေ၊ နိုင်ငံတော်အထိမ်းအမှတ်အခမ်းအနားပွဲတွေဖြစ်တဲ့ ကျွန်မတို့လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ မြန်မာနိုင်ငံအမျိုးသမီးများနေ့ စတဲ့အခမ်းအနားတွေ ကျင်းပပြုလုပ်ရာမှာဖြစ်စေ ကျွန်မတို့ဒေသအတွင်းမှာ ယှဉ်ပြိုင်ကျင်းပတဲ့ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စစ်တုရင်အစရှိတဲ့ အားကစားပြိုင်ပွဲများ ကျင်းပရာမှာဖြစ်စေ ကျွန်မတို့ဒေသအတွင်းမှာ အခါအားလျော်စွာ ကျင်းပပြုလုပ်တဲ့ပျော်ပွဲရွှင်ပွဲတွေ ကျင်းပပြုလုပ်ရာမှာဖြစ်စေ၊ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်တဲ့အခါမှာ ကျွန်မတို့ငွေကြေးအများအပြားကို သုံးစွဲပြီးတော့ ဆောင်ရွက်ကျင်းပပေးရပါတယ်ရှင်။ အဲဒီလို ကျင်းပတဲ့အခါမှာ ကျွန်မတို့ ဒီနေ့ ခရိုင်နဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများဟာ မိခင်ဝန်ကြီးဌာနဖြစ်တဲ့ ပြည်ထဲရေးဝန်ကြီးဌာနကနေပြီးတော့မှ ခွင့်ပြုချထားပေးတဲ့ သီးသန့်ရန်ပုံငွေဆိုတာမျိုးနဲ့ ဆောင်ရွက်ပေးရတာမဟုတ်ပါဘူး။ ဝန်ကြီးဌာနလက်အောက်မှာရှိနေတဲ့ ခရိုင်/မြို့နယ်အဆင့်ဌာနများရဲ့ ဒေသအတွင်းမှာရှိတဲ့ ဌာနဆိုင်ရာဝန်ထမ်းများဆီမှ အလှူငွေ၊ အချိုးကျပါဝင်ထည့်ဝင်စေခြင်းနဲ့ဖြစ်စေ၊ ဒေသအတွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်များထံမှ အလှူငွေကောက်ခံထည့်ဝင်စေခြင်းနဲ့ဖြစ်စေ ဒီလိုဆောင်ရွက်နေခဲ့တာ ကျွန်မတို့ကြားခဲ့ပြီ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုလွဲမှားတဲ့လုပ်ထုံးလုပ်နည်းတွေကို ဆောင်ရွက်နေတဲ့အခါမှာ ကျွန်မတို့ဌာနဆိုင်ရာဝန်ထမ်းများမှာ ဝန်ထုပ်ဝန်ပိုးတွေဖြစ်သလို ကျွန်မတို့ အဂတိတရားမကင်းစင်နိုင်ဖွယ်ရာ အခြေအနေတွေကိုလည်း ဖန်တီးပေးထားသလို ဖြစ်နေပါတယ်ရှင်။ အဲဒီတော့ အဲဒီလိုမျိုးဘာကြောင့်ဒီလိုဖြစ်နေသလဲဆိုတာ ကျွန်မတို့က ဒီအလှူငွေတွေကို အကြောင်းပြုပြီးတော့ အလှူရှင်တွေဟာ ဝန်ထမ်းတွေရဲ့ တာဝန်နဲ့လုပ်ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်နိုင်သလို ဒီအလှူငွေတွေကို အကြောင်းပြုပြီးတော့ လည်း အလှူရှင်များဘက်ကနေပြီးတော့မှ ကျွန်မတို့အခွန်တာဝန်တွေထမ်းဆောင်တဲ့အခါမှာ အခွန် တာဝန်မကျေပွန်တာတွေ၊ အခွန်ရှောင်တာတွေ ဒါတွေလည်း ကျွန်မတို့ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့နိုင်ငံအနေနဲ့ ဒီလိုအဂတိလိုက်စားမှုများကို လျော့ပါးအောင် ကျွန်မတို့အနေနဲ့ကြိုးစားနေတဲ့အခါမှာ ဒီအထိမ်းအမှတ်အခမ်းအနားပွဲတွေ၊ ပွဲလမ်းသဘင်တွေအတွက် သုံးစွဲရတဲ့ငွေကြေးတွေကို ကျွန်မတို့အနေနဲ့ နည်းမှန်လမ်းမှန်အဖြစ်ရနိုင်မှသာ သုံးစွဲကျင်းပစေတာ ပိုမိုသင့်တော်ကောင်းမွန်မယ်လို့ ကျွန်မတို့အနေနဲ့ ယုံကြည်ပါတယ်ရှင်။ တစ်ခါ ကျွန်မတို့ အခြေခံဥပဒေအခန်း(၅) ပုဒ်မ ၂၂၄ မှာဖော်ပြထားတာကလည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ဝန်ကြီးဌာနများသည် ယင်းတို့၏

လက်အောက်ရှိအစိုးရထံ၌ အစိုးရအဖွဲ့အစည်းများက လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန်လည်းကောင်း၊ စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း ပြုရမယ်လို့လည်း ပါရှိပါတယ်ရှင်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့မေးလိုတာက ခရိုင်၊ မြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများအနေဖြင့် မြန်မာ့ရိုးရာဆယ့်နှစ်လရာသီပွဲတော်များ၊ နိုင်ငံတော်အထိမ်းအမှတ်အခမ်းအနားပွဲများနှင့် ဒေသအတွင်းအားကစားပြိုင်ပွဲများ အစရှိသည်တို့ကို ဒေသရှိဌာနဆိုင်ရာများကို ခွဲတမ်းချအလှူခံခြင်းနှင့် ဒေသရှိစီးပွားရေးလုပ်ငန်းရှင်များအား အလှူငွေကောက်ခံပြီး ကျင်းပပြုလုပ်နေခြင်းများကို ရပ်ဆိုင်း၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီးမှ ကျင်းပဆောင်ရွက်နိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်မရှိသေးပါက အခြားမည်သည့်အစီအမံများနှင့် ဆက်လက်ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာမေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွှေဘိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေဇင်လတ်မေးမြန်းတဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားသွားပါမယ်။ နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့ကဖြစ်စေ၊ ယင်းတို့၏တာဝန်ပေးချက်အရ အစိုးရဌာန၊ အဖွဲ့အစည်းများကဖြစ်စေ ဦးစီးကျင်းပတဲ့ အခမ်းအနားများ၊ ပွဲလမ်းသဘင်များ၊ သရုပ်ဖော်ပြပွဲများ၊ ပြိုင်ပွဲများနှင့် အခြားဖျော်ဖြေပွဲများကို ကျင်းပခြင်းဖြစ်ပါက နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က သတ်မှတ်ထားတဲ့ စည်းကမ်းများနှင့်ညီညွတ်စေရန် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက ကြပ်မတ်ထိန်းသိမ်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ပါတယ်။ အဆိုပါဒေသ

အလိုက် မြို့နယ်ခရိုင်များမှာ ကျင်းပပြုလုပ်လျက်ရှိတဲ့ အဆိုပါ ပွဲလမ်းသဘင်အခမ်းအနားတွေဟာ ပြည်ထဲရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာမြို့နယ်/ခရိုင်များသို့ တိုက်ရိုက်တာဝန်ပေး စေခိုင်းခြင်းများမရှိပါကြောင်း ဦးစွာရှင်းလင်းတင်ပြအပ်ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများရဲ့ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေစာရင်းကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ရန်ပုံငွေစာရင်းထဲမှာ ထည့်သွင်းတောင်းခံမှုမရှိဘဲနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရများရဲ့ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေစာရင်းမှသာ တင်ပြပြီး ခွင့်ပြုချက်ရယူသုံးစွဲလျက်ရှိပါတယ်။ သာမန်အသုံးစရိတ်များကို အောက်ဖော်ပြပါ သတ်မှတ်ထားတဲ့ ငွေစာရင်းခေါင်းစဉ်များအတိုင်းလည်း ကျခံသုံးစွဲလျက်ရှိပါတယ်။ (က) လစာ၊ စရိတ်ချီးမြှင့်ငွေ၊ (ခ) ခရီးသွားလာစရိတ်၊ (ဂ) ပစ္စည်းများလုပ်အားနှင့် ဆောင်ရွက်ပေးမှုအတွက် ကုန်ကျစရိတ်၊ (ဃ) ပြင်ဆင်ထိန်းသိမ်းစရိတ်များ၊ (င) လွှဲပြောင်းသုံးစွဲငွေ၊ (စ) ဧည့်ခံကျွေးမွေးစရိတ်တို့ဖြစ်ပါတယ်။ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများအနေနဲ့ မြန်မာ့ရိုးရာဆယ့်နှစ်လရာသီပွဲတော်များ၊ နိုင်ငံတော်အထိမ်းအမှတ် အခမ်းအနားပွဲများနှင့် ဒေသတွင်းအားကစားပြိုင်ပွဲများအစရှိတဲ့ပွဲတွေကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့်အတူ ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ကတော့ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများကို အဆိုပါ ပွဲလမ်းသဘင်များ ကျင်းပနိုင်ရေးအတွက် တာဝန်ပေးအပ်မှုမရှိသကဲ့သို့ ဒေသဆိုင်ရာများကိုလည်း ခွဲတမ်းချခြင်း၊ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များထံမှ အလှူငွေကောက်ခံခြင်းတို့အား လုပ်ဆောင်ခွင့်ပြုထားခြင်းများမရှိပါကြောင်း တင်ပြအပ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်များအနေနဲ့ မြန်မာ့ရိုးရာဆယ့်နှစ်လရာသီပွဲတော်များ၊ နိုင်ငံတော်အထိမ်းအမှတ်အခမ်းအနားများ၊ ပြပွဲပြိုင်ပွဲများ၊ ပြည်တွင်း/ပြည်ပမှ တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်တဲ့ခရီးစဉ်များ အောင်မြင်ချောမွေ့စေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ သာမန်အသုံးစရိတ်ငွေစာရင်းခေါင်းစဉ်အောက်မှ အောက်ဖော်ပြပါငွေစာရင်းခေါင်းစဉ်များ ထည့်သွင်းရေးဆွဲဆောင်ရွက်နိုင်တဲ့အတွက်ကြောင့်မို့လို့ အချို့သောတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတွေဟာ ရန်ပုံငွေများခေါင်းစဉ်အလိုက် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ (က) ပြပွဲနှင့် ဘွဲ့နှင်းသဘင်ကုန်ကျစရိတ်။ (ခ) နေ့ကြီးရက်ပြီးများကျင်းပရေး။ (ဂ) ပညာပေးသင်တန်း၊ (ဃ) လက်ဆောင်ပေးခြင်းနှင့် အလှူဒါန။ (င) ဧည့်ခံစရိတ်တို့ဖြစ်ပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများအနေဖြင့် မြန်မာ့ရိုးရာဆယ့်နှစ်လရာသီပွဲတော်များ၊ နိုင်ငံတော်အထိမ်းအမှတ်အခမ်းအနားပွဲများနှင့် ဒေသတွင်းအားကစားပြိုင်ပွဲများကျင်းပနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနမှ သီးသန့်ရန်ပုံငွေတစ်ရပ် ထူထောင်ပြီးကျင်းပဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်းနှင့် အဆိုပါအခမ်းအနားကျင်းပနိုင်ရေးအတွက် ကုန်ကျစရိတ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်များအလိုက် ရေးဆွဲဆောင်ရွက်သည့်လုပ်ငန်းများဖြစ်သည့်အတွက် အချို့သောတိုင်းဒေသကြီး/ ညြိနယ်အစိုးရအဖွဲ့များမှလည်း ငွေစာရင်းခေါင်းစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းလိုပါတယ်ရှင်။ အဲဒီတော့ အခုကို ကျွန်မရဲ့မေးခွန်းကို သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့မှ ပြည့်ပြည့်စုံစုံ လာရောက်ဖြေကြားပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်ရှင်။ အခု ဒီမေးခွန်းကို ကျွန်မတို့အနေနဲ့ လွှတ်တော်မှာ အခုလိုလာမရောက်ဖြေကြားခင်ကတည်းက ကျွန်မရဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ကျွန်မတို့မြို့နယ်အားလုံးမှာ ကျွန်မရဲ့မေးခွန်းအပေါ်မှာ ထင်မြင်ချက်တောင်းခံပြီးတော့မှ သေသေချာချာကျွန်မတို့ မေးခွန်းအပေါ်မှာ ပြည့်ပြည့်စုံစုံ ဖြေကြားနိုင်အောင် ဆောင်ရွက်တာကို ကြားသိရတဲ့အတွက်လည်း ကျွန်မအနေနဲ့ အသိအမှတ်ပြုပါတယ်။ ဒါပေမဲ့ အခုဖြေသွားတဲ့အထဲမှာ ကျွန်မတို့ကွဲလွဲတာလေးက ဘာလည်းဆိုတော့ ကျွန်မတို့ကလည်း ပြည်သူကြားမှာနေပြီးတော့ ဝန်ထမ်းလည်းပြည်သူ၊ ပြည်သူလည်းဝန်ထမ်းပါပဲ။ ကျွန်မတို့ ဒီအပေါ်မှာ တကယ့်အခြေခံအဖြစ်အပျက် အခြေခံပြီးတော့မှရှိတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့မှလည်း ဒီလိုမျိုးခွဲတမ်းချပြီးတော့ ကောက်ခံတာမျိုးမရှိဘူး။ ခိုင်းစေထားတာတော့မရှိဘူးလို့ ဖြေသွားတာလည်း ကြားသိရပါတယ်။ အဲဒီတော့ ကျွန်မအနေနဲ့ ဒီကွဲလွဲချက်အပေါ်မှာ ကျွန်မတို့ ဒီအကောင်းဘက်ကိုသွားချင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မထပ်ဆင့်မေးချင်တာက ကျွန်မတို့ ဒီကနေရှေ့လျှောက်မှာကော အဲဒီလိုမျိုး ကျွန်မတို့ရဲ့ဝန်ထမ်းတွေမှာ ခွဲတမ်းချအလှူခံတာမျိုးလုပ်ခဲ့တာဖြစ်ပါစေ၊ ကျွန်မတို့ဒီပြည်သူများဆီမှ အလှူခံ၍ကျင်းပတာမျိုးဖြစ်ခဲ့လို့ရှိရင် ဝန်ကြီးဌာနအနေနဲ့ ထိရောက်တဲ့အရေးယူမှုတွေ ပြုလုပ်ပေးဖို့ကော အစီအစဉ်ရှိပါသလားဆိုတာကို ကျွန်မမေးချင်ပါတယ်ရှင်။ ကျေးဇူးပါ။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ထပ်ဆင့်မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ဆောင်ရွက်ချက်လေး အနည်းငယ်ရှင်းလင်းတင်ပြပါ့မယ်။ ဒီမေးခွန်းနှင့် ပတ်သက်ပြီးတော့လည်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးခဲ့သလိုပဲ ကျွန်တော်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအသီးသီးကိုလည်းမေးသလို သက်ဆိုင်ရာအထွေထွေ အုပ်ချုပ်ရေးဌာနစုရှိတဲ့ မြို့နယ်အဆင့်၊ ခရိုင်အဆင့်တွေကိုလည်း ကျွန်တော်တို့မေးမြန်းခဲ့ပါတယ်။ ဒီလိုမေးမြန်းခဲ့တဲ့အခါမှာ ကျွန်တော်တို့ရရှိခဲ့တဲ့ အချက်အလက်တွေက တိုင်းဒေသကြီးအစိုးရအဖွဲ့တွေရဲ့တင်ပြချက်တွေထက်ကို ကျွန်တော်တို့ ဒါနဲ့ပတ်သက်ပြီး သဘောထားတွေမေးတဲ့အခါမှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရရဲ့ဘတ်ဂျက်နဲ့ ဆောင်ရွက်နေတဲ့တိုင်း စုစုပေါင်း၀၊ ခုရှိပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရရဲ့ဘတ်ဂျက်နဲ့ ဆက်လက်ဆောင်ရွက်သွားမယ်လို့ ဖြေကြားထားတဲ့ ကျွန်တော်တို့ ညှိနှိုင်းဖြေကြားချက်ပို့ထားတာ ငါးခုရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရရဲ့ ဘတ်ဂျက်အပြင် စေတနာရှင်တွေရဲ့ စေတနာအလျောက်ပါဝင်ထည့်ဝင်လှူတန်းငွေတွေအနေနဲ့လည်း လက်ခံပြီးတော့ ရိုးရာပွဲလမ်းသဘင်တွေကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးကိုလည်း ဆောင်ရွက်သွားမယ်လို့ တင်ပြထားတဲ့ တိုင်းဒေသကြီးများလည်း တွေ့ရပါတယ်။ ဒါဟာဒေသတွင်း ဘာသာရပ်ဆိုင်ရာပွဲလမ်းသဘင်တွေမှာလည်း ဒေသခံစေတနာရှင်ပြည်သူတွေရဲ့ ပါဝင်ပူးပေါင်းဆောင်ရွက်မှုကို ကြိုဆိုလက်ခံတဲ့အနေနဲ့ ဒီလိုလည်း ကျွန်တော်တို့ ညှိနှိုင်းချက်တွေ တွေ့ရပါတယ်။ တိုင်းဒေသကြီးတစ်ခုကတော့ ဒီကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်တို့သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီး ဘတ်ဂျက်ရေးဆွဲသင့်တယ်လို့ ညှိနှိုင်းတင်ပြလာတာလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်တော်တို့ဝန်ကြီးဌာနကတော့ တင်ပြခဲ့သလိုပဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေ နယ်မြေတွေမှာရှိတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများရဲ့လစာစာရိတ်အပါအဝင် ဘတ်ဂျက်ရန်ပုံငွေစာရင်းအားလုံးကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေဆီကပဲ တင်ပြတောင်းခံသုံးစွဲတာဖြစ်တဲ့အတွက် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ကတော့ ဒါကို ရန်ပုံငွေထူထောင်မှုမရှိဘူးဆိုတာလည်း သက်ဆိုင်ရာတိုင်းကို ပြန်ပြီး ကြားသိပြီးဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့က တိုင်းဒေသကြီးအစိုးရတွေရဲ့ တင်ပြခဲ့တဲ့ မတူညီတဲ့အချက်သုံးချက်အပေါ်မှာလည်း လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းဖြစ်ပေါ်မှုကိုသာ သက်ဆိုင်ရာ တိုင်းဒေသကြီးကို ချပြခဲ့တာဖြစ်ပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကတော့ သက်ဆိုင်ရာ

**မူကြမ်း**

တိုင်းဒေသကြီးရဲ့ အစီအမံနှင့်ဆောင်ရွက်နေခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာမြို့နယ်/ခရိုင်တွေမှာ ဒီလိုပွဲလမ်းသဘင်တွေကိုအကြောင်းပြပြီး မသမာတဲ့ငွေပေးငွေယူမှုတွေ၊ လာဘ်ပေးလာဘ်ယူမှုတွေ ပေါ်ပေါက်လာမယ်ဆိုရင်လည်း ဒီပေါ်ပေါက်မှုအပေါ်မှာ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ကတော့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်တဲ့စုံစမ်းစစ်ဆေးမှုတွေနဲ့ လိုအပ်တဲ့အရေးယူဆောင်ရွက်မှုတွေကို ဆက်လက်ပြုလုပ်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**လားရှိုးမြို့မှစွန့်ပစ်အမှိုက်ပုံကို ကျန်းမာရေးနှင့်ညီညွတ်သည့်နည်းစနစ်ဖြင့် စွန့်ပစ်ရှင်းလင်းပေးမည့်အစီအစဉ်အားသိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လားရှိုးမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောက်ခမ်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ဟာ လူဦးရေတိုးတက်များပြားလာတာနှင့်အမျှ နေ့စဉ်စွန့်ထုတ်တဲ့အမှိုက်တွေလည်း ပိုမိုများပြားလာပါတယ်။ လူနေအိမ်တွေကနေပြီးတော့ တစ်အိမ်ချင်းအလိုက်စွန့်ထုတ်တဲ့ အမှိုက်တွေအပြင် စားသောက်ဆိုင်ခန်းတွေ၊ စည်ပင်သာယာဈေးကြီး/ဈေးငယ်အသွယ်သွယ် ကနေထွက်တဲ့အမှိုက်တွေ၊ ပျော်ပွဲရွှင်ပွဲတွေကနေပြီးတော့မှ စွန့်ထုတ်တဲ့အမှိုက်တွေ၊ ဆေးရုံကြီး၊ ဆေးရုံလေးကနေထွက်တဲ့အမှိုက်တွေကစပြီးတော့ စုပေါင်းလိုက်မယ်ဆိုလို့ရှိရင် နေ့စဉ်တန်ချိန်ပေါင်းများစွာ စွန့်ထုတ်နေတယ်လို့ သိရှိရပါတယ်။ အဲဒီထွက်ရှိလာတဲ့အမှိုက်တွေကို သက်ဆိုင်ရာဌာနတွေက ယာဉ်အမျိုးမျိုးနှင့်သယ်ဆောင်ပြီးတော့မှ လားရှိုးမြို့နဲ့မလှမ်းမကမ်းနေရာ လားရှိုး-နမ္မတူကားလမ်းဘေးနားမှာ စုပုံပစ်ထားပြီးတော့မှ သာမန်မီးရှို့တဲ့နည်းစနစ်နဲ့ပဲ ရှင်းလင်းနေတာကိုတွေ့ရှိရပါတယ်။ အဲဒီလို သာမန်မီးရှို့ပြီးတော့ရှင်းလင်းတဲ့အတွက် ၂၄ နာရီထွက်ရှိလာတဲ့ မီးခိုးလုံးကြီးတွေ၊ အဲဒီအမှိုက်ပုံကနေပြီးတော့မှထွက်ရှိလာတဲ့အပုတ်နံ့တွေ၊ အဲဒီအမှိုက်ပုံနားမှာကျက်စားနေတဲ့ ခြင်တွေ၊ ယင်တွေ၊ ကြွက်တွေက အနီးအနားကျေးရွာမှာရှိတဲ့ ပြည်သူလူထုတွေကို ဒုက္ခပေးတာတွေ ရှိပါတယ်။ ဒါ့အပြင် ကျောင်းဆိုလို့ရှိရင်လည်း သံဃာတော်၊ ဆရာတော်တွေအတွက်ရော၊ ပညာသင်

ကျောင်းဆိုလို့ရှိရင်လည်းပဲ ကျောင်းသားကျောင်းသူတွေ၊ ဆရာဆရာမတွေအတွက်ရော အဲဒီအမှိုက်ပုံ အနီးအနားမှာရှိတဲ့ လယ်တွေ၊ ယာတွေရှိတယ်ဆိုလို့ရှိရင်လည်း အဲဒီမှာအလုပ်လုပ်တဲ့ တောင်သူ လယ်သမားတွေအတွက် နေ့စဉ်နှင့်အမျှ သူတို့ရဲ့စားဝတ်နေရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စတာတွေ နေ့စဉ်နှင့်အမျှအနှောင့်အယှက်ပေး၊ ဒုက္ခပေးနေတာဖြစ်ပါတယ်။ ဒါ့အပြင် လမ်းမကြီးပေါ် မှာချထားတာဖြစ်တဲ့အတွက် နေ့စဉ်နှင့်အမျှဖြတ်သွားဖြတ်လာတဲ့ ခရီးသည်တွေအတွက်လည်း ဒီအမှိုက်ပုံကြီးက မသတီစရာ၊ စိတ်မကောင်းစရာကြီးဖြစ်ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးချင်တဲ့မေးခွန်းက မေးမြန်းလိုသည်မှာ ၎င်းအမှိုက်ပုံကြီးကြောင့် လားရှိုးမြို့ရဲ့သန့်ရှင်းသာယာလှပ ရေးကို မထိခိုက်စေရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေး၊ ပြည်သူလူထုရဲ့ ကျန်းမာရေးကို မထိခိုက် စေရေးအတွက် ဒီအမှိုက်ပုံကြီးကို အခြားသင့်တော်တဲ့နေရာ၊ သင့်တော်တဲ့နည်းလမ်းနှင့် စွန့်ပစ် ရှင်းလင်းပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိသိရှိလိုတဲ့အတွက် မေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လားရှိုး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းမောက်ခမ်း မေးမြန်းတဲ့မေးခွန်းအပေါ် မှာ ကျွန်တော် ပြန်လည်ရှင်းလင်းတင်ပြသွားပါမယ်။ လားရှိုးမြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်၊ အိမ်ခြေ ၂၅၀၀၀ ခန့်မှထွက်ရှိတဲ့အမှိုက်တွေကို လားရှိုးမြို့၊ နားကွမ်းလုံကျေးရွာအုပ်စု၊ ဦးပိုင်အမှတ်(၄)၊ လားရှိုး-နမ္မတူကားလမ်းဘေး မြို့နှင့်အလှမ်းဝေးကွာပြီး လျှိုမြောင်အတွင်းကျရောက်နေတဲ့ မြေလွတ်၊ မြေရိုင်းဧက ၂၃ ဧကမှာ အမှိုက်စွန့်ပစ်မြေနေရာအဖြစ် လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနက နေပြီးတော့ ၁၉၉၉ ခုနှစ်ကစပြီး ယနေ့အချိန်ထိ အသုံးပြုလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ လက်ရှိ အခြေအနေမှာ လားရှိုးမြို့ရဲ့ အမှိုက်သိမ်းဆည်းရေးလုပ်ငန်းတွေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့မှစပြီးတော့ မြို့ဂုဏ်ဆောင်(လားရှိုး)ဝန်ဆောင်မှု ကုမ္ပဏီနှင့် လားရှိုးမြို့နယ်စည်ပင်သာယာရေးကော်မတီတို့ရဲ့ လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆို ဆောင်ရွက်ခဲ့တဲ့အခါမှာ ကုမ္ပဏီအနေနဲ့ မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်မှထွက်ရှိတဲ့ နေ့စဉ်အမှိုက်တန်

၉၀ မှ ၁၀၀ ခန့်အထိကို သိမ်းဆည်းခြင်းများဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ ဒါ့အပြင် အမှိုက်ကျင်းမြေနေရာ စနစ်တကျဖြစ်စေရေး၊ သန့်ရှင်းသပ်ရပ်စေရေးအတွက် မော်တော်ယာဉ်သွားလမ်းများ ပြင်ဆင်ဖောက်လုပ်ခြင်း၊ ယာဉ်များဖြင့်ရှင်းလင်းခြင်း၊ သွပ်ပြားများဖြင့်ကာရံခြင်းတို့ကိုလည်း အခါအားလျော်စွာ ကုမ္ပဏီနှင့်ဌာနတို့က ပူးပေါင်းထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။

လားရှိုးမြို့ရပ်ကွက်များမှ ထွက်ရှိတဲ့အမှိုက်တွေကို ကျန်းမာရေးနှင့်ညီညွတ်တဲ့နည်းစနစ်ဖြင့် စွန့်ပစ်ရှင်းလင်းနိုင်ရေးကိစ္စနှင့်ပတ်သက်ပြီး လက်ရှိမြို့နယ်စည်ပင်သာယာရေးကော်မတီအနေနဲ့ ရရှိတဲ့ဝင်ငွေအပေါ် လျာထားသုံးစွဲနိုင်မှုမရှိသေးသော်လည်းပဲ နေရောင်ခြည်သုံးဆိုလာလျှပ်စစ်ပါဝါလုပ်ငန်းများ၊ စွန့်ပစ်ရေဆိုးများမှ လျှပ်စစ်ပါဝါထုတ်လုပ်သည့်လုပ်ငန်းများ၊ စွန့်ပစ်အမှိုက်များမှ လျှပ်စစ်ပါဝါထုတ်လုပ်သည့်လုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိတဲ့ Shwe Pyi San Co.,Ltd မှ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တင်ပြခဲ့ကြောင်း သိရှိရပါတယ်။

ဒီလိုတင်ပြတဲ့အပေါ်မှာ အသေးစိတ်စိစစ်ဆွေးနွေးနိုင်ဖို့အတွက် စွန့်ပစ်အမှိုက်မှမီးရှို့ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူးက ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှာလည်းကောင်း၊ ဒုတိယအင်ဂျင်နီယာမှူးကြီးမှ ဒုတိယညွှန်ကြားရေးမှူးကြီးမှ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့မှာလည်းကောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ သွားရောက်လေ့လာခဲ့ပြီး ထုတ်ယူနိုင်မယ့် စံနှုန်းတစ်ခုကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။ ဒီလိုဆွေးနွေးချက်က ရရှိချက်တစ်ခုအနေနဲ့ကလည်း တောင်ကြီးမြို့မှာလည်း အလားတူအမှိုက်မီးရှို့စက်တည်ဆောက်မယ်ဆိုရင်လည်း တန် ၆၀ စက်ရုံအသေးတစ်ခုတည်ဆောက်သင့်ကြောင်းကိုလည်း လေ့လာတွေ့ရှိခဲ့ကြောင်းသိရှိရပါတယ်။

တောင်ကြီးမြို့ရဲ့အခြေအနေအရဆိုရင် စွန့်ပစ်အမှိုက်မှလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဒီဇယ်ထုတ်လုပ်ခြင်းလုပ်ငန်းတွေကို Shwe Pyi San Co.,Ltd မှ ဆောင်ရွက်ခွင့်တင်ပြရာမှာ ဌာနအမည်ပေါက်ဖို့အတွက် ဂရန်ရရှိရန်လိုအပ်ပါကြောင်း ကုမ္ပဏီမှတင်ပြခဲ့တဲ့အတွက် လက်ရှိမှာ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးကော်မတီအနေနဲ့ အမှိုက်စွန့်ပစ်နေရာအတွက် ဂရန်ရရှိရေး

ကိုလည်း ဆောင်ရွက်လျက်ရှိသေးတဲ့အတွက် အခုကုမ္ပဏီနှင့်ပူးပေါင်းဆောင်ရွက်နိုင်ခြင်းမရှိသေး ကြောင်းကိုလည်း သိရှိရပါတယ်။

အလားတူပဲ လားရှိုးမြို့အနေနဲ့ အမှိုက်များစွန့်ပစ်လျက်ရှိတဲ့မြေနေရာ ၂၃ ဧကဟာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းအမျိုးအစားဖြစ်တဲ့အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟို ကော်မတီကို လုပ်ထုံး၊ လုပ်နည်းနှင့်အညီတင်ပြပြီး ခွင့်ပြုချက်ရရှိရေးကိုလည်း ရှမ်းပြည်နယ်အစိုးရ အဖွဲ့ရဲ့ကြီးကြပ်မှုနဲ့ ဆောင်ရွက်သွားမှာဖြစ်ကြောင်းကိုလည်း အစိုးရအဖွဲ့ရဲ့ညှိနှိုင်းဖြေကြားချက်အရ သိရပါတယ်။ ခွင့်ပြုချက်ရရှိပြီးပါက စွန့်ပစ်အမှိုက်များကို ကျန်းမာရေးနှင့်ညီညွတ်တဲ့နည်းစနစ်ဖြင့် စွန့်ပစ်ရှင်းလင်းနိုင်ရေး၊ စွန့်ပစ်အမှိုက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဒီဇယ်ထုတ်လုပ်ခြင်း လုပ်ငန်းတွေကို လားရှိုးမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လိုတဲ့ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် ညှိနှိုင်းဆွေးနွေးပြီး ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရှမ်း ပြည်နယ်အစိုးရအဖွဲ့၏ ညှိနှိုင်းဖြေကြားချက်အရ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို ဌာနက နေပြီးတော့မှ ဖြေကြားပေးတဲ့အတွက် ကျေးဇူးအထူးတင်ရှိပါတယ်။ သို့သော် ကျွန်တော့်အနေနဲ့ ဒီ လားရှိုး-နမ္မတူကားလမ်းဘေးနားမှာချတယ်ဆိုတဲ့အမှိုက်ပုံကို Power Point နဲ့အနည်းငယ်တင်ပြခွင့် ပြုပါခင်ဗျား။ ဒါကတော့ လားရှိုး-နမ္မတူကားလမ်းမကြီးဘေးနားမှာရှိတဲ့အမှိုက်ပုံရဲ့နေရာဖြစ်ပါတယ်။ ဒါသပ်သပ်ရပ်ရပ် ချထားသလား၊ မချသလားဆိုတာ ဒီမှာမြင်တဲ့အတိုင်းဖြစ်ပါတယ်။ ဒါမီးရှို့ထားတဲ့ ဓာတ်ပုံဖြစ်ပါတယ်။ ဒါမီးခိုးတွေဖြစ်ပါတယ်။ ဒါ ဒီအမှိုက်ပုံရဲ့အနောက်ဘက်မှာ ကျေးရွာရဲ့စိုက်ခင်းတွေ၊ တောင်ယာစိုက်ခင်းတွေရှိပါတယ်။ ဒါမီးရှို့ထားတဲ့မှတ်တမ်းဓာတ်ပုံ။ အဲဒီတော့ အဲဒီမှာ သပ်သပ်ရပ်ရပ် လေးဖြစ်အောင်ဆိုလို့ရှိရင် ဘယ်လိုလုပ်ပြီးတော့စီမံပေးမလဲဆိုတာလည်း သိချင်တယ်ဆိုတဲ့အကြောင်း မေးမြန်းချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**မူကြမ်း**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထပ်ဆင့်မေးခွန်းနှင့်ပတ်သက်ပြီး မူလဖြေကြားချက်ထဲမှာပါရှိတဲ့အတိုင်းပဲ ဒီအမှိုက်သိမ်းဆည်းရေးကိစ္စနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ခွင့်ပြုချက်ဖြင့် မြို့နယ်ဂုဏ်ဆောင်(လားရှိုး)ဝန်ဆောင်မှုကုမ္ပဏီနဲ့ လားရှိုးမြို့နယ်စည်ပင်သာယာရေးကော်မတီတို့က လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုဆောင်ရွက်ခဲ့တဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ဒါကြောင့် စာချုပ်ပါစည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိ/မရှိ၊ လိုအပ်တဲ့စစ်ဆေးကြပ်မတ်မှုများနှင့် စာချုပ်ပါစည်းကမ်းများဖောက်ဖျက်ပါက လိုအပ်တဲ့စာချုပ်ပါစည်းမျဉ်း၊ စည်းကမ်းများအတိုင်း ဆက်လက်ကြပ်မတ်နိုင်ရေးကို သက်ဆိုင်ရာပြည်နယ်အစိုးရမှတစ်ဆင့် သက်ဆိုင်ရာပြည်နယ်အစိုးရမှတစ်ဆင့် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့သို့ လမ်းညွှန်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပေါက်တောမြို့နယ်အတွင်း စီးပွားရေးလုပ်ငန်းရှင်များ တရားမဝင်ရယူထားသော ကျွဲ၊ နွား စားကျက်မြေများနှင့် ရွာဘုံချောင်း(ရွာသားကမ်းပိုင်)များကို မူလပိုင်ရှင် ကျေးရွာအုပ်စု၊ ကျေးရွာများသို့ လွှဲအပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များကို ကျွန်တော်ဒီနေရာကနေ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပေါက်တောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းမှာ စီးပွားရေးလုပ်ငန်းရှင်ခရိုနီတစ်စုက အင်အားသုံးပြီးတော့မှ တရားမဝင်ရယူထားတဲ့ ကျွဲ၊ နွားစားကျက်မြေတွေနဲ့ ရွာဘုံချောင်းလို့ခေါ်တဲ့ တစ်ဖက်ပိတ်ဆည်တွေကို ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း မူလပိုင်ရှင်များဖြစ်တဲ့ ကျေးရွာအုပ်စုများ၊ ကျေးရွာများသို့ လွှဲအပ်၍ အများပြည်သူအသုံးပြုနိုင်အောင် မည်သို့ထိန်းသိမ်းဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း ကြောင့် အခုလို မေးမြန်းရတာဖြစ်ပါတယ်။ ဒီမေးခွန်းကို သာမန်အားဖြင့် ပင်လယ်အဆင့်ကို ကျော်ပြီးတော့ ဒီကိုတက်လာဖို့မရှိပါဘူး။ သို့သော်လည်းပဲ မြို့နယ်အဆင့်မှာ ဖြေရှင်းရမယ့်ကိစ္စကို မဖြေရှင်းတဲ့အတွက် အခုလို တက်လာရတာဖြစ်ပါတယ်။ ဘာကြောင့် ကျွန်တော်ဒီလိုပြောရသလဲဆိုရင်

ဒီလုပ်ငန်းဟာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရဲ့လုပ်ပိုင်ခွင့်အတွင်း ကျရောက်လို့ ဖြစ်ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးတွေဟာ မြို့မြေ၊ ကျေးရွာမြေ၊ သာသနာ့မြေ၊ သုသာန်မြေ၊ စားကျက်မြေ၊ ရွာဘုံမြေစတဲ့ မြေစီမံခန့်ခွဲရေးကို လုပ်ပိုင်ခွင့်ရှိတဲ့ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ ဒီလူတွေအလုပ်မလုပ်တဲ့အတွက် မြို့နယ်အဆင့်ကို၊ ပြည်နယ်အဆင့်ကိုကျော်ပြီးတော့မှ ပြည်ထောင်စုအဆင့်ကိုတင်ပြနေရတော့ လူကြီးတွေအလုပ်မရှုပ်သင့်ဘဲနဲ့ ရှုပ်နေကြရလို့ အားနာပါတယ်။ သို့သော်လည်းပဲ မပြောမဖြစ်တဲ့ကိစ္စဖြစ်တဲ့အတွက် အုပ်ချုပ်ရေးမှာ လုပ်ရမယ့်အလုပ်ကိုမလုပ်ရင်၊ မလုပ်ရမယ့်အလုပ်ကိုလုပ်ရင် ပေါက်မယ်၊ အပြစ်ပဲ။ တရားဥပဒေစိုးမိုးရေးပျက်ပြားတာလည်း ဒီဟာကြောင့်ပဲ။ တရားဥပဒေစိုးမိုးရေးပျက်ပြားရင် မင်းမဲ့စရိုက်ပေါ်လာတတ်ပါတယ်။ ကျွန်တော့်တို့ဆီမှာ ဒီပြဿနာမျိုးပဲ ပြီးခဲ့တဲ့နှစ်က အချင်းချင်းခုတ်မှုဖြစ်ခဲ့ဖူးတာလည်းရှိပါတယ်။ အဲဒါတွေကြောင့် ကျွန်တော်တို့ အလေးအနက်စဉ်းစားစေချင်လို့ တင်ပြခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီးရင် ကျွန်တော့်အနေနဲ့ စားကျက်မြေနှင့် ရွာဘုံချောင်းရဲ့ သဘောသဘာဝလေးကို အနည်းငယ်ရှင်းပြလိုပါတယ်။

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်မှာ အင်္ဂလိပ်အစိုးရလက်ထက်ကစပြီး အမိန့်ကြော်ငြာစာများ ထုတ်ပြန်ပြီးတော့ သတ်မှတ်ထားတဲ့စားကျက်မြေနှင့် ရွာဘုံချောင်းများရှိပါတယ်။ စားကျက်မြေဆိုရင် ကျွဲ၊ နွားများ အစာရေစာနှင့် သွားလာရာလမ်းအတွက်လည်းကောင်း၊ ရွာဘုံချောင်းဆိုရင် ကျွဲ၊ နွားများ နွေရာသီရေသောက်သုံးရန်နှင့် ရွာသားများ ဟင်းသီးဟင်းရွက်၊ သားငါး၊ ပုစွန်၊ ထင်း၊ ဝါး၊ ဓနိများထုတ်ယူသုံးစွဲရန်အတွက်လည်းကောင်း အသုံးပြုရန် ဘုံအဖြစ်သတ်မှတ်ထားတာဖြစ်ပါတယ်။ ယင်းစားကျက်မြေနှင့် ရွာဘုံချောင်းများကို မည်သည့်ကျေးရွာအုပ်စု၊ မည်သည့်ကျေးရွာအတွက်ဖြစ်ကြောင်း ယင်းကျေးရွာ ရွာသားများသာ အသုံးပြုခွင့်ရှိသည်ဖြစ်ကြောင်းဖြင့် အမိန့်စာများတွင် ပေလွှာတိုင်များစိုက်ပြီးတော့မှ ဖော်ပြထားပါတယ်။ ဖော်ပြပါ ချောင်းတွေ၊ စားကျက်မြေတွေကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ မြို့နယ်မြေစာရင်းဦးစီးဌာနတို့က ထိန်းသိမ်းဖို့တာဝန်ရှိတယ်ဆိုပြီးတော့မှလည်း ပြဋ္ဌာန်းထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စားကျက်မြေနှင့် ကျေးရွာဘုံချောင်းများကို နဝတ၊ နအဖ အစိုးရလက်ထက်ကစပြီး ခရိုနီများဟာ နည်းအမျိုးမျိုးနဲ့ တရားမဝင်ရယူပြီးတော့မှ သဘာဝကန်နည်းစနစ်နဲ့ ရေငန်ပုစွန်များမွေးမြူခဲ့ကြပါတယ်။ လုပ်ငန်းစတင်စဉ်က အသင့်အတင့်အောင်မြင်မှုရှိခဲ့သော်လည်းပဲ အခုအခါ ပုစွန်မွေးမြူရေးလုပ်ငန်းများ သဘာဝပတ်ဝန်းကျင်ပျက်စီးလာတာကြောင့် အကျိုးဖြစ်ထွန်းမှုမရှိသလောက်နည်းပါးပါတယ်။ သို့သော်လည်းပဲ ခရိုနီများက သူတို့ရယူထားတဲ့မြေကို ကနေ့ထိအောင်

မူကြမ်း

အလွယ်တကူမစွန့်လွှတ်ကြပါဘူး။ ပြည်နယ်အစိုးရကပြန်ပေးဖို့ စာတစ်တန်၊ ပေတစ်တန်နဲ့ ညွှန်ကြားတာကိုပင် မလိုက်နာဘဲနဲ့ အုပ်ချုပ်ရေးအာဏာပိုင်များဟာ အောက်ခြေကပုဂ္ဂိုလ်များနှင့်ပူးပေါင်းပြီးတော့မှ အခုထိအောင်ဆောင်ရွက်နေကြတုန်းဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်လို့ ပြီးခဲ့တဲ့ ပထမအကြိမ်တုန်းက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ပြည်နယ်အစိုးရကိုမေးလို့ ပြည်နယ်အစိုးရကဖြေတဲ့အခါမှာ ဒီဟာတွေပြန်ပေးလိုက် အဖွဲ့ဖွဲ့ပြီးရင် ထိန်းသိမ်းခိုင်းလိုက်လို့ ပြောတဲ့ဥစ္စာကို တောင်မလိုက်နာဘဲ ဒီနေ့ထိအောင် နေတဲ့ဥစ္စာကတော့ မင်းမဲ့စရိုက်ဆန်လွန်းလှပါတယ်။ တစ်စုံတစ်ရာ ဆုံးမဖို့လည်းသင့်ပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ကျေးရွာအုပ်စုများမှာ ကျွန်တော်တို့ တင်ပြထားတဲ့အထဲမှာ အကျဉ်းချုံးအားဖြင့် ကျေးရွာအုပ်စုခြောက်စုက ကျေးရွာခြောက်ရွာမှာ ရွာပိုင်ချောင်း ၁၀ ခုနှင့် စားကျက်မြေတစ်ခု ပါရှိပါတယ်။ အဲဒီစားကျက်မြေတွေကို ကျွန်တော်တို့ ဥပဒေနည်းလမ်းများနှင့်အညီ သက်ဆိုင်ရာရွာကို ဘယ်လိုရောက်အောင်လွှဲပေးနိုင်ပါမလဲ၊ စီမံခန့်ခွဲပေးနိုင်ပါမလဲဆိုတာကို မေးလိုခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံမေးမြန်းခဲ့တဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်တွေခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၄/၄-၂/ဦး ၁ နှင့် ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပေါက်တောမြို့နယ်၊ ငပြီကျွန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၈၅-ဃ)၊ ပေါ်ကျွန်းကွေ့ရှိ မြေဧရိယာ ၂၉၀ ကို ငပြီကျွန်းနှင့် သရက်တောကျေးရွာတွင် နေထိုင်သူများအတွက် စားကျက်မြေအဖြစ် သတ်မှတ်ထားရှိခဲ့ပါတယ်။ အဆိုပါမြေဧရိယာ ၂၉၀ ကို ၂၀၀၁-၂၀၀၂ ခုနှစ်တို့မှာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် လုပ်ငန်းရှင် ၇ ဦးကို ၂၆၅ ဧက ခွင့်ပြုခဲ့ကြောင်းနှင့် မြေနိမ့်ပိုင်းခြံက ၂၅ ဧကဖြစ်ကြောင်း သိရှိရပါတယ်။

သို့ရာတွင် အဆိုပါ ငါး၊ ပုစွန်မွေးမြူရေးလုပ်ကိုင်ခွင့်ရရှိသူများမှ အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိသကဲ့သို့ စားကျက်မြေပယ်ဖျက်ခွင့်လည်းတင်ပြလာခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့

ဂှင်းမြေဧက ၂၉၀ ဟာ ယနေ့အချိန်အထိ ပြည်ထဲရေးဝန်ကြီးဌာနစာရင်းမှာ စားကျက်မြေအဖြစ်သာ တည်ရှိနေတဲ့ မြေဖြစ်ပါကြောင်း ဦးစွာရှင်းလင်းတင်ပြအပ်ပါတယ်။ ယခုအခါ အဆိုပါစားကျက်မြေ ပေါ်မှာ စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်နေ ဦးသိန်းဇံ၊ မိဇံရပ်ကွက်နေ ဦးသန်းဇော်၊ ကြွီတဲကျေးရွာနေ ဦးဘန်ဒုနှင့် ငပြီကျွန်းကျေးရွာသားအချို့မှ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက် စိုက်ပျိုးလုပ်ကိုင်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရပါတယ်။ ပေါက်တောမြို့နယ်၊ ငပြီကျွန်း ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၈၅-ဃ)မှ မြေဧရိယာ ၂၉၀ ဧကဟာ ကျေးရွာစားကျက်မြေအဖြစ် သတ်မှတ်ခွင့်ပြုခဲ့ပြီးဖြစ်ရာ ၁၈၇၆ ခုနှစ်၊ မြေနှင့်အခွန်နည်းဥပဒေ ၆၉ အရ အဆိုပါ စားကျက်မြေ ဧရိယာ ၂၉၀ ပေါ်မှာ ကျူးကျော်လုပ်ကိုင်နေသူတွေကို မြေယာလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင် ရွက်နိုင်ရေးအတွက် ပေါက်တောမြို့နယ်၊ အုပ်ချုပ်ရေးမှူးဦးဆောင်တဲ့ စားကျက်မြေကျူးကျော်မှုများ စစ်ဆေးရေးအဖွဲ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပြီး အဆိုပါအဖွဲ့မှ စိစစ်ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း သက်ဆိုင်ရာပြည်နယ်ညှိနှိုင်းချက်အရ သိရှိရပါတယ်။

ရွာဘုံချောင်း (ရွာသားကမ်းပိုင်)များနှင့်ပတ်သက်ပြီး ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ကစတင်ပြီး အောက်ပါအတိုင်း စီမံထားရှိကြောင်းလည်း သိရှိရပါတယ်။ ပေါက်တောမြို့နယ် ကျောက်တောင်ကျေးရွာအုပ်စု၊ ကျောက်တောင်ကျေးရွာမှာရှိတဲ့ ဇီးကိုင်းချောင်း၊ ကမ်းပိုင်ကြီးချောင်း များအား ထိန်းသိမ်းဖို့အတွက် ကျေးရွာအဆင့် ရေချိုချောင်းထိန်းသိမ်းရေးကော်မတီအား အဖွဲ့ဝင် ၁၆ ဦး နှင့်ဖွဲ့စည်းပြီး စည်းကမ်းချက်များ သတ်မှတ်ကာ လွှဲပြောင်းပေးအပ်ခဲ့ပါပြီးဖြစ်ကြောင်း။

ပေါက်တောမြို့နယ်၊ ကံပြင်ကျေးရွာ၊ ငပြီတက်ကျေးရွာများရှိ ပခုတ်မချောင်း၊ စန္ဒာချောင်း၊ နော်နာချောင်း၊ မော်ဦးချောင်း၊ ကွမ်းသီးပတ်ကုလားချောင်းတို့ကိုလည်း ထိန်းသိမ်းဖို့အတွက် ကျေးရွာ အဆင့်ရေချိုချောင်းထိန်းသိမ်းရေးကော်မတီ အဖွဲ့ဝင် ၁၅ ဦး ဖွဲ့စည်းပြီး စည်းကမ်းချက်များ သတ်မှတ်ကာ လွှဲပြောင်းထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပေါက်တောမြို့နယ်၊ တောင်ပုက္ကေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးမှ ယင်ကြီးပေါက် ချောင်းနှင့် ဗျိုင်းကျွန်းချောင်း (အရပ်ခေါ် ခေါင်းတင်ချောင်း)တို့ကိုလည်း ရေချိုချောင်းအဖြစ်ထားရှိ ရေးအတွက် ရေချိုချောင်းထိန်းသိမ်းရေးကော်မတီကို အဖွဲ့ဝင် ၁၃ ဦး နှင့်ဖွဲ့စည်း အပ်နှံထားရှိ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပေါက်တောမြို့နယ်၊ တောင်းဖူးကျေးရွာအုပ်၊ တောင်းဖူးကျေးရွာရှိ တောင်းဖူးချောင်း (ရွာသား ကမ်းပိုင်)၊ ရွာဘုံမြေလွတ်မြေရိုင်း (ရွာဘုံချောင်း) အဖြစ်ထားရှိရန် ဆုံးဖြတ်ထားပြီးဖြစ်တဲ့အတွက် မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲမှုကော်မတီမှ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှာ ကျေးရွာ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီသို့ ရွာဘုံမြေလွတ်မြေရိုင်းမြေအဖြစ်ထားရှိသွားရန် အကြောင်း ကြားဆောင်ရွက်ထားရှိကြောင်းလည်း သိရှိရပါတယ်။

သို့ပါ၍ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ငပြီကျွန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၈၅-ဃ)မှ စားကျက်မြေဧရိယာ ၂၉၀ ပေါ်မှာ လက်ရှိကျူးကျော်ဝင်ရောက်လုပ်ကိုင်နေသူများကို မြေယာဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာပြည်နယ်အစိုးရမှ ဆောင်ရွက် လျက်ရှိပါကြောင်းနှင့် ရွာဘုံချောင်း (ရွာသားကမ်းပိုင်)များကို အများပြည်သူအသုံးပြုရေးအတွက် သက်ဆိုင်ရာကျေးရွာအုပ်စု၊ ကျေးရွာများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ထားပြီး ဒေသခံတောင်သူ များမှ ဖွဲ့စည်းထားတဲ့ ကျေးရွာအဆင့် ထိန်းသိမ်းရေးကော်မတီများရဲ့ ကြီးကြပ်မှုနှင့် ထိန်းသိမ်းဆောင် ရွက်လျက်ရှိပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ညှိနှိုင်းဖြေကြားချက်အရ ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လင်းခေးမြို့ပေါ်ရှိ ဒေသစရိတ်ခံစားခွင့် ရုပ်သိမ်းခြင်းခံရသော မြို့နယ်အဆင့်ဌာနဆိုင်ရာ(၁၈)ဌာနမှ ဝန်ထမ်း ၂၇၈ ဦးတို့ကို ပြန်လည်စိစစ်၍ခံစားခွင့်ပြုရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဘသိန်း(လင်းခေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ထမ်းများနှင့် ဧည့်သည် တော်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ လင်းခေးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘသိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လင်းခေးမြို့ပေါ်ရှိ ဌာနဆိုင်ရာဝန်ထမ်းအချို့ ဒေသစရိတ်ခံစားခွင့်ရုပ်သိမ်းခံရခြင်းကိစ္စအား ပြန်လည်စိစစ်ခံစားခွင့်ပြုရန် အစီအစဉ်ကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခဲ့ရာ အလှည့်မရခဲ့လို့ စာနဲ့အရေးတယူဖြေကြား ပေးခဲ့တဲ့ ပြည်ထဲရေးဝန်ကြီးကို အထူးကျေးဇူးတင်အပ်ပါတယ်။ ဖြေဆိုချက်အပိုဒ်(၁)တွင် လင်းခေး မြို့နယ်ရှိ ဝန်ထမ်းများအားလုံး ဒေသစရိတ်ခံစားခွင့်ပြုခဲ့တာကို ကြိုဆိုထောက်ခံမိပါတယ်။ ဖြေကြား

ချက်အပိုဒ်(၂)အရ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲတဲ့ဒေသသတ်မှတ်ရာမှာ အခြေခံစိစစ်ချက်များမှာ ကုန်စျေးနှုန်းကြီးမြင့်ခြင်း၊ စီးပွားရေးဖြစ်ထွန်းမှုနည်းပါးခြင်း၊ ရာသီဥတုဆိုးရွားခြင်း၊ လူမှုပတ်ဝန်းကျင်အခက်အခဲရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း စသည်တို့ဟာ လင်းခေးမြို့နယ်ရဲ့ ကျေးလက်မြို့ပေါ် မကွဲပြားဘဲ ဖြစ်ပေါ်နေတဲ့ပကတိအခြေအနေတွေဖြစ်ပါတယ်။ အဲဒီလို ခက်ခဲတဲ့ အချက်များကြောင့် ဖြေလျှော့မှုမရှိသေးဘဲနဲ့ ဖြေကြားချက်အပိုဒ်(၃)နဲ့ အပိုဒ်(၄)မှာပြန်လည်စိစစ်ပြီးတော့ မြို့ပေါ်ဝန်ထမ်းအချို့ရဲ့ဒေသစရိတ်ကို ရုပ်သိမ်းခဲ့ရတာကို တွေ့ရှိနေရပါတယ်။ အဲဒီလို ရုပ်သိမ်းခဲ့တာ ပကတိအခြေအနေနဲ့ ညီညွတ်မှုမရှိတာကိုလည်း တွေ့နေရပါတယ်။ အခြေအနေမှန်ကို တင်ပြရမယ်ဆိုရင် လင်းခေးမြို့ရဲ့ အနောက်ဘက်ကနေ မြို့အဝင်လမ်း မြောက်ဘက်မှာ မြို့နယ်ရဲစခန်းရှိပါတယ်။ အဲဒီရဲ့စခန်းက ရဲဝန်ထမ်းများဟာ ဒေသစရိတ် ရုပ်သိမ်းခြင်းကိုခံနေရပါတယ်။ ရဲစခန်းနဲ့ မျက်နှာချင်းဆိုင်လမ်းတောင်ဘက်မှာ မြို့နယ်ပညာရေးမှူးရုံးရှိပြီးတော့ အဲဒီပညာရေးမှူးရုံးက ဝန်ထမ်းများဟာ ဒေသစရိတ်ခံစားခွင့် ဆက်လက်ရရှိခံစားနေရပါတယ်။ မြို့နယ်ပညာရေးမှူးရုံးရဲ့ အရှေ့ဘက်တစ်လမ်းကျော်မှာကျတော့ မြို့နယ်ပြည်သူ့ဆေးရုံ၊ အားကစားနဲ့ ကာယပညာဦးစီးဌာန၊ အခြေခံပညာအထက်တန်းကျောင်းစတဲ့ ဌာနတွေမှာရှိတဲ့ ဝန်ထမ်းတွေကဒေသဆိုင်ရာစရိတ်ရုပ်သိမ်းခြင်းကို ခံနေရပါတယ်။ ထို့အတူ မြို့ရဲ့တောင်ဘက်အထွက်လမ်းမှာ လမ်းအနောက်ဘက်မှာရှိတဲ့ ကျေးလက်တိုင်နဲ့မြေစာရင်းဦးစီးဌာန အဲဒီဌာနကဝန်ထမ်းတွေဟာလည်း ဒေသစရိတ်ရုပ်သိမ်းခြင်းကို ခံနေရပါတယ်။ သို့ရာတွင် မြေစာရင်းရုံးရဲ့ တောင်ဘက် ကိုက် ၂၀၀ ခန့်အကွာမှာတည်ရှိတဲ့ ခန့်ညားထည်ဝါတဲ့ အဆောက်အဦးတွေနဲ့ ခရိုင်နဲ့ မြို့နယ်အဆင့်ရုံးများမှာရှိတဲ့ ဝန်ထမ်းတွေကျတော့ ဒေသစရိတ်ကို ဆက်လက်ရရှိခံစားနေရပါတယ်။ ဖော်ပြပါဝန်ထမ်းများအားလုံးဟာ လင်းခေးမြို့ရဲ့ စည်းငယ်လေးတစ်ခုအတွင်းမှာ အတူတကွ ဝယ်ယူစားသုံးနေကြသူများ၊ ဘဝတူများဖြစ်ကြပါတယ်။ ဒေသစရိတ်ဖြတ်တောက်ခြင်းခံရတဲ့ ဝန်ထမ်းတွေဟာ တစ်လကိုကျပ် ၆၀၀၀၀ ခန့်ပတ်ဝန်းကျင်လောက် လျော့နည်းခံစားနေရပြီးတော့ သူတို့မှာရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု ခံစားနေရမှာမလွဲပါဘဲ။ စိတ်ဒဏ်ရာရရှိမှုနဲ့ တာဝန်ထမ်းဆောင်ရာမှာ စိတ်ပါဝင်စားမှုနဲ့ ကြိုးစားအားထုတ်မှုလျော့နည်းလာမှာဖြစ်ပြီး အဂတိလိုက်စားမှုနဲ့ လာဘ်ပေးလာဘ်ယူမှုများ ဖြစ်ပွားလာမှာကို စိုးရိမ်မိပါသည်။ အထူးသဖြင့် တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေးတာဝန်ကိုထမ်းဆောင်နေကြတဲ့ ရဲဝန်ထမ်းများ ဒေသစရိတ်ဖြတ်တောက်ခံရတာကို နောက်ဆက်တွဲပြဿနာ တွေးကြည့်မယ်ဆိုရင် ရင်လေးစရာဖြစ်ပါတယ်။ ဖြေကြားချက်အပိုဒ်(၅)ပါ လူနေမှုခက်ခဲသောဒေသတွေကို နှစ်နှစ်လျှင်တစ်ကြိမ် ပြန်လည်

စိစစ်မယ်ဆိုတာကိုလည်း ကျွန်တော့်အနေနဲ့ အခုလက်ငင်း ဖြေရှင်းစေလိုတဲ့အတွက် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဒေသစရိတ်ရုပ်သိမ်းခြင်းခံနေရတဲ့ လင်းခေးမြို့ပါဝန်ထမ်းများ ၇၈ ဦးတို့ရဲ့ဒေသစရိတ်ကို စတင်ရုပ်သိမ်းသည့်နေ့မှစ၍ ပြန်လည်စိစစ်ခံစားခွင့်ပြုနိုင်ရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လင်းခေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘသိန်းမေးမြန်းတဲ့ မေးခွန်းအပေါ်မှာ ကျွန်တော်ပြန်လည်ရှင်းလင်းဖြေကြားသွားပါမယ်။ ၁၉၉၃ ခုနှစ် ဒေသစရိတ်ခံစားခွင့်များသတ်မှတ်စဉ်က ဖြစ်ပေါ်နေတဲ့ မြို့နယ်အသီးသီးရဲ့လုပ်ငန်းရေးအခက်အခဲအခြေအနေများဟာ အချိန်ကာလကြာမြင့်နေပြီဖြစ်တဲ့အတွက်ကြောင့်မို့ ပြောင်းလဲမှုများရှိနေပြီး မြို့နယ်အသီးသီးရဲ့ လက်ရှိလုပ်ငန်းရေးအခက်အခဲအခြေအနေများနှင့် ဒေသစရိတ်နှုန်းထားများ သတ်မှတ်ခြင်းကိုလည်း ပြန်လည်လေ့လာစိစစ်ပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရဲ့ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၁၀၁၀/၂၀၁၂)နဲ့ ဒေသစရိတ်ခံစားခွင့်ရှိတဲ့ မြို့နယ်များနှင့်ဒေသအလိုက်နှုန်းထားများကို ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ ဒီလိုပြင်ဆင်သတ်မှတ်ရာမှာ လင်းခေးမြို့နယ်ပါဝင်ခဲ့ပြီး လင်းခေးမြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာအုပ်စုအားလုံးဟာလည်း ဒေသစရိတ်ကို ခံစားခဲ့ရကြောင်း သိရှိရပါတယ်။ ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၂၈၆/၂၀၁၃) နှင့် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် အမိန့်ကြော်ငြာစာအမှတ် (၁၅၁၃/၂၀၁၃) တို့နှင့် ဝေးလံခေါင်သီပြီးလုပ်ငန်းရေးခက်ခဲတဲ့ဒေသများကိုလေ့လာစိစစ်ပြီး ဒေသစရိတ်ခံစားခွင့်ရှိတဲ့ မြို့နယ်၊ မြို့နယ်ခွဲများအဖြစ်ထပ်မံဖြည့်စွက်ပြင်ဆင်ပြီး ဒေသစရိတ်များခံစားခွင့်ပြုခဲ့ပါတယ်။ ထိုသို့ ထပ်မံပြင်ဆင်ဖြည့်စွက်ခဲ့ရာမှာလည်း လင်းခေးမြို့နယ်တစ်မြို့နယ်လုံးဟာ ဒေသစရိတ်ရရှိခံစားခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ နိုင်ငံ့ဝန်ထမ်းများကို လစာနှုန်းထားအသစ်များ တိုးမြှင့်ပေးခဲ့ခြင်းကြောင့် ဒေသစရိတ်ခံစားမှုနှင့်ပတ်သက်ပြီး ယခင် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀

ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁၀၅၈/၂၀၁၅) နှင့် ဒေသစရိတ်နှုန်းထားများကိုလည်း ယာယီအစီအစဉ်ဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါတယ်။ ထိုသို့ခံစားခွင့်ပြုခဲ့ရာမှာ ဝန်ထမ်းများ ဒေသစရိတ်ခံစားခွင့်ကို လက်ရှိအခြေအနေနှင့်ကိုက်ညီစေရန် ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် စိစစ်ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ယင်းကော်မတီကစိစစ်သုံးသပ်အတည်ပြုသတ်မှတ်ပေးပါက နှုန်းထားအသစ်များကို ဆက်လက်ထုတ်ပြန်မည်ဖြစ်ကြောင်း အဆိုပါအမိန့်ကြော်ငြာစာမှာ ထည့်သွင်းဖော်ပြထားတဲ့ ဒေသစရိတ်ခံစားခွင့်ပြုရာမှာ ယခင်သတ်မှတ်ခဲ့တဲ့ မြို့နယ်တစ်ခုလုံးမှာရှိတဲ့ ရပ်ကွက်ကျေးရွာအားလုံးကို တစ်ပြေးညီခံစားခွင့်ပြုခြင်းမှာမသင့်တော်ခြင်းကြောင့် ပြန်လည်စိစစ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ၂၀၁၅ ခုနှစ်၊ မေလ ၇ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၅) နဲ့ ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲသောဒေသများအဖြစ် ပြန်လည်သတ်မှတ်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီကို ပြည်ထဲရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများအပါအဝင် အဖွဲ့ဝင် ၂၇ ဦးနှင့် ဖွဲ့စည်းခဲ့ပြီး စိစစ်ဆောင်ရွက်ရန် လုပ်ငန်းတာဝန်ငါးရပ်ကို သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီမှ ၂၀၁၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅) နဲ့ ဝေးလံခေါင်သီပြီးလူမှုရေးခက်ခဲတဲ့ ဒေသများအဖြစ် သတ်မှတ်နိုင်ရေးအတွက်ကို နေပြည်တော်ကောင်စီနဲ့ တိုင်းဒေသကြီး/ပြည်နယ်အဆင့် စိစစ်ရေးကော်မတီများကို ဖွဲ့စည်းပြီးအဆိုပါကော်မတီများရဲ့ လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်စိစစ်ဆောင်ရွက်စေခဲ့ပါတယ်။ သက်ဆိုင်ရာနေပြည်တော်ကောင်စီနယ်မြေနဲ့ တိုင်းဒေသကြီး/ပြည်နယ်အဆင့် စိစစ်ရေးကော်မတီများအနေနဲ့ ပြည်ထောင်စုကသတ်မှတ်ထားတဲ့ အချက် (၁၀) ချက်အပေါ်မှာအခြေခံပြီး ဝေးလံခေါင်သီပြီးလူမှုရေးအသင့်အတင့်ခက်ခဲသောဒေသများအဖြစ် (က)အဆင့် ဝေးလံခေါင်သီပြီးလူမှုရေးခက်ခဲသောဒေသများအဖြစ် (ခ)အဆင့်၊ ဝေးလံခေါင်သီပြီးလူမှုရေးအခက်အခဲဆုံးဒေသများအဖြစ်(ဂ)အဆင့် သတ်မှတ်ပြီး ရမှတ်များကိုလည်း သတ်မှတ်ပေးခဲ့ပါတယ်။ ရမှတ် ၄၀ အောက်ရရှိတဲ့ဒေသတွေကတော့ ဒေသစရိတ် ခံစားခွင့်မပြုသင့်တဲ့ဒေသများအဖြစ် သတ်မှတ်ပြီး ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြခဲ့ပါတယ်။ ထို့နောက် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၂၆/၂၀၁၆)နဲ့ ရပ်ကွက်၊ ကျေးရွာအုပ်စုလိုက် ဒေသစရိတ်ခံစားခွင့်ရှိတဲ့ ဒေသတွေကို စိစစ်ရေးကော်မတီအဆင့်ဆင့်ရဲ့ စိစစ်တင်ပြချက်အတိုင်း ပြောင်းလဲပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ ဒီလို သတ်မှတ်

ရာမှာ လင်းခေးမြို့နယ်မှာ မြို့နှစ်မြို့၊ ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၄ စုအဖြစ် ဖွဲ့စည်းထားရှိ။ ဝေးလံခေါင်သီပြီးလူမှုရေးခက်ခဲတဲ့ဒေသများအဖြစ် သတ်မှတ်ရေးစိစစ်ဆောင်ရွက်နိုင်ဖို့အတွက် ဖွဲ့စည်းထားတဲ့ ရှမ်းပြည်နယ်စိစစ်ရေးကော်မတီမှ အခြေခံအချက်များနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ပြီး ပြည်ထောင်စုအဆင့် စစ်ဆေးရေးကော်မတီသို့တင်ပြခဲ့တဲ့အခါမှာ မြို့နယ်နှစ်မြို့နယ်နဲ့ လင်းခေးမြို့နယ်ရဲ့ ရမှတ်ဟာ အခြေခံပေးမှတ် ၄၀ မှတ်အောက်သာရရှိတဲ့အတွက် ဒေသစရိတ်ခံစားခွင့် အကျုံးဝင်ခဲ့ခြင်း ဖြစ်ပါတယ်။ သို့ရာတွင် လင်းခေးမြို့ရှိ ရပ်ကွက်များတွင် ရုံးစိုက်ထားတဲ့ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပညာရေးမှူးရုံး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးစာရင်းဦးစီးဌာနအပါအဝင်၊ ခရိုင်ရုံးနှစ်ရုံးနဲ့ မြို့နယ်ရုံး ၁၇ ရုံးမှ ဝန်ထမ်း ၂၇၈ ဦးမှာလည်း ဒေသစရိတ် ခံစားခွင့် မရရှိခဲ့ကြောင်း သိရှိရပါတယ်။ သို့သော်လည်း လင်းခေးမြို့နယ်ပညာရေးမှူးရုံးဟာ ဒေသစရိတ် ခံစားခွင့်မရှိတော့တာကို မသိရှိဘဲ ၂၀၁၆ ခုနှစ်၊ မတ်လမှာ ဇူလိုင်လအထိ ဆက်လက်ထုတ်ယူခံစားခဲ့ခြင်းကြောင့် စာရင်းစစ်ဆေးကန့်ကွက်ချက်အရ ယခုအချိန်မှာ ဆက်လက်ထုတ်ယူခြင်းမပြုတော့ကြောင်း သိရှိရပါတယ်။ ၂၀၁၆ ခုနှစ်၊ မတ်လအတွက် ထုတ်ယူခဲ့တဲ့ ဒေသစရိတ်ငွေ ၈၆၇၉၀၀ ကျပ်ကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှာ ထုတ်ငွေစာရင်းသို့ ပြန်လည်ပေးသွင်းခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဧပြီလမှ ဇူလိုင်လအထိ ထုတ်ယူခဲ့တဲ့ဒေသစရိတ်တွေကိုလည်း ၂၀၁၆ ခုနှစ်၊ ဩဂုတ်လမှစ၍ ဝန်ထမ်းများရဲ့ လစာမှလည်း ခုနှိမ်လျက်ရှိကြောင်း သိရှိရပါတယ်။

လင်းခေးမြို့နယ်အတွင်း အခြေခံပေးမှတ် ၆၁ မှတ်မှ ၈၀ အတွင်းရရှိတဲ့ ကျေးရွာအုပ်စုအားလုံးဖြစ်တဲ့ ပုန်းထော်ကျေးရွာအုပ်စုအပါအဝင်ကျေးရွာအုပ်စု ၁၄ စုနှင့် ဟိုမိန်းမြို့ပေါ်ရှိ ရပ်ကွက်သုံးရပ်ကွက်တို့အားလူမှုရေးအခက်အခဲများ(က)အဆင့်သတ်မှတ်ထားတဲ့အတွက် ဒေစရိတ်ခံစားခွင့် ရရှိကြောင်းလည်းသိရှိရပါတယ်။ ဒေသစရိတ်သတ်မှတ်ခြင်းကို နှစ်နှစ်လျှင်တစ်ကြိမ် ပြန်လည်စိစစ်သတ်မှတ်ရမည်ဟု ပြဋ္ဌာန်းခဲ့သော်လည်းပဲ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ တစ်နိုင်ငံလုံးရှိဝန်ထမ်းတွေကို လစာတိုးမြှင့်ခဲ့ခြင်းကြောင့် ဒေသစရိတ်နှုန်းထားများကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှာ ယာယီအစီအစဉ်ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ မေလ ၇ ရက်နေ့မှာ ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီဖွဲ့စည်းပြီး အဆင့်ဆင့်စိစစ်စေခဲ့ရာမှာ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှာ ဒေသပြင်ဆင်သတ်မှတ်မှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တင်ပြပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၆) နဲ့ ယခင်ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီကို ဖျက်သိမ်းခဲ့ပါတယ်။ ၂၀၁၆

**မူကြမ်း**

ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၆) နဲ့တော့ ပြည်ထောင်စုအဆင့် အဖွဲ့ အစည်းကော်မတီအသစ်ကိုလည်း ပြန်လည်ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်စိစစ် ရေးကော်မတီအနေနဲ့ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများကို နှစ်နှစ်လျှင် တစ်ကြိမ်ပြန်လည် စိစစ်ရမည်ဟု သတ်မှတ်ပြဋ္ဌာန်းရှိကြောင်းလည်း တွေ့ရှိရပါတယ်။ သတ်မှတ်ကာလ ရောက်ရှိပါက နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်စိစစ်ရေးကော်မတီတွေကို သတ်မှတ်ထားတဲ့အမှတ်ပေးစနစ်နဲ့အညီ လက်တွေ့မြေပြင်တွင် အမှန်တကယ်လိုအပ်သည့် အခြေ အနေကို စိစစ်တင်ပြစေပြီး သက်ဆိုင်ရာနေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် စိစစ်ရေးကော်မတီများ၏ တင်ပြချက်အပေါ် မူတည်၍ ဒေသစရိတ်ခံစားခွင့်ပြုသည့်ဒေသများကို လိုအပ်သလိုပြင်ဆင်သတ်မှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုင်းဘသိန်း(လင်းခေးမဲဆန္ဒနယ်)**။ ။ လိုအပ်သလို ပြင်ဆင်ဆောင်ရွက်မယ်လို့ ဖြေကြားသွားတဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ရှိပါတယ်။ ဒါပေမဲ့ အဖြစ်မှန် ကို ထပ်မံတင်ပြပါရစေခင်ဗျား။ ကျွန်တော်တို့လင်းခေးမြို့နယ်ဟာ လွတ်လပ်ရေးစကာလမှာ ရွာလေး တစ်ရွာသာဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီလက်ထက်ကနေပြီးမှ မြို့အဆင့်တက်လာပြီးတော့ နဝတ၊ နအဖ လက်ထက်မှာကျတော့ ခရိုင်အဆင့်ကို ခုန်ပျံကျော်လွှားပြီးတော့မှ ရောက်ရှိလာတဲ့ မြို့ လေးတစ်မြို့ဖြစ်ပါတယ်။ ရာထူးအားဖြင့် ခရိုင်မြို့ဆိုပေမယ့် ကျွန်တော်တို့မြို့နယ်ဟာ လုံးဝမြို့နယ် အဆင့် မီတဲ့မြို့နယ်မဟုတ်ပါဘူးခင်ဗျား။ ကျွန်တော်တို့ မြို့နယ်မှာ မြို့အဆင့်ကို မီဖို့ရာ ဆောင်ရွက် စရာတွေ အများကြီးရှိနေလို့ ခရိုင်အဆင့်ကို မီဖို့ဆိုတာ ဝေးလံလှပါတယ်။ ဝန်ထမ်းတွေဟာလည်း တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေ မမျှမတဖြစ်နေရပါတယ်။ လင်းခေးမြို့နယ် မြို့ပေါ်နဲ့ ပုန်းထွန်ကျေးရွာဆို တာ တစ်ဆက်တစ်စပ်တည်းပါ။ ဘာမှမကွာခြားပါဘူး။ အခု သတ်မှတ်ရာမှာ ရုံးတည်နေရာကို မူတည် ပြီးမှ ခက်ခဲတဲ့ဒေသကို သတ်မှတ်တယ်ဆိုပေမယ့် မြို့ပေါ်ကို လာပြီးမှ တာဝန်ထမ်းဆောင်တဲ့ ရွာက ဝန်ထမ်းတွေ အတော်များများရှိပါတယ်။ ဒီလိုနေရာမှာ ရုံးကိုမူတည်ပြီးတော့မှ သတ်မှတ်တယ်ဆိုတာ မဆီလျော်ဘူးလို့ ကျွန်တော့်အနေနဲ့ ထင်မြင်မိပါတယ်။ သို့ဖြစ်ပါ၍ တကယ်လို့ ပြင်ဆင်သတ်မှတ်ပေး မယ်ဆိုရင် အမြန်ဆုံး မည်သည့်အချိန်တွင် ပြင်ဆင်ပေးနိုင်မည်ကို ကျွန်တော့်အနေနဲ့ သိရှိလိုပါသဖြင့် ထပ်မံပြီးတော့ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ထပ်ဆင့်မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားတင်ပြသွားပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ကျွန်တော်တို့နိုင်ငံ့ဝန်ထမ်းများရဲ့အကျိုးကို ရှေးရှုပြီး အခုလို ပြည့်ပြည့်စုံစုံပြောကြားမေးမြန်းတဲ့ အတွက်လည်း ဝန်ထမ်းများကိုယ်စား ကျွန်တော်ကျေးဇူးတင်ရှိကြောင်းလည်း ဦးစွာပြောကြားလိုပါ တယ်။ ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း ကျွန်တော်တို့ အခု ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ပြန်လည်ဖွဲ့စည်း တာဝန် ပေးအပ်မှုမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ် တာဝန်ပေးတာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီတာဝန်ကို တာဝန်ယူဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီတာဝန်ထမ်းဆောင်နိုင်ဖို့ အတွက် ပြည်ထောင်စုအဆင့်စိစစ်ရေးကော်မတီသည် လုပ်ငန်းတာဝန်များနှင့်ပတ်သက်ပြီး သတ်မှတ် ပေးတဲ့နေရာမှာတော့ ကျွန်တော်တို့ စတုတ္ထအချက်မှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှာ ဝေးလံခေါင်သီ ၍ လူမှုရေးခက်ခဲသောဒေသအဖြစ် သတ်မှတ်ပေးနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်စိစစ်ရေး ကော်မတီ၏ ထောက်ခံချက်နှင့်အတူ တင်ပြလာပါက ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသ အဖြစ် စိစစ်ပြီး ဘဏ္ဍာရေးနှစ်၏ နှစ်စတွင် ခွင့်ပြုမိန့် ထုတ်ပြန်နိုင်ရန် ဆောင်ရွက်ပေးခြင်းဆိုတဲ့ အချက်တစ်ချက် ပါရှိပါတယ်။ ဒါ့အပြင် အချက်(၅)မှာတော့ ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲသော ဒေသအဖြစ်သတ်မှတ်ပေးထားသော မြို့နှင့် ကျေးရွာအုပ်စုများအား နှစ်နှစ်တစ်ကြိမ် ဒေသဖွံ့ဖြိုး တိုးတက်မှုအခြေအနေကိုစိစစ်၍ ဒေသစရိတ် ခံစားခွင့်ရှိသည့်ဒေသအဖြစ်မှပယ်ဖျက်ခြင်း၊ အဆင့် လျှော့ချခြင်း လုပ်ငန်းများဆောင်ရွက်ရန်လို့ သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ အချိန်ဇယားတွက်ချက်မှုအရ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလမှာစတင်ပြီး ခံစားခွင့်ပြုခဲ့ ပါတယ်။ ဒီလိုခံစားခွင့်ပြုခဲ့တဲ့အတွက် စတင်စိစစ်ဆောင်ရွက်မှုတွေကို ၂၀၁၇ ခုနှစ်မှာ စတင် ဆောင်ရွက်ပြီး ၂၀၁၈ ကုန်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ဖြစ်တဲ့ ဧပြီလ ၁ ရက်နေ့ကနေ စတင် ခံစားနိုင်ဖို့အတွက် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ထန်တလန်မြို့နယ်ရှိ နှာရိန်းကျေးရွာအား မြို့အဖြစ်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နီရွှေလျန်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီရွှေလျန်း ဖြစ်ပါတယ်။ ကျွန်မမေးမြန်းမယ့်မေးခွန်းကတော့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်ရှိ နှာရိန်းကျေးရွာအား မြို့အဖြစ်တိုးမြှင့်ပေးပါရန် အစီအစဉ်ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ထန်တလန်မြို့နယ်အတွင်းရှိ နှာရိန်းကျေးရွာဟာ ထန်တလန်မြို့မှ ၅၃ မိုင်၊ မတူပီမြို့မှ ၅၆ မိုင်၊ ချင်းပြည်နယ်မြို့တော်ဟားခါးမှ ၇၇ မိုင်ကွာဝေး၍ ထန်တလန်-မတူပီဆက်သွယ်ရေးလမ်းပေါ်တွင် တည်ရှိပါတယ်။ ချင်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းဆက်သွယ်ရေးလမ်းကြောင်း ဗဟိုချက်မှပေါ်တွင်တည်ရှိပြီး အိန္ဒိယနယ်စပ်အနီးရှိ ရွာတစ်ရွာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ နှာရိန်းကျေးရွာဟာ အိမ်ခြေ ၄၀၀ ရှိပြီး လူဦးရေ ၂၀၀၀ ကျော်နေထိုင်သောရွာဖြစ်ပါတယ်။ လက်လှမ်းမီကျေးရွာများနှင့် ပေါင်းစပ်ပါက လူဦးရေ ၁၂၀၀၀ ကျော်နေထိုင်တဲ့ဒေသဖြစ်ပါတယ်။ မြို့နှင့်အလှမ်းဝေးကွာတဲ့ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးကိစ္စများကိုဆောင်ရွက်ရာတွင် အခက်အခဲများစွာကြုံတွေ့နေရပါတယ်။ နှာရိန်းပတ်ဝန်းကျင်တွင်ရှိသော လောက်သူးလူမျိုးနွယ်စုနှင့် မာရာလူမျိုးနွယ်စုတို့နေထိုင်ရာ ရွာပေါင်း ၁၈ ရွာ၊ လူဦးရေအားဖြင့် ၁၂၀၀၀ ကျော် နေထိုင်တဲ့အဆိုပါ ၁၈ ရွာအနက် အချက်အခြာအကျဆုံး ရွာတစ်ရွာလေးဖြစ်ပါတယ်။ ကျေးရွာပေါင်း ၁၈ ရွာရှိပြည်သူလူထုအတွက် နှာရိန်းရွာကို မြို့အဖြစ်တိုးမြှင့်ပေးပါက ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးတို့အတွက် အထောက်အကူများစွာပြုမည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နှာရိန်းရွာတွင် အစိုးရအထက်တန်းကျောင်းတစ်ကျောင်း၊ အစိုးရမူလတန်းကျောင်းတစ်ကျောင်း၊ တိုက်နယ်ဆေးရုံ၊ အစိုးရမီးသတ်ရုံး၊ စာတိုက်အဆင့်(၆)ရုံး၊ IP Star ရုံး စသည့်အစိုးရဌာနများလည်း ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ ဘာသာရေးဆိုင်ရာဌာနများမှာ ကိုယ်ထူ

ကိုယ်ထမိဘမဲဂေဟာမူကြိုကျောင်းသုံးကျောင်း၊ နှစ်ခြင်းခရစ်ယာန်အသင်းချုပ်ရုံး၊ ရိုမန်ကတ်သလစ်အသင်းချုပ်ရုံးများရှိပါတယ်။ မြို့အဖြစ်တိုးမြှင့်ပေးနိုင်ခြင်းအတွက် သက်ဆိုင်ရာသို့ အဆင့်ဆင့်တင်ပြထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ထန်တလန်မြို့နယ်ရှိ နှာရိန်းကျေးရွာအား မြို့အဖြစ်သတ်မှတ်ပေးပါရန် အစီအစဉ်ရှိ/မရှိ ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီရွှေလျှန်း မေးမြန်းခဲ့တဲ့မေးခွန်းအပေါ်မှာ ကျွန်တော်ပြန်လည်ရှင်းလင်းဖြေကြားသွားပါ့မယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ မှာ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(သို့မဟုတ်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်/မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များပြင်ဆင်ရန်၊ ဖွဲ့စည်းရန်သို့မဟုတ်အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံထောက်ခံပြီး နိုင်ငံတော်သမ္မတက လိုအပ်သလိုဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်ပြီး အောက်ဖော်ပြပါမြို့အင်္ဂါရပ် ၂၈ ရပ်နှင့် ကိုက်ညီမှုရှိတဲ့ ကျေးရွာ သို့မဟုတ် ကျေးရွာများ သို့မဟုတ် ကျေးရွာအုပ်စု (သို့မဟုတ်)ကျေးရွာအုပ်စုများကို မြို့ဖြင့်တိုးချဲ့ဖွဲ့စည်းခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးချုပ်များမှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ (က) အိမ်ခြေအနည်းဆုံး ၁၀၀၀၊ လူဦးရေအနည်းဆုံး ၅၀၀၀၊ (ခ) ဈေးမြေဧရိယာ ၂.၁၆၆ ဧက၊ (ဂ) ဘောလုံးကွင်းမြေဧရိယာ ၂.၆၈၆ ဧက၊ (ဃ) ကလေးများအပန်းဖြေရန် ဥယာဉ်ကစားကွင်းမြေဧရိယာ ၂.၄၉၉ ဧက၊ (င) ၁၆ ခုတင်ဆံ့ဆေးရုံ၊ (စ) ဘာသာရေးဆိုင်ရာနေရာ၊ (ဆ) ကုန်ထုတ်လုပ်မှုဆိုင်ရာနေရာ၊ (ဇ) ကျေးရွာဘုံမြေ၊ ကျေးရွာထင်းစိုက်ခင်း၊ (ဈ) အုပ်ချုပ်ရေးမှူးရုံးနှင့်စာကြည့်တိုက်၊ (ည) အခြေခံမူလတန်း၊ အထက်တန်းကျောင်းများ၊ (ဋ) လျှပ်စစ်မီးရရှိမှုအခြေအနေ၊

(ဌ) ဆက်သွယ်ရေးအိတ်ချိန်းရုံး၊ (ဍ) လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ (ဎ) သောက်သုံးရေးရရှိမှု၊ (ဏ) တိုးတက်လာမည့်လူဦးရေးအတွက်မြို့ဧရိယာတိုးချဲ့မည့်အစီအမံ၊ (တ) ကုန်စည်ဒိုင်၊ လက်ကားဒိုင်၊ အလုပ်အကိုင်ရရှိမှုအခွင့်အလမ်းအခြေအနေ၊ (ထ) ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်စသည့်နေရာချထားမှုအခြေအနေ၊ (ဒ) တိရစ္ဆာန်များထိန်းကျောင်းမှုအခြေအနေ၊ (ဓ) အမှိုက်သရိုက်စွန့်ပြစ်ရန်နေရာ၊ (န) မိလ္လာစွန့်ရန်နှင့် မြောင်းတူးသည့်မြေဧရိယာ၊ (ပ) သင်္ချိုင်းမြေနေရာများ ဖော်ပြထားရှိပါတယ်။ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ထန်ထလန်မြို့နယ်ကို ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃ ခု၊ ကျေးရွာ ၈၇ ရွာနှင့် ဖွဲ့စည်းထားရှိပြီး အိမ်ခြေ ၁၀၁၈၈ လုံး၊ အိမ်ထောင်စု ၉၉၆၇ စု၊ လူဦးရေ ၅၁၆၇၄ ဦးနေထိုင်လျက်ရှိပါတယ်။ ထန်တလန်မြို့နယ်အတွင်းမှာရှိတဲ့ နှာရိန်း (က) ကျေးရွာအုပ်စုကို နှာရိန်း (က)ကျေးရွာနှင့် နှာရိန်း (ခ) ကျေးရွာတို့ဖြင့် ဖွဲ့စည်းထားပြီး အိမ်ခြေ ၃၈၀ လုံး၊ အိမ်ထောင်စု ၃၅၅ စု၊ လူဦးရေ ၁၉၈၁ ဦး နေထိုင်လျက်ရှိပါတယ်။ ဟားခါးမြို့နယ်၊ နှာရိန်း(က)ကျေးရွာ အုပ်စုကို မြို့အဖြစ်တိုးမြင့်သတ်မှတ်ပေးရန်ကိစ္စနှင့်ပတ်သက်ပြီး အထက်ပါအပိုဒ်(၃)ပါ မြို့အင်္ဂါရပ် (၂၈)ရပ်နှင့် ကိုက်ညီမှုရှိ/မရှိကို သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့မှ စိစစ်ခဲ့တဲ့အခါမှာ အပိုဒ်ခွဲ (င)၊ (စ)၊ (ဈ)၊ (ည)၊ (ဌ)၊ (ဎ)၊ (ဏ)၊ (ထ)၊ (ဒ)၊ (ပ) စတဲ့ မြို့အင်္ဂါရပ်အချက် ၁၀ ချက်သာကိုက်ညီပြီး ကျန်သတ်မှတ်တဲ့ ၁၁ ချက်ကို စိစစ်ဆောင်ရွက်ချက်ဖြစ်ကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှာကျင်းပပြုလုပ်တဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးမှာလည်း တွေ့ရှိရတဲ့အချက်များ ပေါ်မူတည်ပြီး ဆုံးဖြတ်ချက်ချမှတ်ရာမှာ ခေတ္တဆိုင်းငံ့ထားရန် ဆုံးဖြတ်ထားတာဖြစ်တဲ့အတွက် လက်ရှိအခြေအနေမှာ နှာရိန်းကျေးရွာအား မြို့အဖြစ်ဖွဲ့စည်းရန် အစီအစဉ်မရှိသေးပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ညှိနှိုင်းဖြေကြားချက်အရ ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၅-၁၀-၂၀၁၆ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ) တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်အတည်ပြု၍ပေးပို့လာသော နိုင်ငံ့ဝန်ထမ်းဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ဖြစ်သော (၂၆-၉-၂၀၁၆ ရက်နေ့)တွင် လွှတ်တော်သို့လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၈-၉-၂၀၁၆ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆိုတင်သွင်း

ထားတဲ့ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်တို့က သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ နိုင်ငံ့ဝန်ထမ်းဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက် (၂၀)ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်ပါ တယ်။ ကျွန်တော်ကတော့ နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဟိန် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်သို့ ကျွန်တော် အစီရင်ခံစာတင်သွင်းပါ့မယ်ခင်ဗျား။ ဤနိုင်ငံ့ဝန်ထမ်း ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ ဖြစ်သည့် ၂၆-၉-၂၀၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။ ပြင်ဆင်ချက်အဆိုများကို ၂၈-၉-၂၀၁၆ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်းကြေညာခဲ့သဖြင့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှ ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါသည်။ (က)ဒေါက်တာဒေါ်ပြုံး (အင်းတော်မဲဆန္ဒနယ်)၊ (ခ)ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)၊ (ဂ)ဦးမင်းသိန်း (တောင်တွင်းကြီးမဲဆန္ဒနယ်)၊ (ဃ)ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)၊ (င) ဦးဖြိုးဇေယျာသော် (ခေါ်) ဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)၊ (စ)ဗိုလ်မှူးဇင်လင်း(တပ်မတော်သားကိုယ်စားလှယ်)။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ပြင်ဆင်ချက်အဆို တင်သွင်းသူကိုယ်စားလှယ် ခြောက်ဦး၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ၅-၁၀-၂၀၁၆ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းညှိနှိုင်းအစည်း

အဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက် အောက်ဖော်ပြပါအချက်(၂၀)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပါသည်။ အမှတ်စဉ်(က) စာမျက်နှာ ၁ ဥပဒေခေါင်းစီး၊ အပိုဒ် ၁၊ အမှတ်စဉ်(ခ) စာမျက်နှာ ၂ မှ ၃ အပိုဒ် ၂ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ) ပုဒ်မခွဲငယ်(၂)ကိုပြင်ဆင်ခြင်း၊ အပိုဒ် ၃ ပုဒ်မ ၂ ပုဒ်မခွဲ(င)ကိုပြင်ဆင်ခြင်း၊ အပိုဒ် ၄ ပုဒ်မ ၂ ပုဒ်မခွဲ(စ) ကိုပြင်ဆင်ခြင်း၊ အမှတ်စဉ်(ဂ) စာမျက်နှာ ၄ အပိုဒ် ၅ ပုဒ်မ ၇ ပုဒ်မခွဲ(က)ကိုပြင်ဆင်ခြင်း၊ အမှတ်စဉ်(ဃ) စာမျက်နှာ ၆ အပိုဒ် ၈ ပုဒ်မ ၁၅ ကိုပြင်ဆင်ခြင်း၊ အမှတ်စဉ်(င) စာမျက်နှာ ၇ အပိုဒ် ၁၀ ပုဒ်မ ၂၂ ကိုပြင်ဆင်ခြင်း၊ အမှတ်စဉ်(စ) စာမျက်နှာ ၈ အပိုဒ် ၁၂ ပုဒ်မ ၃၉ ကိုပြင်ဆင်ခြင်း၊ အပိုဒ် ၁၃ ပုဒ်မ ၄၀ ကိုပြင်ဆင်ခြင်း၊ အမှတ်စဉ်(ဆ) စာမျက်နှာ ၉ အပိုဒ် ၁၄ ပုဒ်မ ၄၁ ကိုပြင်ဆင်ခြင်း၊ အပိုဒ် ၁၅ ပုဒ်မ ၄၃ ပုဒ်မခွဲ(က) ကိုပြင်ဆင်ခြင်း၊ အမှတ်စဉ်(ဇ) စာမျက်နှာ ၁၀ မှ ၁၁ အပိုဒ် ၁၆ ပုဒ်မ ၄၆ ကိုပြင်ဆင်ခြင်း၊ အပိုဒ် ၁၇ ပုဒ်မ ၄၈ ပုဒ်မခွဲ(ဃ)ကိုပြင်ဆင်ခြင်း၊ အပိုဒ် ၁၈ ပုဒ်မ ၄၉ ကိုပြင်ဆင်ခြင်း၊ အပိုဒ် ၁၉ ပုဒ်မ ၅၀ ကိုပြင်ဆင်ခြင်း၊ အမှတ်စဉ်(ဈ) စာမျက်နှာ ၁၂ အပိုဒ် ၂၁ ပုဒ်မ ၅၈ ကိုပြင်ဆင်ခြင်း၊ အပိုဒ် ၂၂ ပုဒ်မ ၆၂ ကိုပြင်ဆင်ခြင်း၊ အမှတ်စဉ်(ည) စာမျက်နှာ ၁၃ အပိုဒ် ၂၃ ပုဒ်မ ၆၄ ကိုပြင်ဆင်ခြင်း၊ အပိုဒ် ၂၄ ပုဒ်မ ၇၄ ကိုပြင်ဆင်ခြင်း။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သဘောတူညီသည့် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက် ၂၀ ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် အချက်(၂၀)ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့အချက်(၂၀)ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များ

အနက်မှ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့အချက် (၂၀)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်တစ်ချက်အား တင်သွင်းဖို့ ဖိတ်ခေါ်ပါ တယ်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်သော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အထက်တွင် တင်ပြ ဆွေးနွေးခဲ့သည့် ၅-၁၀-၂၀၁၆ ရက်နေ့ ညှိနှိုင်းအစည်းအဝေး၏ သဘောတူ ဆုံးဖြတ်ချက် များအရ ပြည်သူ့လွှတ်တော်ဥပဒေ ကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန် တင်ပြချက် (၁)ချက်မှာ ဖြစ်ပါသည်။ ထပ်မံပြင်ဆင်ရန်တင်ပြချက် ဇယားကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေ ထားပြီး ဖြစ်ပါသည်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ တင်ပြလိုသည်မှာ ပုဒ်မ ၅၆ ခြေဆင်းတွင် မူလက ဝန်ထမ်းသည် အောက်ပါ ပင်စင် အမျိုးအစားများအနက် တစ်မျိုးမျိုးကို ခံစားခွင့်ရှိသည်ဟု ဖော်ပြထားပါသည်။ ထိုဖော်ပြချက်တွင် ဒီခံစားပိုင်ခွင့် ရှိသောပင်စင်များကို ဖော်ပြ ထားခြင်းဖြစ်ပြီး ထိုများအနက် တစ်ခုခုကို ခံစားနိုင်ခွင့်ရှိသည်ဟု အဓိပ္ပာယ် ကောက်ယူ၍ရပါသည်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ထားသည့် ပြင်ဆင်ချက်တွင်မူ နိုင်ငံ့ဝန်ထမ်း ဥပဒေ ပုဒ်မ ၅၆ ၏ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်။

၅၆။ ဝန်ထမ်းနှင့်သက်ဆိုင်သည့် ပင်စင်အမျိုးအစားမှာ အောက်ပါအတိုင်းဖြစ်ပါသည်ဟု ဖော်ပြထားသဖြင့် ၅၆ ၏ အဓိကဖော်ပြချက်ဖြစ်သော ပင်စင်တစ်မျိုးမျိုးကိုခံစားခွင့်ရှိသည့်အချက်က ပျောက်ဆုံးနေပါသဖြင့် မူလအတိုင်းပြင်ဆင်သင့်ပါကြောင်း ပြည်သူ့လွှတ်တော်သို့ တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်(၁)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ထပ်မံပြင်ဆင်ချက်(၁)ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားသော ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်တို့က ပြင်ဆင်ချက်(၉)ချက်အား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးမှာဖြစ်ပါတယ်။ ယခု စတင်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ) ပုဒ်မခွဲငယ်(၁)နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးကို ဖော်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်ရှင်။ ကျွန်မကတော့ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)မှာ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးဆိုသည်မှာ နိုင်ငံတော်သမ္မတက ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခုတွင် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသူကိုဆိုသည်ဆိုတာကို ဥပဒေကြမ်းကနေ နိုင်ငံ့ဝန်ထမ်းဥပဒေအပိုဒ် ၂ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်။ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးဆိုသည်မှာ လွှတ်တော်အသီးသီးက ရွေးချယ်တာဝန်ပေးအပ်သော လွှတ်တော်အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့်ဆိုတဲ့ စကားလုံးကို ကျွန်မက ဥပဒေတစ်ရပ်အနေနဲ့ ရှင်းလင်းမှုမရှိ ပြည်သူများနားလည်မှုမရှိ Confusion ဖြစ်နိုင်တဲ့အတွက်ကြောင့်မိုလို့ ကျွန်မဒီအဆိုကို မူလအဆိုအတိုင်း ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးဆိုသည်မှာနဲ့ပဲ ထားချင်တဲ့အတွက် ပယ်ဖျက်ရခြင်းဖြစ်ပါတယ်။ ပယ်ဖျက်ကြောင်းအဆိုတင်သွင်းခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ယခု ပြည်သူ့လွှတ်တော် ရှေ့ရောက်နေတဲ့

ဥပဒေဟာ နိုင်ငံ့ဝန်ထမ်း ဥပဒေဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့ အကျုံးဝင်တဲ့ အဖွဲ့အစည်းနှစ်ခုရှိပါတယ်။ တစ်ခုကတော့ ဝန်ထမ်းအဖွဲ့အစည်းဆိုပြီးခေါ်ပါတယ်။ ကျွန်တော်တို့ ဒီဝန်ထမ်း အဖွဲ့အစည်းကို နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ဂ)မှာ ဖော်ပြထားပါတယ်။ ထို့အတူပါပဲ ဒုတိယအဖွဲ့အစည်း တစ်ခုဖြစ်တဲ့ဥစ္စာက ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းဆိုပြီးတော့ ဒီအဖွဲ့အစည်းကလည်း နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဖြစ်ပါတယ်။ အဲဒါကိုတော့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဌာနအသီးသီး ဆိုပြီး။ ကျွန်တော်တို့က ဒီမှာဆိုလို့ရှိရင် ပုဒ်မ ၂ ပုဒ်မခွဲ(စ)မှာ ကျွန်တော်တို့ အဓိပ္ပာယ်ဖော်ပြထားပြီး သားရှိပါတယ်။ ပထမအမျိုးအစားဖြစ်တဲ့ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲကိုဆိုလို့ရှိရင် ကျွန်တော်တို့ က ပုဒ်မ ၂ ပုဒ်မခွဲ(ဃ) မှာ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးဆိုသည်မှာဆိုပြီး ကျွန်တော်တို့က ဖော်ပြ ထားတာရှိပါတယ်။ သို့သော်လည်း နိုင်ငံ့ဝန်ထမ်းဥပဒေမှာ ဒုတိယတင်ပြခဲ့တဲ့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးဆိုတာ ကျွန်တော်တို့ ဒီဥပဒေမှာမပါလာပါဘူး။ မပါလာတဲ့အတွက်ကြောင့် ဥပဒေကိုပြန်ကြည့်လိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့က လေးပိုဒ်ဖော်ပြရမှာဖြစ်သော်လည်း သုံးပိုဒ် တည်းဖော်ပြပြီး တစ်ပိုဒ်လိုပါတယ်။ အဲဒီအချက်ဟာ ဘာလည်းဆိုရင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း အကြီးအမှူးဆိုသည်မှာ ဆိုတာကို ဖြစ်ပါတယ်။ အဲဒီလိုအပ်ချက်ကို အပိုဒ် ၂(ဃ)(၁)မှာ ဖြည့်စွက် ထားခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်ဟာ ကျွန်တော်တို့ လိုအပ်ပါတယ်။ ဒါကို မူလပြဌာန်းချက်အတိုင်း ပြန်လည်မပြဌာန်းသင့်ပါဘူး။ ဒီအချက်က လိုအပ်တဲ့အတွက်ကြောင့် လွှတ်တော်က အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့သဘောထားပြောပါ။

**ဒေါက်တာဝင်းသိန်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ရုပ်နာမ်နှစ်ပါး အေးချမ်းကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံးမှ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)ကို မူလပြဌာန်းချက်အတိုင်း ထားရှိပြီး ထပ်မံဖြည့်စွက်သည့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးဆိုသည့်စကားရပ် အဓိပ္ပာယ်ဖော်ပြချက်အား ပယ်ဖျက်ရန်အကြံပြုခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါစကားရပ်အား ပုဒ်မခွဲငယ်(၁) အဖြစ် ထည့်သွင်းပြဌာန်းရခြင်းမှာ နိုင်ငံ့ဝန်ထမ်းဥပဒေ၏ ပြဌာန်းချက်များတွင် ဝန်ကြီးဌာနနှင့် အဖွဲ့

အစည်းအကြီးအမှူးဆိုသည့်စကားရပ်အား ထည့်သွင်းပြဋ္ဌာန်းကျင့်သုံးလျက်ရှိသော်လည်း အဆိုပါ စကားရပ်၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုမူ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၌သာ သတ်မှတ်ပြဋ္ဌာန်းခဲ့သဖြင့် နည်းဥပဒေမှ ဥပဒေအား လွှမ်းမိုးမှုမရှိစေရန် ဥပဒေတွင် ပုဒ်မခွဲငယ်တစ်ခုအဖြစ် ထပ်မံဖြည့်စွက်ရခြင်းဖြစ်ပါတယ်။ အဆိုပါစကားရပ်တွင် လွှတ်တော်အသီးသီးက ရွေးချယ်တာဝန်ပေးအပ်သော လွှတ်တော်အဖွဲ့အစည်းများ၏ အကြီးအမှူးများ စကားရပ်ကို ဖြည့်စွက်ဖော်ပြရခြင်းမှာ လွှတ်တော်ရုံးများ၏ ဝန်ထမ်းရေးရာကိစ္စရပ်များဖြစ်သော ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခံစားခွင့်ပြုခြင်း၊ ဝန်ထမ်းစည်းကမ်းဆိုင်ရာအရေးယူဆောင်ရွက်ခြင်း၊ အငြိမ်းစားခံစားခွင့်ပြုခြင်း စသည့်ကိစ္စရပ်များကို ဆောင်ရွက်ရာ၌ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးများကဲ့သို့ ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက်အား သဘောတူပါကြောင်းနှင့် ပြည်သူ့လွှတ်တော်၏အဆုံးအဖြတ်ကို နာခံဆောင်ရွက်ရန်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၂ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ) ပုဒ်မခွဲငယ်(၁)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူကြောင်း တင်ပြခဲ့ပြီး အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးက မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိရန်အဆိုတင်သွင်းထားပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဥပဒေကြမ်းကော်မတီရဲ့ သဘောတူချက်ကို ထောက်ခံထားပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဥပဒေကြမ်းကော်မတီရဲ့ သဘောတူညီမှုကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဒေါက်တာဒေါ်ပြုံး၏ အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၇၇ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၁ မဲ၊ ကြားနေဆန္ဒမဲ ၁ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၂ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ) ပုဒ်မခွဲငယ် (၁)သည် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၆ ပုဒ်မ ၈ ပုဒ်မခွဲ(ခ)နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇင်လင်းကို ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးဇင်လင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇင်လင်းဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးသွားမှာက နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း ပုဒ်မ ၈ ပုဒ်မခွဲ(ခ)နှင့်ပတ်သက်ပြီး မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိရန်အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၈ ပုဒ်မခွဲ(ခ)သည် တည်ဆဲနိုင်ငံ့ဝန်ထမ်းဥပဒေအခန်း(၃) ရွေးချယ်ခန့်ထားခြင်းအပိုင်းမှာရှိပြီး မူရင်းဥပဒေမှာ ရာထူးဝန်အဖွဲ့သည် ပုဒ်မခွဲ(က)အရ ညှိနှိုင်းလာသည့်အပေါ် စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်ဟု ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်ခင်ဗျား။ အမျိုးသားလွှတ်တော်က ပုဒ်မ ၈ ပုဒ်မခွဲ(ခ)ကို ပြည်ထောင်စုအစိုးရအဖွဲ့ဆိုသည့်စကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဆိုသည့်စကားရပ်ဖြင့် အစားထိုး ပြင်ဆင်ထားပါတယ်။ ထိုကဲ့သို့ပြင်ဆင်ထားတဲ့အခါ ဥပဒေကို အစားထိုးလိုက်မယ်ဆိုရင် ရာထူးဝန်အဖွဲ့သည် ပုဒ်မခွဲ(က)အရ ညှိနှိုင်းလာသည့်အပေါ်စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြရမည်ဟု ပြောင်းလဲသွားမှာဖြစ်ပါတယ်။ အဲဒီတော့ ပုဒ်မခွဲမှာ ပုဒ်မခွဲ(က)ကို ညွှန်းထားတာဖြစ်တဲ့အတွက် ပုဒ်မခွဲ(က)နှင့်ပတ်သက်လို့ ရှင်းလင်းတင်ပြရန်လိုအပ်တဲ့အတွက် ပုဒ်မခွဲ(က)ကို ရှင်းလင်းတင်ပြခွင့်ပြုပါ။ ကိုယ်စားလှယ်များ သိသာထင်ရှားမြင်ရအောင်အတွက် Power Point လေးသုံးခွင့်ပြုပါခင်ဗျား။

ပုဒ်မခွဲ(က)မှာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခုမှ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးကို အခြားဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းရွှေ့ခန့်ထားလိုပါက သတ်မှတ်ထားသည့်အရည်အချင်းနှင့် ပြည့်စုံလျှင် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းသည် ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းရမည်ဟု ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ပြန်တမ်းဝင်အရာရှိတစ်ဦးအား ဝန်ကြီးဌာနတစ်ခုကနေတစ်ခု ပြောင်းရွှေ့လိုတယ်ဆိုလို့ရှိရင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းရမယ်လို့ပဲ ပါပါသေးတယ်ခင်ဗျား။ ဆုံးဖြတ်ချက်မချရသေးပါဘူး။ ညှိနှိုင်းတယ်ဆိုတာမှာလည်း သက်ဆိုင်ရာဝန်ကြီးဌာနမှာ ပြည်ထောင်စုဝန်ကြီးအချင်းချင်းလည်းဖြစ်နိုင်သလို အမြဲတမ်းအတွင်းဝန်ချင်းလည်းဖြစ်နိုင်တယ်။ ညွှန်ကြားရေးမှူးချုပ်အချင်းချင်းလည်း ဖြစ်နိုင်ပါတယ်။ အဲဒီမှာ ပုဒ်မခွဲ(ခ)ကတော့ ရာထူးဝန်အဖွဲ့သည် ပုဒ်မခွဲ(က)အရ ညှိနှိုင်းလာတဲ့အပေါ်စိစစ်ပြီးတော့

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြရမယ်လို့ဆိုလို့ရှိရင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကနေတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့(Cabinet)ကိုတင်ပြရမယ်။ Cabinet ကမှဆုံးဖြတ်ချက်ချပြီးတော့မှ အဲဒီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက Cabinet နဲ့ဆုံးဖြတ်ချက်ရဲ့အစည်းအဝေးအမှတ်စဉ်ဆုံးဖြတ်ချက်ကို ရည်ညွှန်းပြီးတော့မှ နိုင်ငံတော်ပြန်တမ်းမှာ ထုတ်ပြန်ရမှာဖြစ်ပါတယ်။ ဒီတော့ တကယ်တမ်းဆုံးဖြတ်ရ မယ့်အဖွဲ့အစည်းက ပြည်ထောင်စုအစိုးရအဖွဲ့ပဲဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကဆုံးဖြတ်လို့ မရတာ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိတည်ဆဲ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၉(စ) အရ ရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်ပါတယ်။ ထို့အပြင် ပြည်ထောင်စု အစိုးရအဖွဲ့ဝါစဉ်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် ပြည်ထောင်စုအစိုးရအဖွဲ့ဝါစဉ် ၁၇ မှာရှိပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ဝါစဉ် ၃၄ မှာ ရှိတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ရာထူးဝန်အဖွဲ့ဆိုတာ ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် များကို ဆိုလိုခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဝါစဉ်အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်တဲ့ ရာထူးဝန်အဖွဲ့ဟာ ညွှန်ကြားရေးမှူးချုပ်တစ်ယောက်ဦးစီးတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို တင်ပြရ မယ်ဆိုတာလည်း ဝါစဉ်သဘောအရ ကိုက်ညီမှုမရှိကြောင်းလည်း တွေ့ရှိရပါတယ်။ ဥပဒေသဘော အရ ပြည်ထောင်စုအစိုးရအဖွဲ့သို့သာ တင်ပြရမှာဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းအရ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ ပေးပို့ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က ဥပဒေပြုနေတာဖြစ်ပါတယ်။ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ အမိန့်ညွှန်ကြားစာတွေကို ဥပဒေစာသားအဖြစ်ပြောင်းလဲရန် မသင့်ပါဘူး။ ဥပမာအနေနဲ့တင်ပြရမယ်ဆိုလို့ရှိရင် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရမည်ဟု ဥပဒေပါစာသားမှာပြဋ္ဌာန်းရမှာ ဖြစ်ပါ တယ်။ ဒါကို လုပ်ငန်းသဘောသဘာဝအရတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံးကိုပဲ အစီရင်ခံစာကို ပေးပို့ရမှာဖြစ်ပါတယ်။ ဒါကို ဥပဒေမှာ ဥက္ကဋ္ဌရုံးကိုတင်ပြရမည်လို့ပြင်လိုက်ရင် ဝါစဉ်သဘောအရ လွဲမှားသွားမှာဖြစ်ပါတယ်။ အလားတူပဲ ပြည်ထောင်စုလွှတ်တော်နာယကသည် နိုင်ငံတော်သမ္မတထံ သို့ သဝဏ်လွှာပေးပို့ရမည်ဟု ဥပဒေမှာပြဋ္ဌာန်းရမှာဖြစ်ပါတယ်။ လက်တွေ့မှာတော့ နိုင်ငံတော် သမ္မတရုံးကိုပဲ ပေးပို့ရမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း အတည်ပြုလိုက် ပါက ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၏ ကွပ်ကဲမှု အောက်ကို ရောက်ရှိသွားသလိုဖြစ်နေပြီးတော့ မူလပြဋ္ဌာန်းချက်ဖြစ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကို သာ တင်ပြသင့်တာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့အဖွဲ့အစည်းဖြစ်ပြီး

ညွှန်ကြားရေးမှူးချုပ်ဦးစီးသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်များကို လိုက်လံအကောင်အထည်ဖော်ပေးရတဲ့ ရုံးအဖွဲ့သာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်၏ တင်ပြချက်ဖြစ်တဲ့ မူလအတိုင်းထားရှိရန်အဆိုအား လွှတ်တော်က အတည်ပြုပေးရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခုအငြင်းပွားနေတဲ့အချက်က ပုဒ်မ ၈ ပုဒ်မခွဲ(ခ)ပါ။ ပုဒ်မ ၈ ပုဒ်မခွဲ(ခ)မှာ ဖော်ပြထားတဲ့အချက်ကတော့ ရာထူးဝန်အဖွဲ့သည် ပုဒ်မခွဲ(က)အရ ညှိနှိုင်းလာသည့်အပေါ် စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်လို့ မူလပြဋ္ဌာန်းချက်ပါ။ ကျွန်တော်တို့ ပြင်လိုက်တဲ့ အခါမှာ ပြည်ထောင်စုအစိုးရအဖွဲ့အစား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးလို့ ပြင်ဆင်ခိုင်းတာပါ။ အဲဒါ ဆိုရင် ကျွန်တော်တို့ အသစ်ပြင်ဆင်တဲ့ဥစ္စာက ရာထူးဝန်အဖွဲ့သည် ပုဒ်မခွဲ(က)အရ ညှိနှိုင်းလာသည့် အပေါ်စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးလို့ တင်ပြရမည်လို့ ကျွန်တော်တို့ ဒီလိုဖြစ်သွားပါတယ် ခင်ဗျား။ ဒီနေရာမှာ ကျွန်တော်တင်ပြချင်တာကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ဆိုတာ Cabinet ပါ။ Cabinet ဆိုတာ အချိန်ပြည့် Cabinet အစည်းအဝေးထိုင်နေတာမဟုတ်ပါဘူး။ Cabinet အစည်းအဝေးကို အချိန် အခါအလိုက်ပေါ့လေ။ လိုအပ်ချက်အရထိုင်ကြတာပဲဖြစ်ပါတယ်။ ဒီအချက်က လည်း ကျွန်တော်အငြင်း မပွားပါဘူး။ ကျွန်တော်တို့က တကယ်လက်တွေ့လုပ်တဲ့အခါမှာ Cabinet ကို တင်ပြရမည်လို့ဆိုသော်လည်းပဲ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကိုပဲ တင်ရတာပါ။ ရုံးကိုတင်လိုက်တဲ့ အတွက်ကြောင့် ဒီမှာရုံးထည့်လိုက်ခြင်းဟာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့လုပ်ပိုင်ခွင့်ကို ရယူတယ်လို့ ဒီလိုမဟုတ်ပါဘူးခင်ဗျား။ ကျွန်တော်တို့ ခုနကပြောတဲ့အတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးလို့ တင်ပြရ မည်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကနေ Cabinet အစည်းအဝေးရှိတဲ့အခါမှာ Cabinet ကိုတင်မှာ ပါ။ Cabinet ရဲ့အဆုံးအဖြတ်ပဲဖြစ်ပါတယ်။ ဒီဥစ္စာက လုပ်ငန်းချောမွေ့ရုံ၊ လုပ်ငန်းလွယ်ကူရုံ၊ လုပ်ငန်း Process မှန်ကန်ရုံ ကျွန်တော်တို့က ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ Cabinet ရဲ့လုပ်ပိုင်ခွင့်ကို လွှဲပြောင်းပေးခြင်းလည်း မဟုတ်ပါဘူး။ ဒါ့ကြောင့် တကယ် Practice လုပ်ကြည့်လိုက်တဲ့အခါမှာ ကျွန်တော်တို့ ဘာကိုတွေ့ရမလဲလို့ပြောလို့ရှိရင် အချိန်ကြန့်ကြာမှုနည်းသွားတာကို တွေ့ရပါမယ်။ နောက်တစ်ခါ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အကြီးအကဲဖြစ်တဲ့ သမ္မတအပေါ်မှာ ဝန်ပိ ခြင်းဟာ လျော့နည်းသွားတာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဆိုတဲ့

စကားရပ်ကို ပြည်သူ့လွှတ်တော်ကနေပြီး တော့အတည်ပြုပေးဖို့ရန်အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သဘောထားမပြောခင် ကျွန်တော်တစ်ခု ပြည်ထောင်စု ရာထူးဝန်အဖွဲ့ကို အကူအညီတောင်းပါမယ်။ ဒီဟာက ဥပဒေဖြစ်ပါတယ်။ ဒီဥပဒေဟာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့နဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့ဥပဒေဖြစ်ပါတယ်။ အဲဒီတော့ ဒီကိစ္စဟာ ပြည်ထောင်စု အစိုးရအဖွဲ့သုံးတာထက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသုံးတာထက် ဥပဒေရဲ့လေးနက်ခံရမှုနဲ့ ဥပဒေ တစ်ခုရဲ့ ဥပမိရုပ်ပီပြင်ဖို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ အားမနာဘဲနဲ့ ဒီနေရာမှာ ရုံး သုံးလို့ သင့်/မသင့်၊ အစိုးရအဖွဲ့သုံးလို့ သင့်/မသင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သဘောထားကို ကိုယ်နဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ဥပဒေတစ်ခုဖြစ်တာမို့လို့ ပွင့်ပွင့်လင်းလင်းပဲ ပြောစေချင်ပါတယ်။ သဘော ထားပြောပေးပါ။

**ဒေါက်တာဝင်းသိန်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး)**။ ။ လေးစားရပါသော ဥက္ကဋ္ဌ ကြီးခင်ဗျား။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇင်လင်းမှ အမျိုးသားလွှတ်တော်က အတည်ပြု ထားသော ပုဒ်မ ၈ ပုဒ်မခွဲ(ခ)ပါ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဟူသည့်စကားရပ်အစား မူလစကားရပ် ဖြစ်သော၊ ပြည်ထောင်စုအစိုးရအဖွဲ့ဟူသော စကားရပ်အတိုင်းထားရှိရန် အကြံပြုဆွေးနွေးခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အရာထမ်းအဆင့်ဝန်ထမ်းများအား ပြောင်းရွှေ့ခန့်ထားခြင်းနှင့်စပ်လျဉ်းပြီးတော့ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၂)နှင့် (၃)တို့အရ ရာထူးဝန်အဖွဲ့က ပြည်ထောင်စုအစိုးရရုံးမှတစ်ဆင့် နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှုကို ခံယူတင်ပြပြီး နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ရရှိပါက အရာထမ်းပြောင်းရွှေ့ခေါ်ယူလိုသော ဝန်ကြီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပြောင်းရွှေ့ရန်ကိုယ်တိုင်ဆန္ဒပြုသည့် အရာထမ်း၏ဝန်ကြီးဌာနအဖွဲ့အစည်းက အမှာစာပြုစုပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီး အတည်ပြုချက်ရယူရန် ပြဋ္ဌာန်းချက်နှင့် အညီ လက်တွေ့မှာလည်း အကောင်အထည်ဖော် ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ လက်တွေ့ဆောင်ရွက်မှုနှင့် ကိုက်ညီမှုရှိစေရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးလို့ ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်အတိုင်းထားရှိမည်ဆိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှတစ်ကြိမ်၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တင်ပြရမည့်သဘော ဖြစ်နေပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ

၏ ပြင်ဆင်ရန်တင်ပြချက်အား သဘောတူထောက်ခံပါကြောင်းနှင့် ပြည်သူ့လွှတ်တော်၏အဆုံးအဖြတ်အား နာခံဆောင်ရွက်မည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၆ ပုဒ်မ ၈ ပုဒ်မခွဲ(ခ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း သဘောတူကြောင်း တင်ပြခဲ့ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ကလည်း ထောက်ခံမှုပေးခဲ့ပါတယ်။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇင်လင်းက မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန် အဆိုတင်သွင်းထားပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဥပဒေကြမ်းကော်မတီရဲ့သဘောတူညီမှုကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီကို ထောက်ခံမဲများလျှင် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဗိုလ်မှူးဇင်လင်းရဲ့ အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၂၃၆ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၆၆ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၂ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၆ ပုဒ်မ ၈ ပုဒ်မခွဲ(ခ)သည် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာ စားသုံးရန်အတွက်အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ နေ့လယ် ၁ နာရီအချိန်မှာ အစည်းအဝေးပြန်လည်စတင်မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၂:၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၂:၀၀။**

**မူကြမ်း**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသစ်ဖြည့်စွက်တဲ့ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဆ) နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးဇင်လတ်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်အေးဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မက နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဆ) ပါတီနိုင်ငံရေးကင်းရှင်းခြင်းဆိုတဲ့ မူလဥပဒေပါစာသားကို ကျွန်မက ပါတီနိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန်လို့ ကျွန်မပြင်ဆင်လိုတဲ့အတွက် ဒါအဆိုပြုချက်တင်ထားတာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မအနေနဲ့ ဒီမူလဥပဒေပါစာသားကို ဘာဖြစ်လို့ဒီစာသားနဲ့ပြင်ဆင်အစားထိုးချင်ရတာလည်းဆိုလို့ရှိရင် ကျွန်မမှာ အကြောင်းအရင်းလေးသုံးခုရှိပါတယ်ရှင်။ ပထမအကြောင်းအရင်းအနေနဲ့ ကျွန်မတို့ ဒီပါတီနိုင်ငံရေးကင်းရှင်းခြင်းဆိုတဲ့စကားရပ်က ကျွန်မတို့ရဲ့ တကယ့်တာဝန်ထမ်းဆောင်နေရတဲ့အချိန်ကာလတွေအတွက်တော့ လက်တွေ့မကျတဲ့စကားရပ် ဖြစ်နေလို့ပါပဲ။ ဘာလို့ အဲဒီလိုလက်တွေ့မကျရတာလဲဆိုတော့ လိုက်နာဆောင်ရွက်ရတဲ့အခါမှာ ဒီစကားရပ်အပေါ်မှာ ကျွန်မတို့အနေနဲ့ ဝေခွဲရခက်ခဲလို့ဖြစ်ပါတယ်။ ဘယ်လိုဝေခွဲရခက်ခဲတာလဲဆိုတော့ ပါတီနိုင်ငံရေးကင်းရှင်းခြင်း၊ ဒီကင်းရှင်းခြင်းဆိုတဲ့စကားလုံးရဲ့ သူ့ရဲ့အတိမ်အနက်၊ သူ့ရဲ့ကျယ်ပြန့်မှု၊ သူသက်ရောက်မှုအတိုင်းအတာဟာ ဘယ်၍ဘယ်မျှအထိ သတ်မှတ်ထားတယ်ဆိုတာကို ဝန်ထမ်းများအနေနဲ့ ဝေခွဲမရဖြစ်ပါတယ်။ အဲဒီတော့ ဝေခွဲမရဖြစ်တဲ့အခါမှာ ကျွန်မတို့ဝန်ထမ်းတွေအနေနဲ့ စိုးရိမ်သောကစိတ်တွေဖြစ်လာပြီးတော့ သူတို့က ဘယ်လောက်ထိတောင်မှ ဒီစကားလုံးအပေါ်မှာ ကျွန်မတို့ဝန်ထမ်းတွေအနေနဲ့ စိုးရိမ်စိတ်ဖြစ်ရသလဲဆိုလို့ရှိရင် ဒီဝန်ထမ်းတစ်ယောက်ရဲ့ သူ့ရဲ့မိသားစုဝင်တစ်ယောက်က ပါတီတံဆိပ်ပါတဲ့၊ အမှတ်အသားပါတဲ့ ဦးထုပ်ပဲဖြစ်စေ၊ နောက်ပြီးတော့ အဝတ်အစားပဲဖြစ်စေ ဝတ်ဆင်လာရင်ကို ဟန့်တားရတဲ့အထိ သူတို့မှာစိုးရိမ်စိတ်တွေဖြစ်ကြပါတယ်။

နောက်ထပ်တစ်ခု သူတို့ဘယ်လောက်စိုးရိမ်စိတ်ဖြစ်ရသလဲဆိုလို့ရှိရင် ဒီဝန်ထမ်းတွေဟာ သူတို့ဝန်ထမ်းတာဝန်ထမ်းဆောင်ချိန်ရဲ့ ပြင်ပမှာတောင်မှပဲ ဒီပါတီတစ်ခုက စည်းရုံးရေးလာလို့

ဟောပြောပွဲလေးလုပ်လို့ လာပြီးတော့၊ သွားပြီးတော့နားထောင်ချင်ရင်တောင်မှပဲ ငါတို့ဟာ ဝန်ထမ်း ဖြစ်နေတယ်၊ ပါတီနိုင်ငံရေးကင်းရှင်းရမယ်ဆိုတာပါတဲ့အတွက်ကြောင့်မို့လို့ နားမထောင်ရဲလောက် အောင်ထိ အဲဒီလောက်ထိသူတို့မှာ ကင်းရှင်းရေးဆိုတဲ့စကားရပ်ဟာ ဝန်ထမ်းတွေရဲ့အပေါ်မှာ ဖိစီးမှု ဖြစ်နေတဲ့အတွက်ကြောင့်မို့ ကျွန်မရဲ့နံပါတ်(၁)အကြောင်းအရင်းက ပြင်ဆင်လိုတဲ့နံပါတ်(၁)အကြောင်း အရင်းဖြစ်ပါတယ်။ နောက် နံပါတ်(၂)အကြောင်းအရင်းက တကယ်တမ်းတော့ ဒီကင်းရှင်းခြင်းဆိုတဲ့ စကားရပ်ဟာ ခုနကပြောသလို လက်တွေ့လည်းမကျသလို၊ ဖြစ်လည်းမဖြစ်နိုင်တဲ့စကားရပ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့စဉ်းစားကြည့်ပါ။ ဝန်ထမ်းဆိုတာကလည်း ပြည်သူထဲကပြည်သူပဲ။ ကျွန်မတို့ ငါးနှစ်တစ်ကြိမ် အစိုးရအပြောင်းအလဲတွေလုပ်မယ်။ ရွေးကောက်ပွဲတွေကျင်းပမယ်။ မဲတွေ ပေးရတော့မယ်။ ဝန်ထမ်းတွေဟာလည်း မဲပေးရတာပါပဲ။ အဲဒီတော့ ဝန်ထမ်းဟာ မဲပေးဖို့အတွက် သူယုံကြည်တဲ့၊ သူစိတ်ချတဲ့၊ သူအားကိုးချင်စိတ်ရှိတဲ့ ပါတီတစ်ခုရဲ့နာမည်ကို သူရွေးချယ်ပြီးတော့ မဲပေးရမှာပါပဲ။ အဲဒီတော့ ဒီလိုမဲပေးရဖို့ဆိုလို့ရှိရင် ဒီပါတီရဲ့အကြောင်းကို သူလေ့လာမယ်။ ဒီပါတီရဲ့ အကြောင်းကို သူနားစွင့်မှာပါပဲ။ အဲဒီတော့အခါကျတော့ ကျွန်မတို့ ဒီပါတီနိုင်ငံရေးကင်းရှင်းခြင်းဆိုတဲ့ စကားရပ်အတိုင်းပဲ အတိအကျလိုက်နာမယ်ဆိုလို့ရှိရင် ဝန်ထမ်းတွေအနေနဲ့ မဲပေးခွင့်တောင်မှ မရှိသလို အဓိပ္ပာယ်သက်ရောက်နိုင်စရာရှိပါတယ်။ အဲဒါကြောင့်မို့လို့ ဒီဟာကတော့ ကျွန်မရဲ့ နံပါတ်(၂)အကြောင်းပြချက်ဖြစ်ပါတယ်။

နောက် နံပါတ်(၃)အကြောင်းပြချက်ကတော့ အရေးကြီးဆုံးပါပဲ။ ကျွန်မပြောမယ့် အကြောင်း အရင်းသုံးခုထဲမှာ နံပါတ်(၃)အကြောင်းပြချက်ကတော့ ကျွန်မအနေနဲ့ အရေးကြီးဆုံးလို့ယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်ရဲ့အခြေခံမူများ ပုဒ်မ ၂၆ ပုဒ်မခွဲ(က)မှာ ဘာပြောထားလဲဆိုတော့ နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမယ်လို့ ရေးသားထား ပါတယ်။ အဲဒီလို ရေးသားထားတဲ့အတွက်ကြောင့်မို့လို့ ဥပဒေပြုလွှတ်တော်အမတ်လည်းဖြစ်တဲ့ ကျွန်မက ဒီလိုမျိုးစာသားကို နိုင်ငံ့ဝန်ထမ်းဥပဒေမှာ ပြင်ချင်တယ်လို့ ပြောဆိုခြင်းဟာ ဥပဒေပြု လွှတ်တော်အမတ်တစ်ယောက်သည် အခြေခံဥပဒေကို သွေဖည်နေသလားလို့လည်း မေးဖွယ်ရာရှိ ပါတယ်။ ဒါပေမဲ့လည်း ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ပုဒ်မ ၄၈ မှာပဲ တစ်ခါဖော်ပြထားပါတယ်။ နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက် အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း၊ လိုက်နာရမည့်လမ်းညွှန်များဖြစ်သည်လို့သာ ဖော်ပြပါရှိထားပါ

တယ်။ အဲဒီတော့ ဆိုလိုချင်တဲ့အဓိပ္ပာယ်ကဘာလဲဆိုတော့ ကျွန်မတို့နားလည်ခံယူကျင့်သုံးတဲ့အတိုင်း ပါပဲ။ ကျွန်မတို့ ဥပဒေအသစ်ပြုတာပဲဖြစ်ဖြစ်၊ ပြင်ဆင်တာပဲဖြစ်ဖြစ်၊ ဖြည့်စွက်တာပဲဖြစ်ဖြစ် ကျွန်မတို့ပြုတဲ့ကိစ္စတွေဟာ တည်ဆဲအခြေခံဥပဒေနဲ့ အနက်အဓိပ္ပာယ်အရ မဆန့်ကျင်ဖို့၊ သဘော တရားအရ မကွဲပြားစေဖို့သာ ဖြစ်ပါတယ်။ ဒီအခြေခံဥပဒေမှာ သုံးနှုန်းထားတဲ့စကားလုံးအသုံးအနှုန်း ၏၊ သည်မရွေး နောက်ပြုမယ့်ဥပဒေတွေမှာ ထည့်သွင်းပြီးတော့ အသုံးပြုဖို့ ပြဋ္ဌာန်းထားခြင်း မရှိတဲ့အတွက် ကျွန်မရဲ့အဆိုပြု ပြဋ္ဌာန်းချက်ဟာ အခြေခံဥပဒေနှင့်လည်း သွေဖည်ခြင်းမရှိပါဘူးလို့ ကျွန်မအနေနဲ့အနှစ်ချုပ်ရင်းနှင့် ကျွန်မရဲ့အဆိုပြုပြဋ္ဌာန်းချက်ကို ပြည်သူ့လွှတ်တော်မှာ အတည်ပြု ပြဋ္ဌာန်းပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် တင်သွင်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ အသစ်ဖြည့်စွက်တဲ့ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဆ)နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ဥပဒေကြမ်း ကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီဘက်မှာအငြင်းပွားနေတဲ့ဥစ္စာက ပုဒ်မ ၁၀ ပုဒ်မခွဲ(ဆ)။ ဒီဘက်မှာ မူရင်းပြဋ္ဌာန်းချက်ကတော့ ပါတီနိုင်ငံရေးကင်းရှင်းခြင်းနှင့် တစ်ဖက်က ရွှေဘိုမဲဆန္ဒနယ်က နေပြီးတော့ ဒေါက်တာဒေါ်အေဇင်လတ် တင်ပြတဲ့ဥစ္စာကတော့ ပါတီနိုင်ငံရေးတွင် ပါဝင်ဆောင်ရွက် ခြင်းမပြုရန်ဆိုသည့် ဒီအချက်ပါ။ ဒါကို ကျွန်တော်တို့စဉ်းစားလိုက်တဲ့အခါမှာ ဒေါက်တာ ဒေါ်အေဇင်လတ်ကိုယ်တိုင်ကလည်း ဒီနှစ်ခုဟာ သဘောထားအားဖြင့် မတူပါဘူး။ ကွဲလွဲနေတယ် ဆိုတာလည်း ဒါလည်းသူကဖော်ပြသွားပြီးသားဖြစ်ပါတယ်။ ကျွန်တော်တင်ပြလိုတာကတော့ ပါတီ နိုင်ငံရေးကင်းရှင်းခြင်းဆိုတဲ့ဟာက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆ ပုဒ်မခွဲ(က)မှာ ပါတဲ့အချက်ကို နိုင်ငံ့ဝန်ထမ်းများဥပဒေပုဒ်မ ၁၀ မှာ ဝန်ထမ်းများသည် အောက်ပါများကိုလိုက်နာရန် တာဝန်ရှိသည် ဆိုတဲ့နေရာမှာ ဖြည့်စွက်ထားတာပါ။ ဖြည့်စွက်ထားလိုက်တဲ့အတွက်ကြောင့် အောက်မှာ ခြင်း၊ ခြင်း၊ ခြင်း၊ ခြင်းနှင့်သွားတဲ့အတွက်ကြောင့် ဒီဘက်မှာလည်း ပါတီနိုင်ငံရေးကင်းရှင်းခြင်းလို့ဖြစ်တာပါ။ အဲဒီတော့ (၁)အချက် ကျွန်တော်တင်ပြလိုတာကတော့ ဒီဘက်မှာဆောင်ရွက်ခြင်းမပြုရန်လို့ ပြောလိုက် တာနဲ့တစ်ပြိုင်တည်း Consequence ပျက်သွားပါတယ်။ တစ်ချက်ပါ။

နောက်တစ်ချက်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆ ပုဒ်မခွဲ(က)မှာ ပါတီနိုင်ငံရေးကင်းရှင်း ခြင်းလို့ ဖော်ပြထားပါလျက်နှင့် ကျွန်တော်တို့က သူနဲ့သဘောထားပြောင်းသွားတဲ့ ပါတီနိုင်ငံရေးတွင်

ပါဝင်ဆောင်ရွက်ခြင်းမပြုရန်လို့ ပြင်လိုက်မယ်လို့ပြောရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ရမယ့် သဘောရောက်သွားပါတယ်။ နောက်တစ်ချက်က ဥပဒေကြမ်းကော်မတီအနေနဲ့ ဥပဒေတစ်ခုကို စိစစ်တဲ့အခါမှာ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ ပြဋ္ဌာန်းထားတာရှိပါတယ်။ အဲဒီထဲက အချက်တစ်ချက်က ဘာလဲလို့ပြောလို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းရှိ/မရှိဆိုတဲ့ အချက်ပါ။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ ဒီတင်ပြထားချက်ဟာ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကွဲလွဲနေကြောင်းထင်ရှားနေပါတယ်။ နောက်တစ်ခါ ရေးထုံးရေးနည်းနှင့်လည်း လွဲချော်နေပါတယ်။ နောက်တစ်ခါ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေတယ်။ ဆန့်ကျင်မှုရှိ/မရှိစိစစ်ရမှာက ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ဖြစ်ပါတယ်လို့ဖော်ပြထားတဲ့အတွက်ကြောင့် မူလအတိုင်းပဲ ပြဋ္ဌာန်းထားပေးပါလို့ လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် လွှတ်တော်ကိုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သဘောထားပြောပါ။

**ဒေါက်တာဝင်းသိန်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေဇင်လတ်မှ အမျိုးသားလွှတ်တော်၏အတည်ပြုချက်တွင် မပါဝင်သော ပုဒ်မ ၁၀ ပုဒ်မခွဲ(ဆ)ပါ ပါတီနိုင်ငံရေးကင်းရှင်းခြင်း စကားရပ်အစား ပါတီနိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန်စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်ရန်လည်းကောင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ဖြင့် အတည်ပြုထားသော ပုဒ်မ ၁၀ ပုဒ်မခွဲ(ဌ) ပြည်သူကို ရိုသေလေးစားစွာဖြင့် ဝန်ဆောင်မှုပေးခြင်းစကားရပ်ကို ပယ်ဖျက်ရန်လည်းကောင်း၊ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဌ)ပါ ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသောအသင်းအဖွဲ့များတွင်ပါဝင်ခွင့် စကားရပ်အစား ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသောအသင်းအဖွဲ့များတွင် တာဝန်ချိန်မဟုတ်လျှင် ပါဝင်ဆောင်ရွက်ခွင့်ဟူသော စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက်ရန်လည်းကောင်း အကြံပြုဆွေးနွေးသွားခဲ့ပါတယ်။ ပါတီနိုင်ငံရေးကင်းရှင်းခြင်းဆိုတဲ့စကားရပ်ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆ ပုဒ်မခွဲ(က)ပါ နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်ဟူသည့် စကားရပ်ကို ထည့်သွင်းပြဋ္ဌာန်း ထားခြင်းဖြစ်ရာ ပြင်ဆင်မည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေကို ကနဦးပြင်ဆင်ပြီးမှသာ ပြင်ဆင်ရန်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ပြည်သူဗဟိုပြုဝန်ဆောင်မှုပေးရာမှာ ဝန်ထမ်းများအနေဖြင့် ဂရုပြုဆောင်ရွက်စေရန် ပြည်သူကိုရိုသေလေးစားစွာဖြင့် ဝန်ဆောင်မှုပေးခြင်း။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အဲဒီအပိုဒ်ကို မရောက်သေးပါဘူး။ အခု ပုဒ်မခွဲ(ဆ)ကိုပဲ မဲခွဲမှာဖြစ်ပါတယ်။ ပုဒ်မခွဲ(ဆ)နှင့်ပတ်သက်တာပဲ၊ သဘောထားပေးပါ။

**ဒေါက်တာဝင်းသိန်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ ပုဒ်မခွဲ(ဆ)နှင့်ပတ်သက်ပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်အား သဘောတူပါကြောင်းနှင့် ပြည်သူ့လွှတ်တော်၏အဆုံးအဖြတ်အား နာခံဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အသစ်ဖြည့်စွက်တဲ့ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဆ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိရန်တင်ပြခဲ့ပြီး ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်က ပြင်ဆင်ချက်အဆိုတင်သွင်းထားပါတယ်။ ဒါကြောင့် မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ထောက်ခံမဲများလျှင်ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဒေါက်တာဒေါ်အေဇင်လတ်ရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ အခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၂၄ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၆၂ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၃ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အသစ်ဖြည့်စွက်တဲ့ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဆ)သည် ဥပဒေကြမ်းကော်မတီ၏ အဆိုပြုချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၇ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဍ)နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဍ)မှာ ပြည်သူကိုရိုသေလေးစားခြင်းလို့ မူလကပြဋ္ဌာန်းထားပါတယ်။ အမျိုးသားလွှတ်တော်ကတော့ ပြည်သူကို ရိုသေလေးစားစွာဖြင့် ဝန်ဆောင်မှုပေးခြင်းလို့ ပြင်ဆင်ထားတာရှိပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း

ကော်မတီကတော့ ပြည်သူကို ရိုသေလေးစားစွာ ဝန်ဆောင်မှုပေးခြင်းလို့ ပြင်ထားတာရှိပါတယ်။ ဒီအချက်နှင့်ပတ်သက်ပြီးတော့ ကျွန်တော် အပိုင်းနှစ်ပိုင်းအနေနဲ့ တင်ပြလိုပါတယ်။ ပထမအပိုင်း ကတော့ ရေးထုံးပါ။ ရေးထုံးမှာ ရှည်ရှည်ဝေးဝေးတင်ပြစရာမရှိပါဘူး။ မြန်မာစာ၊ မြန်မာစကားအရ ဆိုလို့ရှိရင်တော့ စွာပါသော ကြိယာဝိသေသနပုဒ်များကိုသုံးသော နှင့် နှင့် ဖြင့်ကိုသုံးရန် မလိုပါလို့ မြန်မာစာမှာဆိုထားပါတယ်။ ဒီအတွက်ကြောင့် ပထမပိုင်းဖြစ်တဲ့ ပြည်သူကိုရိုသေလေးစားစွာဖြင့်ဆိုတဲ့ စွာလည်းပါတယ်။ ဖြင့်လည်းပါနေတဲ့အတွက်ကြောင့် စွာပါရင် ဖြင့်မလိုတဲ့အတွက်ကြောင့် ဖြင့်ကိုဖြုတ် လိုက်တာပါ။ ဖြင့်ကိုဖြုတ်လိုက်ခြင်းအားဖြင့် လေးစားစွာဖြင့် ဝန်ဆောင်မှုပေးခြင်းလို့ ပြင်ဆင်ခြင်းဖြစ် ပါတယ်။

နောက်တစ်ချက်က အနှစ်သာရအပိုင်းပါ။ အနှစ်သာရပိုင်း၊ အကြောင်းအရာပိုင်းကို ကျွန်တော်တို့ ပြောရမယ်ဆိုလို့ရှိရင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၄ မှာ အချုပ်အခြာအာဏာ ဟာ နိုင်ငံသားများထံကနေဆင်းသက်တယ်လို့ဆိုပါတယ်။ ဒါကြောင့် နိုင်ငံသားတွေက မူလပထမ အချုပ်အခြာပါ။ ဒါကြောင့် ကျွန်တော်တို့ကလည်း နိုင်ငံသားတွေကို အလုပ်အကျွေးပြုဖို့ဆိုလို့ရှိရင် ဝန်ထမ်းများပေါ့။ ဝန်ဆောင်မှုပေးဖို့ ဝန်ထမ်းများ ခန့်အပ်ပါတယ်။ အဲဒါကို နိုင်ငံ့ဝန်ထမ်းများလို့ ခေါ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများဟာ ခေတ်ပြောင်းလာတာနှင့်အမျှ ယခင်တုန်းကတော့ ပြည်သူလူထု အပေါ်မှာ ဆက်ဆံပုံကို မဆိုလိုပါဘူး။ အခုမှာတော့ ပြည်သူကနေပြီးတော့ မဲဆန္ဒပေးပြီးတော့ ရွေးချယ် လိုက်တဲ့ ပြည်သူ့အစိုးရ၊ ပြည်သူ့ခေတ်မှာ ကျွန်တော်တို့ဝန်ထမ်းများဟာ ပြည်သူများကို မူလပိုင်ရှင် ဖြစ်တဲ့၊ အချုပ်အခြာအာဏာပိုင်ဖြစ်တဲ့ ပြည်သူများကို ရိုသေလေးစားစွာ ဝန်ဆောင်မှုပေးဖို့ လိုအပ် တယ်လို့ ယူဆတဲ့အတွက်ကြောင့် ပြည်သူကို ရိုသေလေးစားစွာ ဝန်ဆောင်မှုပေးခြင်းလို့ ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။

နောက်တစ်ချက်က ဒီဥပဒေကြမ်း ပုဒ်မ ၁၀ ဟာ ဝန်ထမ်းများလိုက်နာရမယ့် တာဝန်များကို ပြဋ္ဌာန်း ထားခြင်းဖြစ်ပါတယ်။ တချို့ကလည်းပြောပါတယ်။ ဒီတာဝန်ကိုပြဋ္ဌာန်းဖို့ မလိုပါဘူး။ ရေးသားထားဖို့ မလိုပါဘူးလို့ ဆိုကြတာတွေရှိပါတယ်။ ဒီအချက်ကမမှန်ပါဘူး။ ဥပမာ- ကျွန်တော်ပြောမယ်ဆိုရင် လူသတ်မှုမကျူးလွန်ရလို့ ဥပဒေမှာ ပြဋ္ဌာန်းထားဖို့ လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမြို့နယ်မှာ လူသတ်မှုမှမဖြစ်ဘဲ ဘာလို့ လူမသတ်ရလို့ ပြဋ္ဌာန်းစရာလို့လဲလို့ ဒီလိုပြောလို့မရပါဘူး။ တကယ် လူသတ်လာခဲ့ရင် လူသတ်မှုပြဋ္ဌာန်းထားတဲ့ဥပဒေနဲ့ အရေးယူရမှာဖြစ်တဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျူးလွန်ခြင်း၊ မကျူးလွန်ခြင်းဟာ တစ်ပိုင်းပါ။ ပြဋ္ဌာန်းထားဖို့ကတော့ လိုပါတယ်။

ဒါကြောင့် ဝန်ထမ်းများလိုက်နာရမယ့်တာဝန်များမှာ ပြည်သူလူထုကို ရိုသေလေးစားစွာ ဝန်ဆောင်မှုပေးခြင်းကို ထည့်သွင်းရခြင်းဖြစ်ကြောင်း တင်ပြပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို ပြည်သူ့လွှတ်တော်က အတည်ပြုပေးပါ့မယ်အကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အပိုဒ် ၇ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဌ)နှင့် စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးရှင်။ ကျွန်မက နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(ဌ)ကို ကျွန်မနဲ့အတူတူ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးနှင့်အတူတူ ကိုယ်စားပြုပြီး ဒီဥပဒေကို ပြင်ဆင်ပယ်ဖျက်တာဖြစ်ပါတယ်ရှင်။ အဲဒီတော့ ကျွန်မတို့အနေနဲ့ ပြည်သူကိုကိုယ်စားပြုတဲ့ အမတ်တွေဖြစ်ပြီးတော့ ဒီလိုပြည်သူကို ရှေ့ရှုထားတဲ့ ဒီလိုဥပဒေစာသားကို ဘာလို့ပယ်ဖျက်နေတာလဲ။ ဒီလိုပယ်ဖျက်ရတဲ့အခါမှာ ကျွန်မတို့အပေါ်မှာ ကျွန်မတို့ရဲ့ရပ်တည်ချက်ကိုတော့ နည်းနည်းလေးမှသံသယမရှိစေလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့မှာ ဒီလိုပယ်ဖျက်ရတဲ့ အကြောင်းအရင်းတွေရှိလို့ပဲဖြစ်ပါတယ်ရှင်။

ပထမဆုံးပြောချင်တာက ကျွန်မတို့အနေနဲ့ မူလဥပဒေပါစာသားဖြစ်တဲ့ ပြည်သူကိုရိုသေလေးစားခြင်းဆိုတဲ့ ဥပဒေပါစာသားကိုလည်း ပယ်ဖျက်ချင်သလို ကျွန်မတို့ ဥပဒေကြမ်းကော်မတီကနေပြီးတော့ အသစ်ဖြည့်စွက်ထားတဲ့ ပြည်သူကို ရိုသေလေးစားစွာဝန်ဆောင်မှုပေးခြင်းဆိုတဲ့စာသားကိုလည်း ပယ်ဖျက်လိုတာပါပဲ။ ဘာကြောင့်ပယ်ဖျက်လိုတာလဲဆိုတော့ ကျွန်မပထမဦးဆုံးပြောချင်တာက ကျွန်မတို့ပြည်သူကို ရိုသေလေးစားဖို့ဆိုတာက ဝန်ထမ်းတွေအတွက်က ဥပဒေတွေထဲမှာ စာသားအနေနဲ့ ထည့်သွင်းပြဋ္ဌာန်းဖို့ရာထက် တကယ့် ဝန်ထမ်းတွေရဲ့အသိစိတ်ဓာတ်ထဲမှာ၊ သူတို့ရဲ့နှလုံးအိမ်ထဲမှာ ပြည်သူဟာ တို့ရိုသေလေးစားရမယ့် လူတွေဖြစ်တယ်ဆိုတဲ့အသိတရားတွေ ကိန်းအောင်းလာအောင် သူတို့ကို ကျွန်မတို့ကသင်ကြားပေးရမယ့် ကျွန်မတို့က သင်ကြားပေးနိုင်မယ့် နေရာတွေရှိပါတယ်။ ကျွန်မဘာကိုပြောချင်တာလဲဆိုတော့ ကျွန်မတို့နိုင်ငံမှာ ဝန်ထမ်းတွေအတွက် တက္ကသိုလ်နှစ်ခုတောင်ရှိပါတယ်။ အထက်မြန်မာပြည်(ဇီးပင်ကြီး) ဗဟိုဝန်ထမ်းတက္ကသိုလ် ရှိတယ်။ အောက်မြန်မာပြည်မှာ(ဖောင်ကြီး) ဝန်ထမ်းတက္ကသိုလ်တွေရှိပါတယ်။ ဒီဝန်ထမ်းတက္ကသိုလ်ရဲ့ သင်ရိုး

ညွှန်းတမ်းတွေကို ပြန်လည်စိစစ်ဖို့လည်းလိုပါပြီ။ သူတို့သင်ရိုးညွှန်းတမ်းတွေမှာ ဒီလိုမျိုး ပြည်သူကို လေးစားစွာဖြင့် ဝန်ဆောင်မှုပေးတဲ့အခါမှာ လေးလေးစားစားဆက်ဆံရမယ်။ လေးလေးစားစား ပြောဆိုရမယ်။ လေးလေးစားစားအလုပ်လုပ်ကိုင်ရမယ်ဆိုတဲ့ အသိစိတ်ဓာတ်တွေကို အဲဒီတက္ကသိုလ်တွေကနေ သင်ကြားပေးရပါမယ်။ အဲဒီလိုသင်ကြားပေးမှသာ ကျွန်မတို့ဟာ ဥပဒေပြဋ္ဌာန်းစရာမလိုဘဲနဲ့ ကျွန်မတို့လိုချင်တဲ့အနေအထားကိုရောက်ပါမယ်။ အဲဒီလိုသင်ကြားပေးနိုင်ခြင်း အဲဒီလိုအဓိကကျတဲ့ဟာကိုမလုပ်ဘဲနဲ့ ဒီလိုကျွန်မတို့ဥပဒေထဲမှာပဲ ထည့်သွင်းပြဋ္ဌာန်းမယ်ဆိုရင် ကျွန်မတို့အဆက်ဆက်ဖြတ်သန်းလာခဲ့တဲ့ ကျွန်မတို့နိုင်ငံကိုပြန်ကြည့်ပါ။ စာတွေကတော့ အကောင်းတွေကြီးရေးခဲ့တာပါပဲ။ ဒါပေမဲ့ ကျွန်မတို့ လက်တွေ့လိုက်နာမကျင့်သုံးနိုင်တဲ့အခါမှာ ကျွန်မတို့နိုင်ငံဟာ ဒီကနေ့ဒီအချိန်ကို ရောက်ခဲ့ရပါတယ်ရှင်။ အဲဒါက ပေးလိုတဲ့ ပထမအကြောင်းအရင်းဖြစ်ပါတယ်။

အဲဒီတော့ နောက်တစ်ချက်ကကျတော့ ကျွန်မတို့ ဝန်ထမ်းတွေအနေနဲ့ ပြန်ကြည့်ပါ။ ပြန်ကြည့်လိုက်တဲ့အခါမှာ ဝန်ထမ်းတွေဟာ ပြည်သူတွေနဲ့ဆက်ဆံတဲ့အခါမှာ မရိုသေတဲ့အသွင်၊ မလေးစားတဲ့အသွင်နဲ့ ပေါက်လာတယ်ဆိုတာက သူရဲ့ပင်ကိုယ်စိတ်ရင်းဟာ စိတ်ရိုင်းကြောင့်မဟုတ်ဘဲနဲ့ ကျွန်မတို့အခြေအနေတွေ ဥပမာ- ဝန်နှင့်အားမမျှတာတွေရှိတယ်။ နောက်ပြီးတော့ ကျွန်မတို့ဖြတ်သန်းလာတဲ့စနစ်အရ အကြောက်တရားတွေရှိတယ်။ ဒါတွေကိုတွန်းကန်ရင်းနဲ့ ဖြစ်ပေါ်လာတဲ့ဆက်စပ်မှုတွေလည်းရှိပါတယ်။ အဲဒီလိုမျိုးဖြစ်ပေါ်လာတဲ့ ဆက်စပ်မှုတွေကြောင့်မို့လို့ ကျွန်မတို့နိုင်ငံ အဆင်ပြေတဲ့တစ်နေ့ကိုရောက်လာတဲ့အခါမှာ ဝန်ထမ်းတွေရဲ့ဆက်ဆံမှုက အလိုအလျောက်ပြောင်းမှာဖြစ်ပါတယ်။ ဒါကို ကျွန်မတို့ ဥပဒေထဲမှာ ရိုသေလေးစားစွာဆိုတဲ့စာသားကို ထည့်ပြဋ္ဌာန်းလိုက်မယ်ဆိုရင် ကျွန်မတို့တစ်ချိန်မှာ သမိုင်းမှာ ပြန်ပြီးတော့ဖတ်ပြီးတဲ့ ကျွန်မတို့ရဲ့မျိုးဆက်တွေဟာ အော်တစ်ချိန်မှာ ကျွန်မတို့နိုင်ငံရဲ့ဝန်ထမ်းတွေက ရိုင်းဆိုင်းလွန်းလို့ ဥပဒေထဲမှာတောင်မှ ထည့်ပြီးတော့ ပြဋ္ဌာန်းပေးခဲ့ရပါလားဆိုတဲ့အသိကိုလည်း ကျွန်မအနေနဲ့ မရောက်စေလိုခြင်းဖြစ်ပါတယ်ရှင်။

နောက်တစ်ချက်က ကျွန်မက ဘာလို့ဒီစာသားကို ပယ်ဖျက်ချင်တာလဲဆိုတော့ တတိယအကြောင်းအရင်းပြောချင်တာကတော့ ကျွန်မတို့ဝန်ဆောင်မှုပေးတဲ့အခါမှာ ကျွန်မတို့ဝန်ထမ်းတွေဟာဝန်ဆောင်မှုကောင်းမည်ဆိုတာနဲ့ ရိုသေလေးစားစွာပြောတာလည်းပါသလို၊ ရိုသေတဲ့အပြုအမူတွေလည်းပါသလို ကျွန်မတို့ထွက်တဲ့စကားလုံးတွေကလည်း ပြေပြေပြစ်ပြစ်ပဲဝန်ဆောင်မှုပေးကြပါတယ်။ ဝန်ဆောင်မှုကောင်းတဲ့ဝန်ထမ်းဟာ ဒါတွေကတွဲပြီးပါလာတာဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေရဲ့ ပုဒ်မ ၁၀ ရှိပြီးသား ပုဒ်မ ၁၀(င)မှာကိုပဲ ဒီဝန်ဆောင်မှုပေးခြင်းနှင့်ပတ်သက်ပြီး

ပြည့်ပြည့်စုံစုံရေးထားပြီးသားရှိပါတယ်။ မိမိအားပေးအပ်ထားသော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်းဆိုတာပါပြီးသားဖြစ်ပါတယ်ရှင်။ ကျွန်မတို့ဝန်ထမ်းတွေဟာ ကိုယ်ကိုယ် ပေးပြီးသားတာဝန်နှင့်ဝတ္တရားကို ကျေပွန်စွာထမ်းဆောင်တယ်ဆိုကတည်းက ရိုသေလေးစားတာတွေလည်းပါတယ်။ ပြေပြေပြစ်ပြစ်ပြောတာတွေလည်းပါတယ်။ ပြည်သူကိုစိတ်ချမ်းသာအောင်လုပ်ပေးတာတွေဟာ အကုန်လုံးပါပြီးသားဖြစ်တဲ့အတွက် ကျွန်မတို့လွှတ်တော်အနေနဲ့ ကျွန်မတင်သွင်းထားတဲ့ ပြည်သူကို ရိုသေလေးစားခြင်းဆိုတဲ့ ဥပဒေစာသားကို ပယ်ဖျက်ပေးဖို့ရာအတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် တင်သွင်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့သဘောထားပြောပါ။

**ဒေါက်တာဝင်းသိန်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(ဌ)နှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်အား သဘောတူပါကြောင်းဖြင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်၏ အဆုံးအဖြတ်အား နာခံဆောင်ရွက်မည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေရဲ့ မူလဥပဒေက ပြည်သူကို ရိုသေလေးစားခြင်း၊ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်က ပြည်သူကို ရိုသေလေးစားစွာဖြင့် ဝန်ဆောင်မှုပေးခြင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်က ပြည်သူကို ရိုသေလေးစားစွာ ဝန်ဆောင်မှုပေးခြင်း ဒါနဲ့ပတ်သက်လို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်ကို သဘောတူပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်က အင်မတန်အရေးကြီးပါတယ်။ အဲဒီတော့ ဥပဒေတစ်ခုပြဋ္ဌာန်းတဲ့အခါမှာ Sprit of Law လုပ်မလား။ Letter of law လုပ်မလား အဆုံးအဖြတ်က ပေါ်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၇ နှင့် ပုဒ်မ ၁၀ ပုဒ်မခွဲ(ဌ)နှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်အဆို တင်သွင်းခဲ့ပြီး ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်က ပယ်ဖျက်ရန်အဆိုတင်သွင်းထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဒေါက်တာဒေါ်အေဇင်လတ်ရဲ့ အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး

စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနှင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ပေါင်း ၃၂၂ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၆၇ မဲ၊ ကြားနေဆန္ဒမဲမရှိပါ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၇ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဌ)သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသစ်ဖြည့်စွက်တဲ့ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဌ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မက အခု ပုဒ်မ ၁၁ ပုဒ်မခွဲ(ဌ) ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသောအသင်းအဖွဲ့များတွင် ပါဝင်ခွင့်ဆိုတဲ့ မူလဥပဒေပါစာသား ကို ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသောအသင်းအဖွဲ့များတွင် တာဝန်ချိန်မဟုတ်လျှင် ပါဝင်ဆောင်ရွက်ခွင့် ဆိုတဲ့ စာသားနှင့် ပြင်ဆင်အစားထိုးချင်တာဖြစ်ပါတယ်ရှင်။ အခု ပြင်ဆင်လိုတဲ့ ကျွန်မရဲ့စာသားက နိုင်ငံ့ ဝန်ထမ်းဥပဒေမှာ ကျွန်မဆွေးနွေးတဲ့ နောက်ဆုံးပြင်ဆင်ချက်လည်း ဖြစ်ပါတယ်ရှင်။ အဲဒီတော့ ကျွန်မအနေနဲ့ ဒီလိုဘာလို့ပြင်ဆင်ချင်ရသလဲဆိုတော့ အကြောင်းပြချက်နှစ်ခုရှိပါတယ်ရှင့်။ ဝန်ထမ်း တွေဟာ ပါတီနိုင်ငံရေးနှင့် ကင်းရှင်းတဲ့လူမှုရေးအသင်းအဖွဲ့တွေမှာဖြစ်စေ၊ ပရဟိတအဖွဲ့အစည်းတွေ မှာဖြစ်စေ ပါဝင်ဆောင်ရွက်ခွင့်ဆိုတာ အင်မတန်မှကောင်းတဲ့ကိစ္စတစ်ခုပါရှင့်။ ဒါပေမဲ့ ကျွန်မတို့ အနေနဲ့ သတိချပ်ရမှာက ဒီလုပ်ငန်းတွေကိုဆောင်ရွက်ခြင်းကြောင့် ဝန်ထမ်းရဲ့မူလ သူ့ရဲ့တာဝန်တွေ မလစ်ဟင်းဖို့ရယ်၊ သူ့ရဲ့ဝတ္တရားတွေမပျက်ကွက်ဖို့ရာကတော့ အရေးကြီးလို့နေပါတယ်ရှင့်။ ပိုပြီးတော့ အရေးကြီးပါတယ်ရှင်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ ဒီနေ့ခေတ် ဒီအချိန်အခါမှာ ပြည်သူလူထုတွေ ကနေပြီးတော့မှ ဝန်ထမ်းတွေကို အားမလိုအားမရဖြစ်ရတာတွေ၊ ဝန်ထမ်းတွေရဲ့တာဝန်ထမ်းဆောင် မှုကို မကျေလည်နိုင်တဲ့အကြောင်းတရားအများစုကို ဆန်းစစ်ကြည့်လိုက်ရင် ဝန်ထမ်းဟာ မူလက သူ့ရဲ့တာဝန်ကို မကျေပွန်နိုင်ခြင်းကြောင့်မို့လို့ ဖြစ်နေရတာတွေက များပါတယ်ရှင့်။ ဒီဝန်ထမ်းတွေဟာ

ဒီလိုလူမှုအဖွဲ့အစည်းတွေမှာ ဒီဝန်ထမ်းတွေမပါလို့ဆိုပြီးတော့ ပြည်သူလူထုက မကျေမလည်ဖြစ်ရတဲ့ ကိစ္စအကြောင်းအရာမျိုးဟာ တစ်ခါမှမရှိခဲ့ဖူးပါဘူးရှင်။ အဲဒါကတော့ ကျွန်မရဲ့ ပြင်ဆင်လိုတဲ့ အကြောင်းပြချက် ပထမအချက်ဖြစ်ပါ တယ်ရှင်။

ဒုတိယအကြောင်းပြချက်အနေနဲ့ကတော့ အရေးကြီးပါတယ်ရှင်။ အဲဒါကတော့ ကျွန်မအနေနဲ့ ကျွန်မတို့နိုင်ငံရဲ့ဝန်ထမ်းတွေကို ကာကွယ်လိုတဲ့စိတ်နဲ့ ဒါကို ပြင်ဆင်ရခြင်းဖြစ်ပါတယ်ရှင့်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့အနေနဲ့ ပြီးခဲ့တဲ့ကာလတွေကို ကျွန်မတို့ ပြန်မပြောပါဘူး။ ဒါပေမဲ့ ဒီကာလကစလို့ ဒီအစိုးရအဆက်ဆက်ကနေပြီးတော့မှ ရှေ့ဘယ်အစိုးရအဆက်ဆက်မှာပဲဖြစ်ဖြစ် ကျွန်မတို့ဝန်ထမ်းတွေရဲ့လုပ်အားကိုဖြစ်စေ၊ ဝန်ထမ်းတွေရဲ့အချိန်ကိုဖြစ်စေ နိုင်ငံရဲ့အကျိုးငှာ အသုံးချခံရခြင်းမှ ကင်းဝေးစေလိုပါတယ်ရှင်။ နိုင်ငံရေးပါတီတစ်ခုခုကို ကျောထောက်နောက်ခံပြုထားတဲ့ လူမှုအဖွဲ့အစည်းတွေကနေဖြစ်စေ၊ ပရဟိတအဖွဲ့အစည်းတွေကနေဖြစ်စေ ဝန်ထမ်းတွေကို တာဝန်ချိန်မှာ ခိုင်းယူခေါ်ဆိုခြင်းခံရတာတွေဟာ ကျွန်မတို့ရဲ့နိုင်ငံမှာ ဖြစ်ပျက်ခဲ့တာတွေရှိပါတယ်ရှင်။ အဲဒီတော့ နောင်လာမယ့်နှစ်တွေမှာ ကျွန်မတို့ရဲ့ဝန်ထမ်းတွေကို သူ့ရဲ့မူလတာဝန်ထမ်းဆောင်နေတဲ့အချိန်မှာ ဒီလို ကျွန်မတို့ အာဏာရှိသူများအသိုင်းအဝိုင်းကပဲဖြစ်ဖြစ် ဝန်ထမ်းတွေကို လူမှုရေးကိစ္စများကို ခေါင်းစဉ်တပ်ပြီးတော့ တာဝန်ချိန်မှာ ခေါ်ယူတာမျိုး၊ ခိုင်းစေတာမျိုးမဖြစ်ရလေအောင် ကျွန်မတို့ပြည်သူလူထုအတွက် သူ တာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းတွေရဲ့အချိန်ကို ဖဲ့ပေးရတာမျိုးမဖြစ်အောင်၊ ပြည်သူကို တာဝန်မကျေပွန်နိုင်မျိုးတွေမဖြစ်အောင် ကာကွယ်လိုတဲ့အနေနဲ့ ကျွန်မက ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသောအသင်းအဖွဲ့များတွင် တာဝန်ချိန်မဟုတ်လျှင် ပါဝင်ဆောင်ရွက်ခွင့်ဆိုတဲ့စာသားနှင့် ပြင်ဆင်အစားထိုးလဲလှယ်လိုတာ ဖြစ်ပါတယ်ရှင်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လွှတ်တော်ကို အဆိုပြုပြင်ဆင်နိုင်ရန် တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးပါရှင်။

**ဥက္ကဋ္ဌ**။ ။ အသစ်ဖြည့်စွက်တဲ့ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဃ)နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမှာ အငြင်းပွားကြတဲ့ဥစ္စာတော့ ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသော အသင်းအဖွဲ့များတွင် ပါဝင်ခွင့်ဆိုပြီးတော့ ကျွန်တော်တို့ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဃ)မှာ ပြထားပါတယ်။ ဒီဘက်မှာ ဒေါက်တာ ဒေါ်အေဇင်လတ်ပြင်ဆင်ချင်တာကတော့ ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသော

အသင်းအဖွဲ့များတွင် တာဝန်ချိန်မဟုတ်လျှင် ပါဝင်ဆောင်ရွက်ခွင့်လို့ ဒီလိုဆိုပါတယ်။ ကျွန်တော်တို့ ဒီလိုပြောရမှာပါ။ တာဝန်ဆိုတာဘာလဲ။ နောက်တစ်ခါ ကျွန်တော်တို့ နိုင်ငံရေးပါတီကင်းရှင်းသော အသင်းအဖွဲ့ဆိုတာလည်း ကျွန်တော်တို့က ဘာလဲ။ ဥပမာပြောမယ်ဆိုလို့ရှိရင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဆိုပါတော့ ဒါ ကျွန်တော်တို့ ပြောမယ်ဆိုလို့ရှိရင် ဒါကတော့ ပါတီနိုင်ငံရေးကင်းရှင်းတဲ့အဖွဲ့အစည်းတစ်ခုပါ။ နောက်တစ်ခါ အစိုးရကနေ ကမကထဖွဲ့ထားတဲ့ အဖွဲ့တစ်ခုပါ။ ထို့အတူပဲ ကျွန်တော်တို့ နောက်ထပ် ဥပမာတစ်ခုပြောရမယ်ဆိုလို့ရှိရင်တော့ မြို့နယ်ဖွံ့ဖြိုးရေးပေါ့လေ။ မြို့နယ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေတဲ့အသင်းအဖွဲ့တွေရှိပါတယ်။ အဲဒီအသင်းအဖွဲ့တွေကလည်း ပါတီနိုင်ငံရေးကင်းရှင်းပြီး ဖွဲ့ထားတဲ့အဖွဲ့တွေပါ။ ဒီအဖွဲ့တွေကို ကျွန်တော်တို့ကနေပြီးတော့ လိုအပ်လို့ခေါ်လိုက်လို့ရှိရင် ဒီဝန်ထမ်းဟာ အဲဒီအသင်းအဖွဲ့တွေကိုသွားပြီးတော့ တာဝန်ထမ်းဆောင်ရမှာပါ။ အဲဒါက သူ့ရဲ့တာဝန်ပါပဲခင်ဗျ။ အဲဒီတော့ ကျွန်တော်တို့က အဲဒီလိုမှ တာဝန်မထမ်းဆောင်ကဘူးလို့ ကျွန်တော်တို့ ပြောလို့ရှိရင် ကျွန်တော်တို့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နေတဲ့အချိန်မှာ ဒီအချက်ကို ကျွန်တော်တို့က တာဝန်ချိန်မှအပလို့ ဒီဝန်ထမ်းတွေကို ဘယ်အချိန်မှ ကျွန်တော်တို့က သုံးလို့ရမှာလဲ။ ညနေ ၄ နာရီကျော်မှ၊ သူ့စိတ်ဆန္ဒရှိမှ ကျွန်တော်တို့ သုံးလို့ရမှာလား။ အဲဒီလိုဆိုရင် နိုင်ငံတော်ဟာ အများကြီးနစ်နာဖွယ်ရာရှိပါတယ်။ နောက်တစ်ခါ ဒီတိုင်းပြည်ရဲ့ တည်ဆောက်နေတဲ့အချိန်မှာလည်း ဝန်ထမ်းများဟာ တစ်တပ်တစ်အားပါဝင်ဖို့ လိုပါတယ်လို့ တင်ပြရင်း ကျွန်တော် မူလပြင်ဆင်ချက်အတိုင်း ပြည်သူ့လွှတ်တော်က အတည်ပြုပေးဖို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးပါ။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့သဘောထားပြောပါ။

**ဒေါက်တာဝင်းသိန်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝင်အဖွဲ့)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဌ)နှင့်ပတ်သက်၍ ယနေ့အချိန်အခါတွင် ဝန်ထမ်းများဟာ လူမှုရေးအဖွဲ့အစည်းများဖြစ်တဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ စတဲ့ လူမှုရေးအဖွဲ့အစည်းများမှာ အစည်းအဝေးများတက်ရောက်ခြင်း၊ အာဟာရလှူဒါန်းခြင်းတို့ကို တာဝန်အဖြစ် ဆောင်ရွက်ခွင့်ပြုထားပါတယ်။ သို့ဖြစ်သောကြောင့် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသောအသင်းအဖွဲ့များတွင် တာဝန်ချိန်မဟုတ်လျှင် ပါဝင်ဆောင်ရွက်ခွင့် ဟူသည့်စကားရပ်ဖြင့် အဆိုပါပုဒ်မခွဲကို ပြင်ဆင်ရန်မသင့်ဘဲ ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသော အသင်းအဖွဲ့များတွင် ပါဝင်ခွင့်ဟူသည့် မူလပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိသင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်အား သဘောတူပါကြောင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်အား နာခံဆောင်ရွက်မည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အသစ်ဖြည့်စွက်တဲ့ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဌ)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန် တင်ပြခဲ့ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ကလည်း သဘောတူခဲ့ပါတယ်။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ်က ပြင်ဆင်ချက်အဆိုတင်သွင်းထားပါတယ်။ ဒါကြောင့် မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဒေါက်တာဒေါ်အေဇင်လတ်ရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခု ဆွေးနွေးတဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ မဲခွဲဆုံးဖြတ် သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၃၃၀ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၅၅ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၄ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အသစ်ဖြည့်စွက်တဲ့ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဌ) သည် ဥပဒေကြမ်းကော်မတီ၏အဆိုပြုချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသစ်ဖြည့်စွက်တဲ့ အခန်း(၅) ခေါင်းစဉ်နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်ကို ဖိတ်ခေါ်ပါတယ်။

**ဦးဖြိုးဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ဖြန့်ချိထားတဲ့ ဇယားပါ စာမျက်နှာ ၅ အမှတ်စဉ် ၁၂ အခန်း(၅) မူလဥပဒေရဲ့ အခန်း(၅) ခေါင်းစဉ်မှာ ပံ့ပိုးမှုဆိုတဲ့ စကားရပ်ကလေး ဖြည့်ဆည်းထားတာဖြစ်ပါတယ်။ ဒါကို ဘာလို့ ကျွန်တော့်အနေနဲ့ ထည့်သွင်းရသလဲဆိုတော့ အစိုးရတစ်ရပ်ရဲ့ လုပ်ငန်းတွေကို အမှန်တကယ်အကောင်အထည်ဖော်တာက အောက်ခြေကဝန်ထမ်းတွေဖြစ်ပါတယ်။ အောက်ခြေက

ဝန်ထမ်းတွေကို ကျွန်တော်တို့က လုံလောက်တဲ့ပံ့ပိုးမှုတွေမပေးနိုင်ဘူးဆိုရင် ဘယ်အစိုးရပဲတက်လာသည်ဖြစ်နေပါစေ အဲဒီအစိုးရရဲ့ချမှတ်သမျှ မူဝါဒတွေက အောက်ခြေမှာ လက်တွေ့အကောင်အထည်ဖော်လာမှာမဟုတ်ပါဘူး။ ကျွန်တော်တို့က လစာတွေ၊ ထောက်ပံ့ကြေးတွေ၊ ခရီးစရိတ်တွေ၊ အခြားစရိတ်တွေဆိုတဲ့ အခန်းမှာပါနေတဲ့အတွက်ကြောင့်မို့လို့ ပံ့ပိုးမှုဆိုတဲ့စကားကို ငွေကြေးလေးတစ်ခုတည်းနဲ့တင်ပဲ မသတ်မှတ်စေချင်ပါဘူး။ ကျွန်တော်တို့ ဆိုလိုချင်တဲ့ ပံ့ပိုးမှုဆိုတာ အခြားအခြားသောပံ့ပိုးမှုတွေလည်း ပါကောင်းပါပါလိမ့်မယ်။ ဥပမာအားဖြင့် ကျွန်တော် ဥပမာလေး သုံးခုကိုပြောပြချင်ပါတယ်။ ဥပမာ- နိုင်ငံတော်အစိုးရ ရက်(၁၀၀)စီမံချက်အနေနဲ့ ဆိုပြီးသွားတော့သစ္စာစီမံကိန်း လုပ်ကိုင်ဆောင်ရွက်ပါတယ်။ မှတ်ပုံတင်ရရှိဖို့အတွက်။ ဒါပေမဲ့ လ.ဝ.က ကကျတော့ရွာတွေကိုမဆင်းပါဘူး။ သူ့ရဲ့မြို့နယ်ရုံးမှာ ထိုင်ပြီးတော့ပဲ အလုပ်လုပ်တယ်။ သစ္စာစီမံကိန်းရှိတယ်။ လာလုပ်ကြ။ အဲဒီတော့ အစိုးရရဲ့ ရက်(၁၀၀)စီမံကိန်းက တကယ်ရွာအထိကိုမရောက်ပါဘူး။ ဘာဖြစ်လို့မရောက်ရတာလဲ။ ပံ့ပိုးမှုမပေးနိုင်လို့ပါ။ ထိုနည်းတူစွာပဲ ရွာမှာမြေကိစ္စတွေနဲ့ပတ်သက်ပြီးတော့ အငြင်းပွားတယ်။ မြေစာရင်းကို လာပြီးတော့တိုင်းပါဆိုပြီးတော့ အကြိမ်ကြိမ်ခေါ်တယ်။ မလာနိုင်ပါဘူး။ ကျွန်တော်တို့ မလာနိုင်တာ တွေပဲ ပြောနေလို့မရပါဘူးခင်ဗျား။ သူလာနိုင်ဖို့အတွက်ပံ့ပိုးပေးဖို့လည်း လိုပါတယ်။ ထိုနည်းတူစွာပဲ ဝန်ထမ်းတွေကို ကျွန်တော်တို့က အလုပ်တာဝန်နဲ့တစ်နေရာကနေ တစ်နေရာကို အခြားမြို့တစ်ခုခုကို ကျွန်တော်တို့က လွှတ်ရတယ်။ သွားရတယ်။ သွားခိုင်းရတယ်။ အဲဒီလိုမျိုးသွားခိုင်းတဲ့နေရာမှာ အမှန်တကယ်ကုန်ကျတဲ့ခရီးစရိတ်ဆိုတဲ့ကိစ္စရပ်မှာတော့ ရထားသော်လည်းကောင်း၊ ကားသော်လည်းကောင်း စီးတယ်ဆိုရင် လက်မှတ်လေးပြနိုင်တော့အဲဒီဟာကိုတော့ ခရီးစရိတ်ပြန်ထုတ်လို့ရတယ်။ ဒါပေမဲ့လည်း သူ့အိမ်ကနေပြီးသွားတော့ ကားဂိတ်ကိုသွားတဲ့စရိတ်တွေ၊ အဲဒီကားဂိတ်ကနေပြီး သွားတော့မှ သူတည်းခိုမယ့်နေရာကိုသွားမယ့်စရိတ်တွေဒါတွေကိုကျတော့ တင်ပြတောင်းခံပိုင်ခွင့် မရှိတော့ဘူး။ အဲဒီလိုမျိုးဖြစ်လာတဲ့အချိန်မှာ ဝန်ထမ်းတွေကအလုပ်တာဝန်တွေကို တာဝန်ကျေအောင် ထမ်းဆောင်ချင်ပါသော်ငြားလည်း နောက်တွန့်မှုတွေဖြစ်လာပါတယ်။ အဲဒီလိုနောက်တွန့်မှုတွေဖြစ်လာခြင်းဟာ အစိုးရတစ်ရပ်ရဲ့ စီမံကိန်းတွေ အကောင်အထည်ဖော်တဲ့နေရာမှာ အဟန့်အတားဖြစ်စေတဲ့အတွက်ကြောင့်မို့လို့ ဒီပံ့ပိုးမှုဆိုတဲ့စကားရပ်ကို ထည့်သွင်းရခြင်းဖြစ်ပါတယ်။ ပံ့ပိုးမှုဆိုတဲ့နေရာမှာ ကျွန်တော် အခုနက တင်ပြခဲ့တဲ့အချက်သုံးချက်၊ ဥပမာသုံးခုကိုပဲပြောရမယ်ဆိုရင် ငွေကြေးပံ့ပိုးမှုမဟုတ်ပါဘူး။ ရုံးမှာရှိနေတဲ့ ရုံးကား၊ ရုံးဆိုင်ကယ်လေးနဲ့ပို့လိုက်မယ်ဆိုရင်တောင်မှ ဖြစ်နိုင်တဲ့ကိစ္စပါ။ အဲဒီအတွက်ကြောင့်မို့လို့ ကျွန်တော်က ငွေကိစ္စလေး

တစ်ခုတည်းနဲ့ ငွေကြေးကိစ္စတစ်ခုတည်းနဲ့မဟုတ်ဘဲနဲ့ အခြားသောပံ့ပိုးမှုတွေကိုလည်း ဝန်ထမ်းတွေကို ပံ့ပိုးပေးနိုင်ဖို့အတွက် လစာ၊ ထောက်ပံ့ကြေး၊ ပံ့ပိုးမှု၊ ခရီးစရိတ်နှင့် အခြားစရိတ်များဆိုပြီးတော့ ပြင်ဆင်ချက်တင်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အသစ်ဖြည့်စွက်တဲ့ အခန်း(၅) ခေါင်းစဉ်နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ အခန်း(၅) ခေါင်းစဉ်ပေါ့လေ။ အခန်း(၅)ခေါင်းစဉ်က လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်များပါ။ ဒီခေါင်းစဉ်က ကျွန်တော်တို့ အခန်း(၅)အောက်မှာ ပါတဲ့ ဖော်ပြထားတဲ့ဥစ္စာတွေနဲ့ ကျွန်တော်တို့က ဆက်နွယ်မှုရှိရမှာပါ။ ဆက်နွယ်မှုရှိမှသာလျှင် ကျွန်တော်တို့က ဒီခေါင်းစဉ်မှာ တင်ပြီးဖော်ပြလို့ရပါတယ်။ ဒီအောက်မှာ ပံ့ပိုးမှုပါပါတယ်လို့ ဖော်ပြထားပြီးပြီဆိုလို့ရှိရင်တော့ ဒီခေါင်းစဉ်မှာ ပံ့ပိုးမှုကိုထည့်ပေးပါလို့ တောင်းဆိုတာဟာ ဆီလျော်ပါတယ်။ ဒါပေမဲ့ အောက်မှာ ပံ့ပိုးမှုမပါဘဲနဲ့ ဒီခေါင်းစဉ်မှာ ပံ့ပိုးမှုထည့်ပေးပါလို့ ကျွန်တော်တို့ တောင်းဆိုတယ်ဆိုလို့ရှိရင်တော့ ဆီလျော်မှုရှိမှာမဟုတ်ပါဘူး။ ဒါကြောင့် ခေါင်းစဉ်မှာ အခန်း(၅)မှာ ပံ့ပိုးမှုပါပါတယ်လို့ တင်ပြထားခြင်းမရှိတဲ့အတွက်ကြောင့် မူရင်းအတိုင်းပဲထားဖို့ ပြည်သူ့လွှတ်တော်ကနေပြီးတော့လည်း ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ တင်ပြထားချက်ကို အတည်ပြုပေးဖို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့သဘောထားပြောပါ။

**ဒေါက်တာဝင်းသိန်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝင်အဖွဲ့)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော် (ခေါ်) ဇေယျာသော်မှ အခန်း(၅) ခေါင်းစဉ်ပါ လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်များ စကားရပ်အစား လစာ၊ ထောက်ပံ့ကြေး၊ ပံ့ပိုးမှု၊ ခရီးစရိတ်နှင့် အခြားစရိတ်များ စကားရပ်ဖြင့် ပံ့ပိုးမှု စကားရပ်အား အသစ်ဖြည့်စွက်ရန် ဆွေးနွေးအကြံပြုခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပံ့ပိုးမှုဆိုသောစကားရပ်မှာ အဓိပ္ပာယ်ကျယ်ပြန့်၍ ရှုပ်ထွေးမှုများဖြစ်ပေါ်လာနိုင်သည့်အပြင် ဝန်ထမ်းများမှ ရပိုင်ခွင့်တစ်ရပ်အနေဖြင့် တောင်းဆိုလာပါက နိုင်ငံတော်ဘဏ္ဍာငွေ အများအပြားသုံးစွဲရမည့် အခြေအနေရှိလာနိုင်ပါသဖြင့် လည်းကောင်း ဤစကားဖြည့်စွက်ရန်မသင့်ဘဲ မူလအတိုင်းသာ ထားရှိသင့်ပါကြောင်း ရှင်းလင်းတင်ပြ

အပ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်အား သဘောတူပါကြောင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်အား နာခံဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အသစ်ဖြည့်စွက်တဲ့ အခန်း(၅) ခေါင်းစဉ်နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက မူလပြဋ္ဌာန်းချက် အတိုင်းထားရှိရန် တင်ပြခဲ့ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ကလည်း သဘောတူခဲ့ပါတယ်။ ဇမ္ဗူသီရိ မဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်က ပြင်ဆင်ချက်အဆိုတင်သွင်းထားပါတယ်။ ဒါကြောင့် မူလ ပြဋ္ဌာန်းချက်အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်က အတည်ဖြစ်ပါ မယ်။ ကန့်ကွက်မဲများလျှင် ဦးဖြိုးဇေယျာသော်ရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခု ဆွေးနွေးတဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံ ဆန္ဒမဲပေါင်း ၃၅၈ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၆ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၃ မဲဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အသစ်ဖြည့်စွက်တဲ့ အခန်း(၅)ခေါင်းစဉ် သည် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၂ နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် ကိုဖိတ်ခေါ်ပါ တယ်။

**ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ စာမျက်နှာ ၅၊ အမှတ်စဉ် ၁၃ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ခုလေးတင်ပြလိုတာက တော့ ဥပဒေကို ကျွန်တော်တို့ဆွေးနွေးတဲ့နေရာမှာ အောက်ကအပိုဒ်ကိုလည်း ကျွန်တော်က ပံ့ပိုးမှု ဆိုတာကို ပြင်ထားပြီးသားပါ။ ဒါပေမဲ့လည်း ကျွန်တော်တို့က တစ်ပိုဒ်ချင်းစီ ဆွေးနွေးရတာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ခေါင်းစဉ်ကနေ စဆွေးနွေးတော့ အောက်မှာမပါသလို ဖြစ်နေတာပါ။ အောက်မှာ

တော့ ကျွန်တော်ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်မှာတော့ ပံ့ပိုးမှုဆိုတာကိုတော့ ထပ်ပြီးတော့ ထည့်ထားပြီးသားဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆုံးဖြတ်ပြီးသားကို ပြန်မဆွေးနွေးပါနဲ့။

**ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။ ကျွန်တော်ရဲ့ပြင်ဆင်ချက်ကတော့ စာမျက်နှာ ၆ မှာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် အဲဒီမှာ စကားစုလေး သုံးခု ထည့်သွင်းထားပါတယ်။ အဲဒါက ဘာလဲဆိုတော့ ရာထူးအဆင့်အတန်းနှင့် ဆိုတဲ့စကားစုရယ်၊ ပံ့ပိုးမှု ဆိုတဲ့စကားစုနှင့် အောက်ဆုံးမှာပါတဲ့ တူညီစွာ ဆိုတဲ့စကားစုပါ။ ကျန်တာတွေအကုန်လုံးကတော့ မူရင်းဥပဒေတွေထဲမှာ ပါထားပြီးသားဖြစ်ပါတယ်ခင်ဗျား။ ဒီနေရာမှာ ကျွန်တော်က ဝန်ထမ်းသည် တူညီသော ရာထူးအဆင့်အတန်းနှင့် အလုပ်အတွက် တူညီသည့်လစာ ထောက်ပံ့ကြေး၊ ပံ့ပိုးမှု၊ ခရီးစရိတ်နှင့် အခြားစရိတ်များကို အခြားသက်ဆိုင်ရာနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တူညီစွာ ခံစားခွင့်ရှိသည်လို့ ပြင်ဆင်ချက်တင်သွင်းထားတာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့တွေက ပြည်သူ့ဝန်ထမ်းတွေကို တာဝန်တွေပေးမယ်။ လုပ်ပိုင်ခွင့်တွေပေးမယ်။ ပြည်သူ့ဝန်ထမ်းတွေဆီက အကောင်းဆုံးသောဝန်ဆောင်မှုတွေကို ကျွန်တော်တို့ရယူချင်တယ်ဆိုရင် ကျွန်တော်တို့ပြဋ္ဌာန်းတဲ့ဥပဒေကလည်း မျှတတဲ့ဥပဒေဖြစ်ဖို့ လိုတယ်လို့ ယူဆပါတယ်။ ရာထူးအဆင့်အတန်းတူညီတဲ့ဝန်ထမ်းတွေသည် တူညီတဲ့ခံစားခွင့်တွေရရှိရပါလိမ့်မယ်။ အဲဒီလိုမျိုး ရာထူးအဆင့်အတန်းချင်းတူပါလျက်နှင့် တူညီတဲ့ခံစားခွင့်တွေ မရရှိတဲ့အတွက်ကြောင့်မို့လို့ ဌာနအတွင်းထဲမှာ ဆရာမွေး၊ တပည့်မွေးကိစ္စရပ်တွေ၊ လာဘ်ပေးလာဘ်ယူကိစ္စရပ်တွေ ဒါတွေက အဓိကဖြစ်ပေါ်လာစေနိုင်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ကျွန်တော်တို့က တူညီတဲ့ရာထူးအဆင့်အတန်းနဲ့ အလုပ်အတွက် တူညီတဲ့လစာ၊ ထောက်ပံ့ကြေး၊ ပံ့ပိုးမှု၊ ခရီးစရိတ်နှင့် အခြားစရိတ်တွေကို တူညီစွာခံစားခွင့်ရရှိစေဖို့အတွက် ဒီပြင်ဆင်ချက်ကို တင်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အသစ်ဖြည့်စွက်တဲ့ ပုဒ်မ ၁၂ နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေရာမှာ ကျွန်တော် တင်ပြ

ချင်တာကတော့ မူလဥပဒေပုဒ်မ ၁၂ မှာ ဝန်ထမ်းသည် တူညီသောအလုပ်အတွက် တူညီသည့်လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်များကို သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ခံစားခွင့်ရှိသည်လို့ ဖြစ်ပါတယ်။ တစ်ဖက်က ဒီဇမ္ဗူသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော် ပြင်ဆင်လိုတဲ့အချက်ကတော့ ဝန်ထမ်းသည် တူညီသော ရာထူးအဆင့်အတန်းနှင့် အလုပ်အတွက် တူညီသည့်လစာ၊ ထောက်ပံ့ကြေး၊ ပံ့ပိုးမှု၊ ခရီးစရိတ်နှင့် အခြားစရိတ်များကို သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တူညီစွာခံစားခွင့်ရှိသည်လို့ ဒီလိုဖြစ်ပါတယ်ခင်ဗျား။ ယေဘုယျကြည့်လို့ရှိရင် ရာထူးအဆင့်အတန်း၊ ပံ့ပိုးမှု၊ တူညီစွာဆိုတဲ့စကားလုံးသုံးလုံးပဲ ပိုလာတယ်လို့ ဒီလိုဆိုပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တင်ပြချင်တာက ဒီကျွန်တော်တို့နိုင်ငံမှာ အစိုးရဌာနပေါင်းများစွာရှိပါတယ်။ ဒီအစိုးရဌာနပေါင်းများစွာမှာ တစ်ခုနှင့်တစ်ခုဟာ ကျွန်တော်တို့ပေးတဲ့ Feasibility ပေါ့လေ။ ကျွန်တော်တို့က မတူပါဘူးခင်ဗျား။ ဥပမာ-အထွေထွေအုပ်ချုပ်ရေးပေါ့လေ ဦးစီးဌာနကို ကျွန်တော်ကြည့်မယ်ဆိုရင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးဟာ မော်တော်ကားရပါတယ်။ ဘာဖြစ်လို့မော်တော်ကားရပါသလဲလို့ပြောလို့ရှိရင် ဒါဟာ သူ့ကိုအထူးအခွင့်အရေးအနေနဲ့ ပေးတာမဟုတ်ပါဘူး။ သူဟာ မြို့နယ်ထဲကိုဆင်းပြီးကြည့်ရမယ်။ သွားဖို့လာဖို့ လွယ်ကူစေရန်အတွက် လိုအပ်လို့ Feasibility အနေနဲ့ ကျွန်တော်တို့ကပေးရတာပါ။ ဒီလိုပေးရတဲ့အတွက်ကြောင့် သူ့မှာတော့ ဦးစီးမှူးဖြစ်တယ်။ မြို့နယ်ဦးစီးမှူးဖြစ်တယ်။ မော်တော်ကားရပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ဒီမြို့နယ်မှာရှိတဲ့ မြို့နယ်ပညာရေးမှူးပေါ့လေ။ မြို့နယ်ပညာရေးမှူးမှာကတော့ ကျွန်တော်တို့ မော်တော်ကားမရပါဘူး။ ဘာဖြစ်လို့ မော်တော်ကားမရလဲဆိုလို့ရှိရင် မြို့နယ်ပညာရေးမှူးဟာ မြို့နယ်ပညာရေးမှူးရုံးမှာပဲ သူအဓိကထားပြီး တာဝန်ထမ်းဆောင်ရမှာပါ။ သူဟာ ခရီးထွက်ဖို့ လိုကောင်းလိုမှာဖြစ်သော်လည်း ရံဖန်ရံခါသာဖြစ်ပါတယ်။ အမြဲထွက်နေစရာမလိုပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီနိုင်ငံတော်အစိုးရက ဒီမြို့နယ်ပညာရေးမှူးတွေကို ကျွန်တော်တို့ ဒီမော်တော်ယာဉ်ဆိုတဲ့ ဥစ္စာကို မပေးပါဘူး။ ကျွန်တော်ပြောတာ။ အဲဒီတော့ ကျွန်တော်တို့က တူညီသော ရာထူးအဆင့်အတန်းအတွက် တူညီစွာ ကျွန်တော်တို့က ပေးရမယ်လို့ပြောရင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးကို မော်တော်ကားပေးသလို ကျွန်တော်တို့က ဒီဘက်ကရှိနေတဲ့ ဒီမြို့နယ်ပညာရေးမှူးကိုလည်း ကျွန်တော်တို့ ဒါပေးရမယ်။ ထို့အတူပဲ တရားရုံးမှာကြည့်မယ်ဆိုရင် မြို့နယ်တရားသူကြီးလည်း မော်တော်ကားရတာမဟုတ်ပါဘူး။ ဒါပေမဲ့ မြို့နယ်ကိုသူကလည်း ထိန်းရတဲ့အတွက်ကြောင့် သူလည်းမော်တော်ကားရပါလို့တယ်လို့ မော်တော်ကားပေးရမယ်လို့ရှိရင်

ဒီဥစ္စာဟာ မဖြစ်နိုင်ပါဘူး။ လက်တွေ့မှာလည်း မဖြစ်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ မူလပြဋ္ဌာန်းချက်အတိုင်းပဲ ပြဋ္ဌာန်းပေးပါလို့ လွှတ်တော်ကို တင်ပြရင်းနဲ့ဥက္ကဋ္ဌကြီးကနေတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့သဘောထားပြောပါ။

**ဒေါက်တာဝင်းသိန်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်(ခ) ဇေယျာသော်မှ ပုဒ်မ ၁၂ ပါ ဝန်ထမ်းသည် တူညီသောအလုပ်အတွက် တူညီသည့်လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့်အခြားစရိတ်များကို သက်ဆိုင်ရာနည်းဥပဒေ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိသည့်စကားရပ် အစားဝန်ထမ်းသည် တူညီသော ရာထူးအဆင့်အတန်းနှင့် အလုပ်အတွက်တူညီသည့် လစာ၊ ထောက်ပံ့ကြေး၊ ပံ့ပိုးမှု၊ ခရီးစရိတ်နှင့် အခြားစရိတ်များကို သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တူညီစွာ ခံစားခွင့်ရှိသည်ဆိုသည့် စကားရပ်အဖြစ် ဖြည့်စွက်ရန် အကြံပြုဆွေးနွေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများရဲ့ လုပ်ငန်းသဘောသဘာဝထမ်းဆောင်ရမည့်ရာထူး၊ တာဝန်၊ နေရာဒေသတို့မှာ တူညီမှုမရှိနိုင်ပါသဖြင့် ရာထူးအဆင့်အတန်းတူညီသော်လည်း တူညီသည့်ခံစားခွင့်ရှိမည်မဟုတ်သဖြင့်လည်းကောင်း၊ ခုနက ကျွန်တော်တင်ပြခဲ့တဲ့ ပံ့ပိုးမှုစကားရပ်မှာလည်း အဓိပ္ပာယ်ကျယ်ပြန့်၍ ရှုပ်ထွေးမှုများဖြစ်ပေါ်လာနိုင်သည့်အပြင် ဝန်ထမ်းများမှ ရပိုင်ခွင့်တစ်ရပ်အနေဖြင့် တောင်းဆိုလာပါက နိုင်ငံတော်ဘဏ္ဍာငွေအများအပြား သုံးစွဲရမည့်အခြေအနေရှိလာနိုင်ပါသဖြင့်လည်းကောင်း၊ ဤစကားရပ်ဖြည့်စွက်ရန်မသင့်ဘဲ မူလအတိုင်းသာထားရှိသင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်အား သဘောတူပါကြောင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်အား နာခံဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အသစ်ဖြည့်စွက်တဲ့ ပုဒ်မ ၁၂ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိရန်တင်ပြခဲ့ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ကလည်း သဘောတူခဲ့ပါတယ်။ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်က ပြင်ဆင်ချက်အဆို တင်သွင်းထားပါတယ်။ ဒါကြောင့်မူလပြဋ္ဌာန်းချက်အတိုင်း

ထားရှိရန် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီကိုထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးဖြိုးဇေယျာသော်ရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသစ်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ⊞ဌ**။ ။ ယခုဆန္ဒမဲပေးလိုပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံ ဆန္ဒမဲပေါင်း ၃၆၁ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၉ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၂ မဲဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အသစ်ဖြည့်စွက်တဲ့ ပုဒ်မ ၁၂ သည် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အတိုင်း ဤဥပဒေကြမ်းရဲ့အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၉ ပုဒ်မ(၁၇)နှင့် စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များကို လေးစားပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ(၁၇) ကို မူလပြဋ္ဌာန်းချက်အတိုင်းထားဖို့ အဆိုပြုထားတာဖြစ်ပါတယ်။ အဲဒီပုဒ်မ(၁၇)ကတော့ ဝန်ထမ်းသည် ခွင့်ကို အခွင့်အရေးတစ်ရပ်အဖြစ် တောင်းခံပိုင်ခွင့်မရှိစေရဆိုတဲ့ စာသားဖြစ်ပါတယ်။ အဲဒီစာသားရဲ့ ဆင်းသက် လာပုံကိုကြည့်လိုက်ရင် အရင်တုန်းကကျွန်တော်တို့ Fundamental Rule လို့ခေါ်တဲ့ မူလအခြေခံဥပဒေ နောက် CSR လို့ခေါ်တဲ့ ဝန်ထမ်းစည်းမျဉ်းဥပဒေတွေထဲမှာလည်း ဒီအတိုင်းပဲပါရှိလာပါတယ်။ ဒါက ကျွန်တော်က ဒီဟာကိုပြောလိုက်လို့ Conservative ဖြစ်တယ်။ အရင်အတိုင်းပဲ ရှေးရိုးစွဲလက်ခံတယ်လို့မဟုတ်ပါဘူး။ ဒီအဓိပ္ပာယ်ကကိုတစ်မျိုးဖြစ်ပါတယ်။ ဝန်ထမ်းကိုခွင့်ကို အခွင့်အရေးတစ်ရပ်အနေနဲ့ တောင်းခံပိုင်ခွင့်မရှိဆိုတာက အခွင့်အရေးတစ်ရပ်အနေနဲ့သာ တောင်းခံခွင့်မရှိ။ သာမန်အားဖြင့် တောင်းခံပိုင်ခွင့်ရှိတယ်ဆိုတဲ့ သဘောမျိုးဖြစ်ပါတယ်။ အဲဒါကို အဓိပ္ပာယ်ကောက်လွဲမှားပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်ချက်မှာ တစ်ထပ်တည်းကို ကျွန်တော့်အဆိုကိုပယ်ပြီးတော့မှ အသစ်အစားထိုးပါတယ်။ အစားထိုးတဲ့ရည်ရွယ်ချက်က

ဘာလို့အစားထိုးသလဲဆိုရင် ဒီထဲမှာ ခွင့်တောင်းခံပိုင်ခွင့်မရှိစေရဆိုတာကို တည့်တည့်ကြီးတွက်လိုက်တာ။ အဲဒီဟာက တည့်တည့်ကြီးတွက်တာမဟုတ်ပါဘူး။ ဝက်ဝုတ္တိသဘောမျိုးပါပါတယ်။ သူတို့ကတော့က တည့်တည့်ကြီးတွက်တယ်ထင်ပြီး ဝန်ထမ်းသည် ခွင့်အမျိုးအစားအလိုက် သတ်မှတ်ထားသောဥပဒေနှင့်အညီ ခွင့်ကိုတောင်းခံပိုင်ခွင့်ရှိသည်။ ခွင့်ကိုတောင်းခံပိုင်ခွင့်မရှိလို့ ကျွန်တော်တင်ပြတဲ့အပိုဒ်က ဆိုလိုတာမဟုတ်ဘူး။ သူဆိုလိုတာက ဝန်ထမ်းတွေဟာ ကျင့်ဝတ်သိက္ခာအရ ခွင့်ကိုယူချင်တိုင်းယူလို့မရဘူး။ ခွင့်ကိုနောက်ပုဒ်မတစ်ခုမှာလည်း ခွင့်ကိုယူထားပြီးသားပုဂ္ဂိုလ်ကို လိုအပ်လို့ပြန်ခေါ်ရင်လာရမယ်။ သို့မဟုတ် ယူထားတဲ့ခြောက်လတင်ဆဲမှာပဲ ငြင်းပယ်နိုင်တယ်။ ဆိုလိုတဲ့သဘောက ဝန်ထမ်းရဲ့ Right ကို Legal Right လို့အသေထားတာမဟုတ်ဘဲနဲ့ ကျွန်တော်တို့အခွင့်အလမ်းတစ်ခုအနေနဲ့ထားတာပါ။ အဲဒါကို နားလည်မှုလွဲပြီးတော့မှ ဒီဟာကိုပယ်ဖျက်ဖို့ကြိုးစားပါတယ်။ နောက်တစ်ချက်ကဘာလဲဆိုရင် ဤပုဒ်မ ၁၅ မှာ ပါပါတယ်။ ဝန်ထမ်းသည် ခွင့်အမျိုးအစားအလိုက် မူလဥပဒေပုဒ်မ ၁၅ ပါ။ သတ်မှတ်ထားသော နည်းဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက်ဖြင့် ခွင့်ခံစားနိုင်သည်။

အသစ်ဖြည့်စွက်တဲ့ အပိုဒ် ၁၇ မှာ ပြဋ္ဌာန်းပြီးသားအချက်နှင့် အပိုဒ် ၁၅ မှာပြဋ္ဌာန်းပြီးသားအချက်နှင့် အတူတူပါပဲ။ သဘောအားဖြင့် ဘာကွာလဲဆိုရင် ခွင့်ပြုချက်ဖြင့်ခံစားနိုင်သည်။ ဒီမှာတောင်းခံပိုင်ခွင့်ရှိသည်။ ဒါကပဲ အနှစ်သာရအားဖြင့် ဘာမှမကွာပါဘူး။ မကွာတာက ဒီဟာကိုဆွဲထုတ်လိုက်တာက ကျွန်တော့်ဟာကို ဖယ်ထားချင်လို့ ဆွဲထုတ်လိုက်တာပါ။ ဒါဖယ်ထားဖို့ မလိုပါဘူး။ အဓိပ္ပာယ်ကောက်ယူချက်လွဲမှားနေတာဖြစ်ပါတယ်။ အဲဒီလိုမှမဟုတ်ရင် ကျွန်တော်တို့ဝန်ထမ်းကခွင့်ယူတယ်။ ခင်ဗျားပြန်လာခဲ့လို့ခေါ်လိုက်တယ်။ မလာဘူးဗျာ။ ကျွန်တော့်မှာ Right ရှိတယ်ဆိုရင်ခေါ်လို့ရမလား။ အဲဒီအတွက်ကို အမြော်အမြင်ကြီးစွာနှင့် ရှေးရှေးကလူတွေကထားပစ်ခဲ့တာ။ ကျွန်တော့်ဟာသည် ဖွဲ့စည်းပုံနဲ့လည်းမဆိုင်ပါဘူး။ နိုင်ငံရဲ့အချက်အလက်နဲ့လည်းမဆိုင်ပါဘူး။ တကယ့်ကို ခေတ်အနေနဲ့လိုအပ်လို့ ထားထားတာဖြစ်ပါတယ်။ ဒီဟာကို ဆက်ပြီးထားထားဖို့ ကျွန်တော်ပြောလိုပါတယ်။ ကျွန်တော်အဆိုတင်ပြလိုပါတယ်။ ကျေးဇူးပါ။ ဒီလောက်ပါပဲ။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကျွန်တော်တို့ အငြင်းပွားနေတဲ့ဥစ္စာက ကျွန်တော်တို့ ပုဒ်မ ၁၇ ပါ။ ပုဒ်မ ၁၇ မှာကျွန်တော်တို့က ဒီမူလမှာကျွန်တော်တို့က ရေးသားထားတာကတော့ ဝန်ထမ်းသည်ခွင့်ကို အခွင့်အရေးတစ်ရပ်အဖြစ် တောင်းခံပိုင်ခွင့်မရှိစေရ။ နောက်တစ်ခါ ဒီဘက်မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ကျွန်တော်တို့ပြင်ဆင်လိုက်ပြီးတော့မှ ပြည်သူ့ဥပဒေကြမ်းကော်မတီကနေပြီးတော့မှ ကျွန်တော်တို့ သဘောတူထားတဲ့အချက်က ဝန်ထမ်းသည်ခွင့်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ခွင့်ကိုတောင်းခံပိုင်ခွင့်ရှိ၏။ ဒီဥစ္စာမှာကျွန်တော်တို့ပြောတဲ့အခါမှာ တစ်ဖက်က ကျွန်တော်တို့ ဒီပေါက်တောမဲဆန္ဒနယ်က ဦးအောင်ကျော်ဇံက ပြောပါတယ်။ ခွင့်ဟာ Right မဟုတ်ပါဘူးလို့ ဒီလိုပြောပါတယ်။ ကျွန်တော်ဒီဘက်မှာ ပြင်ဆင်တဲ့အပိုင်းကိုကြည့်လိုက်တဲ့အခါလည်း ဒီထဲမှာ ခွင့်ကို Right လို့ကျွန်တော်တို့ ပြောတာမပါပါဘူးခင်ဗျား။ တစ်ကယ်တကယ်ခွင့်ပေးနိုင်တဲ့သူက ကျွန်တော်တို့ ပုဒ်မ ၁၅ မှာပါတဲ့ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းကလုပ်ပိုင်ခွင့် အပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက်ဖြင့်သာ ခွင့်ခံစားနိုင်ရင် အထက်အရာရှိက ကျွန်တော်တို့ တရားဝင်ရရှိထားတဲ့ ခွင့်ပြုနိုင်တဲ့ အရာရှိရဲ့အဆုံးအဖြတ်ကသာ မူတည်တာပါ။ ဒါဖြင့်ရင် ဘာများကွာသလဲ။ ဘာများကွာလို့ ဒီလိုပြောသလဲလို့ပြောလို့ရှိရင် ကျွန်တော်တို့တင်ပြရှိစရာက ကျွန်တော်တို့ခေတ်အခြေအနေပါ။ ဒီဘက်ကစာနဲ့ ကျွန်တော်တို့နောက်ပိုင်းပြန်ပြင်လိုက်တဲ့စာမှာဆိုလို့ရှိရင် ကျွန်တော်တို့ ဘာဖြစ်သွားလဲဆိုတော့ ကျွန်တော်တို့ အချက်သုံးချက်ကွာသွားတာ တွေ့ပါတယ်။ ကွာသွားတဲ့နေရာမှာ လုပ်ပိုင်ခွင့်ကွာတာမဟုတ်ပါဘူးခင်ဗျား။ ဒီမူလဥပဒေပြဋ္ဌာန်းချက်ကိုကြည့်မယ်ဆိုရင် ခွင့်ကိုအခွင့်အရေးတစ်ရပ်နဲ့ တောင်းဆိုပိုင်ခွင့်မရှိစေရ။ ဒီလိုဆိုတဲ့ဥစ္စာက ကျွန်တော်တို့ အထက်အောက်ဆက်ဆံရေးလို ဖြစ်နေပါတယ်။ ဒီဘက်မှာတော့ ဝန်ထမ်းသည်ခွင့်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ခွင့်ကိုတောင်းခံပိုင်ခွင့်ရှိသည်လို့ ကျွန်တော်တို့ပြောတဲ့ဥစ္စာက ကျွန်တော်တို့က ဒီတစ်ပြေးညီပေါ့လေ။ တစ်ပြေးညီပိုမိုရင်းနှီးတဲ့ အထက်အောက်ပိုမိုပြီးရင်းနှီးတဲ့ပုံစံ ကျွန်တော်တို့ဆောင်ပါတယ်။ ဒုတိယအချက်ကတော့ ကျွန်တော်တို့ နင်ခွင့်တောင်းချင်တိုင်းတောင်းလို့မရဘူးလို့ ပြောနေမယ့်အစား မင်းမှာရှိတယ်ဆိုလို့ရှိရင် တင်ကြည့်လေ ကျွန်တော်က ဒီလိုပြောလိုက်တာပါ။ သဘောကတော့ တစ်ဖက်မှာပြန်ကြည့်မယ်ဆိုရင် တစ်ဖက်သားကနာခံသာတဲ့ ပြေပြစ်ခြင်းကို ဖြစ်စေပါတယ်။ နောက်ဆုံး တတိယအချက်ကတော့ ခုနကျွန်တော်ပြောသလိုပါပဲ။ ဒီဘက်က မူရင်းမှာလည်း ကျွန်တော်တို့ Right အနေနဲ့ ပေးထားတာမဟုတ်ဘူး။ အသစ်ပြင်လိုက်တဲ့နေရာမှာလည်း Right အနေနဲ့ပေးတာမဟုတ်ဘူး။

Opportunity ကိုပဲပြောတာပါလို့ ဒါတင်ပြရင်းနဲ့ ကျွန်တော်တို့ပိုမိုပြီးတော့မှ ပြေပြစ်တဲ့ ပိုမိုပြီးတော့မှ အများလက်ခံနိုင်တဲ့ ပိုမိုပြီးတော့မှ ပိုပြီးနာခံသာတဲ့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကို ပြည်သူ့လွှတ်တော်က လက်ခံပေးပါလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့သဘောထားပြောပါ။

**ဒေါက်တာဝင်းသိန်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံမှ အမျိုးသားလွှတ်တော်မှ အတည်ပြုထားသော ပုဒ်မ ၁၇ ပါ ဝန်ထမ်းသည် ခွင့်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ခွင့်ကိုတောင်းခံပိုင်ခွင့်ရှိသည် စကားရပ်သည် ပုဒ်မ ၁၅ ပါ ဝန်ထမ်းသည် ခွင့်အမျိုးအစားအလိုက် သတ်မှတ်ထားသော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက်ဖြင့် ခွင့်ခံစားနိုင်သည်ဟူသည့်ပြဋ္ဌာန်းချက်များနှင့် တူညီနေပါသဖြင့် မူလပြဋ္ဌာန်းချက်ဖြစ်သော ဝန်ထမ်းသည် ခွင့်ကိုအခွင့်အရေးတစ်ရပ်အဖြစ် တောင်းခံပိုင်ခွင့်မရှိစေရ စကားရပ်အတိုင်း ပြဋ္ဌာန်းရန်အကြံပြုဆွေးနွေးခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်ဟာ ခွင့်ပေးပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်ဖြင့် ခံစားနိုင်ခြင်းသာဖြစ်ပါတယ်။ ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်ကတော့ ခွင့်ခံစားလိုသူဝန်ထမ်းမှ တောင်းခံခြင်းဖြစ်သဖြင့် ဖြစ်စဉ်သဘာဝ မတူညီသည့်အပြင် မူလပြဋ္ဌာန်းချက်ပါစကားရပ်ဟာ ဝန်ထမ်း၏အခွင့်အရေးကို နစ်နာစေတဲ့သဘော သက်ရောက်နေပါသဖြင့် အမျိုးသားလွှတ်တော်မှ အတည်ပြုထားသည့် စကားရပ်အတိုင်း ထားရှိသင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်အား သဘောတူပါကြောင်းနှင့် ပြည်သူ့လွှတ်တော်၏အဆုံးအဖြတ်အား နာခံဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၉ ပုဒ်မ ၁၇ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူကြောင်း တင်ပြခဲ့ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ကလည်း ထောက်ခံဆွေးနွေးခဲ့ပါတယ်။ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံက မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန် အဆိုတင်သွင်းထားပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ဥပဒေကြမ်းကော်မတီရဲ့သဘောတူညီမှုကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီကို ထောက်ခံမဲများလျှင် အမျိုးသား

လွှတ်တော်ရဲ့အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးအောင်ကျော်ဇံရဲ့ အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ အခုဆွေးနွေးတဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြုတဲ့ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၂၇၁ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၁၆ မဲ၊ ကြားနေဆန္ဒမဲမရှိပါ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၉ ပုဒ်မ ၁၇ သည် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်းရဲ့အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၁ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၂၄(က)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကိုဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်သောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ယခုကျွန်တော်တို့ဆွေးနွေးနေကြ တဲ့ ပြည်သူ့ဝန်ထမ်းဥပဒေမှာ ဝန်ထမ်းများ ရာထူးအဆင့်တိုးမြှင့်ခြင်းကို ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ မှာ ပြဋ္ဌာန်း ထားပါတယ်။ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ ကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဝန်ထမ်းကို ရာထူး တိုးမြှင့်ခန့်ထားရန်အတွက် အနည်းဆုံးလိုအပ်တဲ့ ပညာအရည်အချင်း၊ ရာထူးသက်၊ လုပ်သက်၊ ဝန်ထမ်းအမျိုးအစားပေါ်မူတည်ခြင်း။ နောက် ရာထူးအလိုက်သတ်မှတ်ထားတဲ့ပညာအရည်အချင်း ကျွမ်းကျင်မှု၊ ရာထူးသက်၊ လုပ်သက်တို့ပြည့်စုံ၍ တာဝန်ကိုနိုင်နင်းစွာထမ်းနိုင်သည်ဟု ယုံကြည် ကျေနပ်မှုရှိလျှင် သတ်မှတ်ချက်များနှင့်အညီ ရာထူးတိုးမြှင့်ခြင်းကို ခံစားပိုင်ခွင့်ရှိသည်လို့ ဒီလိုပြဋ္ဌာန်း ထားပါတယ်ခင်ဗျား။ ဒါ ယေဘုယျကျွန်တော်တို့ ပြောလို့ရှိရင်တော့ ဝန်ထမ်းတိုင်း၊ ဝန်ထမ်းတိုင်း သာမန်ဝန်ထမ်းတိုင်းအတွက် ရာထူးတိုးဖို့ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အခု ဥပဒေကြမ်း ကော်မတီကနေပြီးတော့ ပုဒ်မ ၂၄(က)အဖြစ် ကျွန်တော်တို့ ဖြည့်စွက်ထားတဲ့အချက်ကို ကြည့်မယ် ဆိုလို့ရှိရင် ဝန်ထမ်းတစ်ဦးဟာ အလွန်မှပဲထူးကဲသော အရည်အသွေးရှိတယ်။ ထူးချွန်တယ်လို့ ပြောလို့ ရှိလို့ရှိရင် ဒီဝန်ထမ်းကို ရာထူးတိုးနိုင်ရန်အတွက် ပုဒ်မ ၂၄(က)လို့သတ်မှတ်ပြီးတော့ ဝန်ထမ်းသည် အရည်အချင်းနှင့်

လုပ်ငန်းစွမ်းရည် မြင့်မားမှုအပေါ်မူတည်၍ သက်ဆိုင်ရာအရည်အချင်း စစ်ဆေး ရေးအဖွဲ့၏ ထောက်ခံမှုအရ ချီးမြှင့်မြှောက်စားသည့်အနေဖြင့် ရာထူးတိုးမြှင့်ခြင်းကို ခံစားပိုင်ခွင့်ရှိ သည်လို့ ကျွန်တော်တို့က စွမ်းဆောင်ရည် Performance ပိုပြီးမြင့်တဲ့ဝန်ထမ်းကို ရာထူးပေါ့လေ။ သာမန်ရာထူးတိုးတဲ့ပုံစံမျိုးမဟုတ်ဘဲ အဲဒီလမ်းကနေခွဲထွက်ပြီးတော့ ရာထူးတိုးပေးနိုင်ပါတယ် ဆိုပြီးတော့ ကျွန်တော်တို့ ဒီထဲမှာ ထပ်ပြီးတော့ ကျွန်တော်တို့ ဖြည့်ပြီးတော့ ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီမှာ ကျွန်တော်တို့ ဆိုချင်တာကတော့ အချို့ဝန်ထမ်းများတော့ ရာထူးတိုးတယ်။ တချို့ကျတော့ မတိုးဘူး။ အရည်အချင်းကတူတူပဲ။ ဘာဖြစ်လို့လဲလို့ ဒီလိုပြောနေပြောထရှိပါတယ်။ ဒါပေမဲ့ အဲဒီအချက်ကို ကျွန်တော်တို့က ရှောင်လိုတဲ့အနေနဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကနေ ပြီးတော့မှ ရာထူးတိုးမြှင့်လိုတာမျိုးမဖြစ်စေရအောင် သက်ဆိုင်ရာအရည်အချင်းစစ်ဆေးရေးအဖွဲ့၏ ထောက်ခံမှုအရလို့ ကျွန်တော်တို့ ဖြည့်ထားပါတယ်။ သက်ဆိုင်ရာ အရည်အချင်းစစ်ဆေးရေးအဖွဲ့ ဆိုတဲ့ဥစ္စာက ကျွန်တော်တို့ ပုဒ်မ ၂၇ မှာ ပြဋ္ဌာန်းထားတာရှိပါတယ်။

အဲဒီတော့ ဒီကနေချီးမြှင့်မြှောက်စားတဲ့ဥစ္စာက နည်းဥပဒေပုဒ်မ ၂၇ မှာ ပြဋ္ဌာန်းထားတာရှိပါ တယ်။ နောက်ပြီးတော့ ဒီဝန်ထမ်းကို ကျွန်တော်တို့ ဘယ်လိုစစ်ဆေးရမလဲ။ တကယ်ပဲ ကျွမ်းကျင်တဲ့ ရာထူးပေါ့။ Performance မြှင့်တဲ့ဥစ္စာဟုတ်/မဟုတ်ဆိုပြီး ကျွန်တော်တို့က နည်းဥပဒေ ၂၈ နဲ့ စစ်ဆေးပြီးတော့မှ အဲဒီလက်တွေ့ရရှိတဲ့အချက်တွေပေါ်မှာမူတည်ပြီး ရာထူးတိုးဖို့ ပုဒ်မ ၂၄(က)ကို ထပ်မံဖြည့်စွက်ထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ရှေ့လာမယ့်ကာလတွေမှာ နိုင်ငံ့ဝန်ထမ်းများဟာ High Performance ဖြစ်တယ်လို့ပြောလို့ရှိရင် သူ့ရဲ့စွမ်းဆောင်ရည်အလိုက် လျင်မြန်စွာ ရာထူးတိုးပြီး နိုင်ငံ့အကျိုးကို ပိုမိုပြီးတော့ သယ်ပိုးနိုင်စေရန်ရည်ရွယ်ပြီး ထည့်သွင်းထား ခြင်းဖြစ်တဲ့အတွက်ကြောင့် ဒီဥပဒေကြမ်းကော်မတီရဲ့ဖြည့်စွက်ချက်ကို လွှတ်တော်က လက်ခံပါမည့် အကြောင်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၁ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၂၄(က)နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇင်လင်းကို ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးဇင်လင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံ့ဝန်ထမ်း ဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်

ပတ်သက်ပြီး အမျိုးသားလွှတ်တော်၏အတည်ပြုချက်၊ ဥပဒေကြမ်းကော်မတီ၏ အခု ပြင်ဆင်ချက် ပေါ့။ နှစ်ခုလုံးကို အသစ်ဖြည့်စွက်ချက်ကိုပယ်ဖျက်သွားဖို့ အဆိုတင်သွင်း သွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၂၄ ရဲ့နောက်မှာ ပုဒ်မ ၂၄(က)ကို အသစ်ဖြည့်စွက်ချက် အဖြစ် ဝန်ထမ်းသည် အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှုအပေါ်မူတည်ပြီး သက်ဆိုင်ရာ အရည်အချင်း စစ်ဆေးရေးအဖွဲ့၏ ထောက်ခံမှုအရ ချီးမြှင့်မြှောက်စားသည့်အနေဖြင့် ရာထူးတိုးမြှင့်ခြင်းကို ခံစားပိုင်ခွင့်ရှိသည်ဟု အမျိုးသားလွှတ်တော်မှ အသစ်ဖြည့်စွက်ပြဋ္ဌာန်းထားပါတယ်။ ပယ်ဖျက်လိုတဲ့ အကျိုးအကြောင်း ဖော်ပြချက်အနေနဲ့တင်ပြရရင် ပုဒ်မ ၂၄ သည် အခန်း(၇) ရာထူးတိုးမြှင့်ခြင်းအခန်း၊ အရည်အချင်း သတ်မှတ်ခြင်းခေါင်းစဉ်အောက်မှာ ပါရှိတာဖြစ်ပါတယ်။ ယင်းအခန်းမှာရှိတဲ့ ပုဒ်မ ၂၃ နှင့် ၂၄ ကို လေ့လာကြည့်မယ်ဆိုရင် ဝန်ထမ်းများဆိုတာ ပုံမှန် (Ordinary) ဝန်ထမ်းများ ရာထူးတိုးမြှင့်ခြင်း အတွက် ပြဋ္ဌာန်းထားတဲ့အခန်းဖြစ်ပါတယ်။ အခုဖြည့်စွက်လိုက်တဲ့ ပုဒ်မ ၂၄(က)မှာ ဝန်ထမ်းအား ချီးမြှင့်မြှောက်စားတဲ့အနေနဲ့ ရာထူးတိုးမြှင့်ပေးခြင်းဖြစ်တဲ့ ဒီပြဋ္ဌာန်းလိုက်တဲ့၊ အသစ်ဖြည့်စွက်လိုက် တဲ့ဟာက အထူးဥပဒေတစ်ရပ်ဖြစ်နေတာကို တွေ့ရှိရပါတယ်။ ဖြည့်စွက်လိုက်တဲ့ဥပဒေရဲ့ အကြောင်း အရာဟာ မူရင်းအခန်းနဲ့ကိုက်ညီမှုမရှိတာ တွေ့ရှိရပါတယ်။ နောက်ပြီးတော့ ဒုတိယအကြောင်း ပြချက်အနေနဲ့ နိုင်ငံ့ဝန်ထမ်း အခန်း(၈)ချီးမြှင့်ခြင်းအခန်းကို ညွှန်ပြလိုပါတယ်။ အဲဒီမှာ ပုဒ်မ ၃၁ မှာကြည့်မယ်ဆိုလို့ရှိရင် ပုဒ်မ ၃၁ နှင့် ပုဒ်မ ၂၄(က)တို့ ယှဉ်ပြလိုတဲ့အတွက် ကျွန်တော့်ကို Power Point လေးသုံးစွဲခွင့်ပြုပါ။

ပုဒ်မ ၃၁ ချီးမြှင့်ခြင်းအခန်းမှာ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းသည် တာဝန်ထမ်းဆောင် ရာတွင် ထူးချွန်မှုနှင့် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်သောဝန်ထမ်းအား သတ်မှတ်ထားသည့် လုပ်ထုံး လုပ်နည်းများနှင့်အညီ ရာထူးတိုးမြှင့်ပေးခြင်း၊ ကြိုတင်နှစ်တိုးလစာချီးမြှင့်ခြင်း၊ ဂုဏ်ပြုလွှာပေးအပ် ခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် အခြားနည်းဖြင့်ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်ဟုပြဋ္ဌာန်းပြီးဖြစ်ရာ ချီးမြှင့်မြှောက်စားခြင်းနှင့်ပတ်သက်၍ အထူးဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေမှာ ပြဋ္ဌာန်းပြီးဖြစ်တာကို တွေ့ရှိရပါတယ်။ ထို့အပြင် အခန်း(၄) တာဝန်နှင့်အခွင့်အရေးအခန်း၊ အခွင့်အရေးခေါင်းစဉ်အောက် မှာ ပုဒ်မ ၁၁(ဆ)တွင် ထူးချွန်မှု၊ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်မှုတို့အတွက် ချီးမြှင့်မြှောက်စားခြင်း ကို ခံစားပိုင်ခွင့်ဟူ၍ မူဝါဒပိုင်းဆိုင်ရာ ပြဋ္ဌာန်းပြီးလည်းဖြစ်ပါတယ်။ ဒီ ပုဒ်မ အသစ်ဖြည့်စွက်လိုက်တဲ့ ပုဒ်မ ၂၄(က)နှင့် ပုဒ်မ ၃၁ ကိုယှဉ်ကြည့်မယ်ဆိုလို့ရှိရင် အဲဒီမှာ ကျွန်တော် Colour နဲ့ခြယ်ပြထားတဲ့ စွမ်းဆောင်ရည်မြင့်မားမှုနှင့် ဒီဘက် ၃၁ က စွမ်းစွမ်းတမံ။ နောက်ပြီးတော့ အရည်အချင်းစစ်ဆေးတဲ့

အဖွဲ့ရဲ့ထောက်ခံချက်အရ သတ်မှတ်ထားသည့်လုပ်ထုံးလုပ်နည်းများနှင့်အညီ နောက်ပြီးတော့ ရာထူးတိုးမြှင့်ခြင်း။ ဒီဘက်မှာ အဖြူနဲ့ပြထားတဲ့ ရာထူးတိုးမြှင့်ခြင်းဆိုတဲ့ကိစ္စတွေက အကြောင်းအရာတွေ တူနေတာကို တွေ့ရှိရာမှာဖြစ်ပါတယ်။ ဒီနေရာမှာ ဥပဒေကြောင်းအရ ကွဲလွဲမှုဖြစ်နေပါတယ်။ အဲဒီတော့ ဒီဥပဒေအရကြည့်မယ်ဆိုလို့ရှိရင် ဘယ်ဥပဒေနဲ့ ဝန်ထမ်းကိုချီးမြှင့်မြှောက်စားရမလဲဆိုတာ ဥပဒေပိုင်းဆိုင်ရာ အငြင်းပွားဖွယ်ဖြစ်လာပြီးတော့ ဥပဒေတစ်ခုနှင့်တစ်ခုကလည်း ဆန့်ကျင်ဘက်အသွင်ဆောင်နေတာတွေ့ရပါတယ်။ အဲဒီတော့ ဥပမာအနေနဲ့ပြောရရင် မောင်ဖြူကို ပုဒ်မ ၂၄(က)နဲ့ ချီးမြှင့်မြှောက်စားမယ်။ မောင်နီကို ပုဒ်မ ၃၁ နဲ့ချီးမြှင့်မြှောက်စားမယ်ဆိုလို့ရှိရင် ဆရာမွေးမယ့်၊ တပည့်မွေးမယ့်ကိစ္စမျိုးတွေဖြစ်ပေါ်လာနိုင်ပြီး အဂတိလိုက်စားမှုလည်း ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ ၁၀-၈-၂၀၁၆ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်တွင် ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပကတင်သွင်းတဲ့ နိုင်ငံ့ဝန်ထမ်းအဂတိလိုက်စားမှု ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကြီးက ထောက်ခံမဲ ၃၇၀၊ ကန့်ကွက်မဲမရှိ၊ ကြားနေမဲမရှိ အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ယခုဖြည့်စွက်လိုက်တဲ့ ဥပဒေပုဒ်မ ၂၄ ကဲ့သို့ နိုင်ငံ့ဝန်ထမ်းများကို ရာထူးတိုးမြှင့်ရေးနှင့်ပတ်သက်ပြီး ချီးမြှင့်မြှောက်စားရာမှာ အဂတိလိုက်စားမှုကို အားပေးဖွယ်ရာရောက်တဲ့ဥပဒေမျိုးကို ပြဋ္ဌာန်းရန်မသင့်ဘူးလို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။ ပုဒ်မ ၂၄(က)ကို အတည်ပြုပြဋ္ဌာန်းလိုက်မယ်ဆိုရင် ဝန်ထမ်းများအကြား ရာထူးတိုးမြှင့်ပေးရာမှာ မညီမျှတွေ ဖြစ်ပေါ်လာမယ်။ နိုင်ငံ့ဝန်ထမ်းများကို ဥပဒေအရ လွဲမှားတဲ့အကျင့်စရိုက်တွေ မွေးထုတ်ပေးပြီး လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်တတ်တဲ့ ဓလေ့စရိုက်များ ပျောက်ကွယ်သွားစေနိုင်ပါတယ်။ သို့ပါ၍ လုပ်ထုံးလုပ်နည်းများဘေးရောက်ပြီး အလွယ်တကူဆောင်ရွက်တတ်တဲ့အကျင့်တွေပေါ်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရာမှာ ထိခိုက်စေနိုင်တဲ့အတွက် ဒီပုဒ်မ ၂၄ အသစ်ဖြည့်စွက်ချက်ကို ပယ်ဖျက်ပေးဖို့ လွှတ်တော်ကြီးအား အတည်ပြုပေးပါရန် လေးစားစွာတင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဒ်မ ၂၄(က)နှင့်စပ်လျဉ်းပြီး ခုနက ဥပဒေကြမ်းကော်မတီရဲ့ရှင်းလင်းချက်ကို ကျွန်တော်လွှတ်တော်ကို ရှင်းပြပါမယ်။ ဥပဒေကြမ်း

ကော်မတီရဲ့ရှင်းလင်းချက်က အခုကိုယ်စားလှယ်ကြီးတွေဆီမှာရှိတဲ့ဇယားကိုကြည့်ပါ။ စာမျက်နှာ ၇ ၂၄(က)အကုန်ကြည့်လိုက်။ ကြည့်လိုက်လို့ရှိရင် ခုနက ဝန်ထမ်းအရည်အချင်း၊ စွမ်းဆောင်ရည်ပေါ် မူတည်ပြီး ရာထူးတိုးမြှင့်တာပဲရှင်းသွားတာ။ အဲဒီရှင်းသွားတဲ့အခါမှာ အမျိုးသားလွှတ်တော်ရဲ့စာသား နဲ့ အဲဒီ ပုဒ်မ ၂၄(က)ကို ကျွန်တော်ပြောမယ်။ အမျိုးသားလွှတ်တော်ရဲ့စာသားနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ထားတဲ့စာသားနဲ့ တစ်လုံးမှမလွဲဘူး။ ဒါပေမဲ့ ရှင်းသွားတာကျတော့ ပြင်ဆင်ဖြည့်စွက်ချက်အနေနဲ့ ရှင်းသွားတယ်။ ကျွန်တော်နားလည်တာက အမှန်တကယ်ရှင်းရမှာက နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၄ ၏အောက်တွင် ဒါက အမျိုးသားလွှတ်တော်၏အတည်ပြုချက်။ ပြည်သူ့ လွှတ်တော်ရဲ့ပြင်ဆင်ချက်က နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၄ ၏နောက်တွင်။ အောက်တွင်နှင့်နောက်တွင် ဒါပဲရှင်းရမှာ။ ခုနက ရှင်းသွားတာက စကားလုံးတစ်လုံးမှမလွဲတဲ့၊ ၏၊ သည်မရွေးမလွဲတဲ့ အမျိုးသား လွှတ်တော်ရဲ့စကားလုံး၊ ပြည်သူ့လွှတ်တော်ရဲ့စကားလုံး။ အဲဒါကို ပြင်ဆင်ချက်အနေနဲ့ဖြစ်နေတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့သဘောထားကို ရှင်းရှင်းလင်းလင်းပြောပေးပါ။

**ဥက္ကဋ္ဌ**။ ။ တိုက်ကြည့်လိုက်။ ကျွန်တော်ပြောတဲ့ စကားလုံးကိုတိုက်ကြည့်လိုက်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေ့ပိုင်းက ခြေဆင်းလေးပါ။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၄ ၏ အောက်တွင် ပုဒ်မ ၂၄(က)အဖြစ် အောက်ပါအတိုင်းအသစ်ဖြည့်စွက်ရမည်ဆိုတဲ့နေရာမှာ ကျွန်တော်တို့ ပြည်သူ့ လွှတ်တော်က နောက်တွင်လို့ ကျွန်တော်တို့ ဖြည့်စွက်ထားတာရှိပါတယ်။ ဒီဖြည့်စွက်ထားတာရှိတော့ ကျွန်တော်တို့က နောက်တွင်ဆိုတဲ့ဥစ္စာက ရေးထုံးအရ ကျွန်တော်တို့ ပြင်လိုက်ရတာပါ။ ရေးထုံးအရပြင် လိုက်ရတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ သဘောထားအရဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ပုဒ်မ ၂၄(က)ရဲ့ သဘောထားအတိုင်း ဖြစ်ပါတယ်လို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပုဒ်မ ၂၄(က)ရဲ့သဘောထားအတိုင်းဖြစ်တယ်ဆိုတာက ပုဒ်မ၂၄(က)သဘောထား ကစာတစ်လုံးမှမလွဲဘူး။ အမျိုးသားလွှတ်တော်နဲ့ပြည်သူ့လွှတ်တော်နဲ့က။ အဲဒီတော့ ယူချင်တာက အောက်တွင်နဲ့နောက်တွင် ဘာယူချင်တာလဲ။ ဥပဒေရေးထုံးက ပုဒ်မ ၂၄ ၏အောက်တွင်လို့ ပြောမလား။ ပုဒ်မ ၂၄ ၏နောက်တွင်လို့ပြောမလား။ အမျိုးသားလွှတ်တော်နှင့်ပြည်သူ့လွှတ်တော် ကွဲတာ ဒါပဲကွဲတာ။ စာသားတွေ ခုနက အရည်အချင်းတွေဘာတွေ ဘာမှမကွဲဘူး။ အဲဒါကြောင့်မို့ ဘယ်ဟာကို ဆိုလိုချင်တာလဲ။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။နောက်တွင်လို့ဆိုလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့သဘောထားပြောပါ။ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ကို ကျွန်တော်ပြောပါမယ်။ ရေးထုံးအရ သေသေချာချာလေးလေးနက်နက် ပြောပေးပါ။ ဥပဒေတစ်ခုမှာ ဥပဒေရဲ့ပုဒ်မတစ်ခုရဲ့ အောက်တွင်လို့ရေးသလား။ နောက်တွင်လို့ရေးသလား။

**ဒေါက်တာဝင်းသိန်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇင်လင်းမှ အမျိုးသားလွှတ်တော်မှ အတည်ပြုထားသည့် ပုဒ်မ ၂၄ ပုဒ်မခွဲ(က)ပါ ဝန်ထမ်းသည် အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှုအပေါ် မူတည်၍ သက်ဆိုင်ရာအရည်အချင်းစစ်ဆေးရေးအဖွဲ့၏ ထောက်ခံမှုအရ ချီးမြှင့်မြှောက်စားသည့်အနေဖြင့် ရာထူးတိုးမြှင့်ခြင်းကို ခံစားပိုင်ခွင့်ရှိသည်ဟူသည့် စကားရပ်ကို ပယ်ဖျက်ရန် အကြံပြုဆွေးနွေးခဲ့ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ဆိုလျှင် အာဆီယံနိုင်ငံများနှင့်ဒေသတွင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားမှာ ကျင့်သုံးလျက်ရှိတဲ့ အရည်အချင်းနဲ့လုပ်ငန်းစွမ်းဆောင်ရည်ကို အခြေပြုပြီးတော့ ချီးမြှင့်မြှောက်စားတဲ့စနစ် Meritocracy ခေါ်ပါတယ်။ တစ်နည်းအားဖြင့်လည်း Merit Base Promotion System လို့ခေါ်ပါတယ်။ ဒီနေရာမှာ အရည်အချင်းနဲ့လုပ်ငန်းစွမ်းဆောင်ရည်ကို အခြေပြု၍ ချီးမြှင့်မြှောက်စားသည့်စနစ် Meritocracy မှာ အရည်အချင်းဆိုမှာလည်း ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုအရည်အချင်းကို Educational Qualification နဲ့ကျွမ်းကျင်မှုသူ့ရဲ့ Develop Competency အဲဒီအရည်အချင်းနှစ်ခုကို အခြေပြုပြီးတော့ ချီးမြှင့်မြှောက်စားပါတယ်။ ဒါ့အပြင် တခြား တစ်ဖက်မှာ ဒီအရည်အချင်းတွေပြည့်စုံပေးရမည့်အပြင် သူ့ရဲ့လုပ်ငန်းစွမ်းဆောင်ရည် Performance ကို အခြေပြုပြီးတော့ ချီးမြှင့်မြှောက်စားတဲ့စနစ် Meritocracy ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့မှာ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း အကောင်အထည်ဖော်ကျင့်သုံးရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဦးတည်ဆောင်ရွက်နေပြီးဖြစ်ပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ (UNDP)နဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေတဲ့ ပြည်သူ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှု မဟာဗျူဟာစီမံချက် Civil Service Reform Strategic Action Plan မှာလည်း ဖော်ပြပါ။ Meritocracy ကျင့်သုံးခြင်းစနစ်ပါဝင်ကို ရေးဆွဲဆောင်ရွက်လျက်ရှိနေပါတယ်။ ထိုကဲ့သို့ ရာထူးတိုးမြှင့်ပေးရာ၌ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူးတစ်ဦးတည်း၏

ဆန္ဒဖြင့် ဆောင်ရွက်၍ရမည်မဟုတ်ဘဲ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပုဒ်မ ၂၅ ပါ ရာထူးတိုးမြှင့်ခန့်ထားရာ၌ အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးအကဲဖြတ်မှုကို ခံယူရမည်ဟု ပြဋ္ဌာန်းချက်များအရ အရည်အချင်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရာတွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ရသဖြင့်လည်းကောင်း၊ အဆိုပါ အရည်အချင်းစစ်ဆေးရေးအဖွဲ့မှလည်း နည်းဥပဒေ ၂၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရသဖြင့်လည်းကောင်း ပယ်ဖျက်ရန်မသင့်ဘဲ ယခုပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ သဘောတူသည့် အမျိုးသားလွှတ်တော်မှ အသစ်ဖြည့်စွက်ပြင်ဆင်တင်ပြချက်အတိုင်း ထားရှိသင့်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ကို နာခံဆောင်ရွက်မည်ဖြစ်ပါကြောင်း တစ်ဆက်တည်းတင်ပြအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမေးမြန်းတဲ့ ဒီခြေဆင်းမှာ အမျိုးသားလွှတ်တော်အနေနဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၄ ၏အောက်တွင် ပုဒ်မ ၂၄ ပုဒ်မခွဲ(က)ဖြင့် အောက်ပါအတိုင်းအသစ်ဖြည့်စွက်ရမည်ဆိုတဲ့ စကားရပ်နှင့် ပြည်သူ့လွှတ်တော်၏ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၄ ၏ နောက်တွင် ပုဒ်မ ၂၄ ပုဒ်မခွဲ(က)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်ဆိုတဲ့စကားရပ်မှာ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်မှ တင်ပြထားတဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၄ ၏ အောက်တွင် ပုဒ်မ ၂၄ ပုဒ်မခွဲ(က)ဖြင့် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ရမည်ဆိုသည့်စကားရပ်ကို ပိုမိုသဘောတူ လက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်(၁၁)၊ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၂၄ ပုဒ်မခွဲ(က)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်အဆိုတင်သွင်းခဲ့ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဒီပြင်ဆင်ချက်အဆိုကို သဘောတူခဲ့ပါတယ်။ ဗိုလ်မှူးဇင်လင်းက ပယ်ဖျက်ရန်အဆိုတင်သွင်းထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဗိုလ်မှူးဇင်လင်းရဲ့ အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနှင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၂၂၉ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၅၅ မဲ၊ ကြားနေဆန္ဒမဲ ၁ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်

**မူကြမ်း**

များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၁၁ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၂၄ ပုဒ်မခွဲ(က) သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ဥပဒေကြမ်းကော်မတီအနေနဲ့ တစ်ခုပြန်လည်သုံးသပ်ပေးပါ။ ကျွန်တော်တို့ ဥပဒေတွေဟာ ပိုကောင်းသထက် ကောင်းပြီးတော့ ပိုပြီးတော့ ဥပဒေရေးထုံးနဲ့ ညီဖို့လိုတယ်။ ပြီးတော့ ခန့်ငြားထည်ဝါဖို့လည်းလိုတယ်။ အခုဟာကတော့ မဲပေးပြီးလို့ ကျွန်တော် မဲပေးပြီးတဲ့အတိုင်းပဲ။ သို့သော် မဲမပေးခင်မပြောတာက မဲပေးရမယ့်ကိုယ်စားလှယ်တွေကို ကျွန်တော့် အနေနဲ့ Hence ပေးတယ် ဖြစ်မှာစိုးလို့ မပြောဘူး။ ဒီနေရာမှာ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၄ တွင်အောက်လည်း မဟုတ်ဘူး။ နောက်လည်းမဟုတ်ဘူး။ ပုဒ်မ ၂၄ ပုဒ်မခွဲ(က)အဖြစ် ဒါဖြည့်ရမယ် ဆိုပြီးတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၄ တွင် ပုဒ်မ ၂၄ ပုဒ်မခွဲ(က)အဖြစ် ပုဒ်မ ၂၄ မှ ပုဒ်မ ၂၄ ပုဒ်မခွဲ(က)သွားမှာပဲ။ ရေးထုံးက၊ အောက်တွင်နဲ့ နောက်တွင်နဲ့။ အဲဒါ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်နဲ့ အောက်နဲ့ နောက်နဲ့။ ပြီးတဲ့အခါကျတော့ ဖြည့်တဲ့အရည်အချင်းရွေးတာကျတော့ တစ်လုံးမှမလွဲဘူး။ ဤသည်မရွေးအကုန်။ ဒီအောက်နဲ့ နောက်နဲ့ အဲဒါလေးတွေတော့ ပြန်ပြီးတော့ ဥပဒေကြမ်းကော်မတီအနေနဲ့ ပြန်ပြီးတော့ ပြန်လည်သုံးသပ်ပေးပါ။ ပြန်ပြီးတော့လည်း ကြည့်ရှုပေးပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေး ဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသား လွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုသွား မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသေးသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့

ပေးပို့လာတဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်တဲ့ ဥပဒေတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲ အတိုင်းအတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၄၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၄၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်(သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ကို ၁၄း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**